ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday, 30 October 2022 ၁၀၉၀၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

သူဌေးရေအားလျှပ်စစ်စီမံကိန်းကို သံတွဲမြို့အနီးရှိ သူဌေးချောင်းပေါ်တွင် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိ

ရခိုင်ပြည်နယ်၏ ပထမဆုံးသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံအဖြစ် ပေါ်ပေါက်လာမည်

နေပြည်တော် အောက်တိုဘာ ၂၉

ရခိုင်ပြည်နယ် သံတွဲမြို့အနီးရှိ သူဌေးချောင်းပေါ်တွင် စက်တပ်ဆင်အင်အား(၃၇)မဂ္ဂါဝပ် ဓာတ်အားပေးစက် သုံးလုံးဖြင့် စုစုပေါင်းစက်တပ်ဆင်အင်အား(၁၁၁)မဂ္ဂါဝပ်ရှိကာ တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၃၈၆ သန်းထုတ်လုပ်၍ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများသို့ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး ရည်ရွယ်၍ သူဌေးရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ သူဌေးရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ရခိုင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးသက်လွင်၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လိုအပ်နေသော လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးနိုင်ရန် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ထုတ်လုပ်နိုင်ရေး

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

ရခိုင်ပြည်နယ် သံတွဲမြို့အရှေ့မြောက်ဘက်ရှိ သူဌေးရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၉ ရက်က တွေ့ရစဉ်။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သွားနှင့် ခံတွင်းရောဂါအထူးကုဆေးရုံတွင် အခမဲ့ခွဲစိတ်ကုသပေး

နေပြည်တော် အောက်တိုဘာ ၂၉

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သွားနှင့် ခံတွင်းရောဂါအထူးကုဆေးရုံ ခွဲစိတ်ကုသဆောင်တွင် Japan Heart အဖွဲ့မှ မျက်နှာ၊ မေးရိုး၊ ခံတွင်းခွဲစိတ်ဆရာဝန် Dr. Naoko KISHI နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင် ခေါင်းဆောင်သော သွားနှင့်ခံတွင်း ဆရာဝန် ၁၄ ဦးသည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ လေးဦးကို အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ အခမဲ့ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ လူနာ၅၂ဦးအနေဖြင့် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း
စာမျက်နှာ » ၃

နည်းပညာနှင့် သက်မွေးပညာရေး ထွန်းတောက်ပါမှ နိုင်ငံဖွံ့ဖြိုးမှာ
ဆောင်းပါး စာမျက်နှာ » ၆

မြို့ပြဖွံ့ဖြိုးမှုမှသည် နိုင်ငံဖွံ့ဖြိုးမှုဆီသို့
ဆောင်းပါး စာမျက်နှာ » ၁၀

အီလက်ထရွန်နစ်မဲပေးခြင်း(Electronic Voting)
ဆောင်းပါး စာမျက်နှာ » ၁၇

အသိတရားဆိုသည်မှာ. . .
ဆောင်းပါး စာမျက်နှာ » ၂၁

ကြေးမုံ

အဖွဲ့ဝင်နိုင်ငံများ၏ဂုဏ်သိက္ခာနှင့် စည်းလုံးညီညွတ်မှုကိုထိန်းသိမ်းမြှင့်တင်

အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ကို အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့်ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ၁၉ဖေ၇ ခုနှစ်တွင် အာဆီယံကြေညာချက် (ဗန်ကောက်ကြေညာစာတမ်း)ကို လက်မှတ်ရေးထိုးပြီး ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဘရူနိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်လာခဲ့ပြီး အာဆီယံမိသားစု (၁၀)နိုင်ငံဖြစ်လာခဲ့သည်။

အာဆီယံဖွဲ့စည်းခြင်း၏ အဓိကရည်မှန်းချက်မှာ ငြိမ်းချမ်း၍ ကြွယ်ဝသော အသိုက်အဝန်းတစ်ခုအဖြစ် ရေရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်ရေးတည်ဆောက်ရာ၌ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်သောစိတ်ဓာတ်များမှတစ်ဆင့် ဒေသတွင်း စီးပွားရေး၊ လူမှုရေးတိုးတက်မှုနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ရန်ဖြစ်သည်။ အာဆီယံသည် နိုင်ငံအားလုံး၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာညီမျှမှု နယ်မြေပိုင်ဆိုင်မှုနှင့် အမျိုးသားရေးလက္ခဏာများကို အပြန်အလှန်လေးစားရေး၊ နိုင်ငံတစ်နိုင်ငံ၏ ရပ်တည်ခွင့်သည် အခြားနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်ခြင်း၊ နိုင်လိုမင်းထက်ပြုခြင်းများ ခြိမ်းခြောက်ခြင်းတို့မှ ကင်းလွတ်စေရန်၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တခြားနိုင်ငံများက ဝင်ရောက်စွက်ဖက်ခြင်းမပြုလုပ်ရန်၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန်၊ အာဏာသုံး၍ ခြိမ်းခြောက်မှုများ မပြုလုပ်ရန်၊ နိုင်ငံအချင်းချင်း ထိထိရောက်ရောက် ပူးပေါင်းကူညီဆောင်ရွက်ရန် အခြေခံစည်းမျဉ်း(၆)ရပ် ချမှတ်ထားသည်။

အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး တန်းတူညီတူ ကိုယ်စားပြုရေး "မူ"နှင့် တစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး "မူ" တို့ကို မြန်မာနိုင်ငံအနေဖြင့် ခိုင်မာစွာလိုက်နာဆောင်ရွက်လျက်ရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အစောပိုင်းကာလများက အာဆီယံအခြေခံစည်းမျဉ်း၊ မူများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့သော်လည်း ယခုအခါ အင်အားကြီးနိုင်ငံကြီးအချို့၏ ဖိအားပေးမှုကြောင့် အာဆီယံအခြေခံစည်းမျဉ်းများ၊ အာဆီယံမူများအား သွေဖည်ဆောင်ရွက်လာသည်ကို တွေ့ရသည်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဖိတ်ကြားခဲ့သည်။

ထိုသို့ဖိတ်ကြားခြင်းသည် အာဆီယံပဋိညာဉ်စာတမ်း အပုဒ်(၅)ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများအကြား အဆင့်တူတန်းတူကိုယ်စားပြုရေးမူနှင့် သွေဖည်နေသဖြင့် မြန်မာနိုင်ငံမှ ကိုယ်စားပြုတက်ရောက်ခဲ့ခြင်းမရှိပေ။ အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး တန်းတူညီတူကိုယ်စားပြုရေး "မူ"နှင့် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး "မူ"တို့ကို အဖွဲ့ဝင်နိုင်ငံများက အလေးဂရုမပြုဘဲ ယခုကဲ့သို့ ခွဲခြားဆက်ဆံသည့်လုပ်ရပ်များကို မြန်မာနိုင်ငံ အနေဖြင့် လက်ခံနိုင်မည်မဟုတ်ပေ။ အစည်းအဝေးတွင် မြန်မာနိုင်ငံက ပါဝင်ခြင်းမရှိဘဲ အာဆီယံ(၉)နိုင်ငံဖြင့်သာ ဆွေးနွေးသဘောတူညီခဲ့ခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းပါ မူများနှင့်အညီ အဖွဲ့ဝင်နိုင်ငံအားလုံး၏ တူညီသောဆန္ဒအရ ဆောင်ရွက်ခဲ့ခြင်းမဟုတ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လိုက်ပါဆောင်ရွက်မည်မဟုတ်ပေ။

မြန်မာနိုင်ငံသည် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်လျက်ရှိရာတွင် သိသာထင်ရှားသည့် တိုးတက်မှုများ ရှိနေသည်။ ထို့အပြင် အာဆီယံတူညီဆန္ဒ (၅)ချက်တွင် ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးကိစ္စ ပထမအဆင့်ကိုလည်း AHA စင်တာကို ပူးပေါင်းပံ့ပိုးလျက်ရှိပြီး အကူအညီလိုအပ်နေသူများထံသို့ ခွဲခြားမှုမရှိဘဲ မျှတစွာရရှိရေးနှင့် အကူအညီပေးအပ်သည့် စေတနာ့ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးကို အလေးထား၍ ဆောင်ရွက်နေသည့်အပြင် အာဆီယံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှု၊ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာ ကိစ္စများ အားပြိုင်မှုများအရှိန်မြင့်တက်နေသည့် မျက်မှောက်ကာလတွင် အာဆီယံအနေဖြင့် ခိုင်မာသောအဖွဲ့အစည်းအဖြစ်တည်ရှိရန် အာဆီယံစည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှုတို့ကို ထိန်းသိမ်းရန် အရေးတကြီးလိုအပ်ပါသည်။ အာဆီယံသည် စည်းမျဉ်းကိုအခြေခံသည့် အဖွဲ့အစည်းဖြစ်၍ အာဆီယံပဋိညာဉ်စာတမ်းတွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များကို တိတိကျကျလေးစားလိုက်နာပြီး အဖွဲ့ဝင်နိုင်ငံများ၏ ဂုဏ်သိက္ခာနှင့်စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။ ။

ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ လုပ်ခ/လစာဝင်ငွေများ လွှဲပြောင်းသည့် ပမာဏအပေါ် နိုင်ငံတော်က ပံ့ပိုးငွေများ ထောက်ပံ့ပေးမည်

နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိသည့် ပြည်ပရောက်မြန်မာနိုင်ငံသားများအား နိုင်ငံတော်က ချီးမြှောက်သောအားဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော လုပ်ခ/ လစာဝင်ငွေများကို ပြည်ပမှ ပြည်တွင်းသို့နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များမှတစ်ဆင့် လွှဲပို့ခြင်းအတွက် အမေရိကန်တစ်ဒေါ်လာ (ယင်းနှင့်ညီမျှသောနိုင်ငံခြားငွေ)အပေါ်တွင် ၃၀ ကျပ်အား နိုင်ငံတော်က အပိုဆောင်းငွေအဖြစ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ပံ့ပိုးငွေများကို ငွေထုတ်ယူသည့်နေ့တွင် ချက်ချင်းထည့်သွင်းပေးသွားမည်ဖြစ်ပြီး ၁-၁၁-၂၀၂၂ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

လှည်းကူးမြို့နယ်၌ မိုးစပါး စံပြကွက်ရိတ်သိမ်းပွဲ ကျင်းပ

လှည်းကူး အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးတစ်ဧက တင်း ၁၀၀ အထွက်နှုန်းရရှိရေး၊ ဧက ၈၀ စံပြကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၇ ရက်နံနက် ၉ နာရီက မင်းလွင်ကုန်းကျေးရွာ အုပ်စုကွင်းအမှတ် (၁၀၁၇/ခ)တောင်သူ ဒေါ်ဇာခြည်စိုး၏လယ်၌ ကျင်းပခဲ့သည်။

ထိုသို့ ရိတ်သိမ်းရာတွင် မိုးစပါး စိုက်ဧက ၈၀ မှ တစ်ဧကလျှင် ပျမ်းမျှ အထွက်နှုန်း အစို ၁၀၁ ဒသမ ၁ တင်း (အခြောက် ၉၃ တင်း) ထွက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါး စံပြကွက် ရိတ်သိမ်းရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေအောင်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်/ကြပ် အဖွဲ့များနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြင့်ဦး

မရမ်းကုန်းမြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ (ဆင့်ပွား)ကျင်းပ

မရမ်းကုန်း အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ ကျောင်းအုပ်ကြီးများ၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်လာစေရန်ရည်ရွယ်၍ ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း စန္ဒီမာခန်းမ၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ(ဆင့်ပွား)ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မရမ်းကုန်းခရိုင်ပညာရေးမှူး ဒေါက်တာခင်သူဇာစိန်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူးက စီမံ၊ ဘဏ္ဍာ၊ သင်ကြား၊ ကြီးကြပ်အကဲဖြတ် ကဏ္ဍများကို ဦးဆောင်ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၈ ဦးတို့ တက်ရောက်လျက်ရှိပြီး အောက်တိုဘာ ၂၉ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ နှစ်ရက်တာ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

အေးအေးအောင်(ပြန်/ဆက်)

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အကြီးတန်း**	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	**သတင်းထောက်များ**	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အင်ယ်တန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	**စာပြင်**	- ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- **ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့**
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖေ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂုဂ၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော်	- စာတည်းမှူး ၀ဖေ၇-၃ဖေ၁၆၊ စာတည်းအဖွဲ့ ၀ဖေ၇-၃ဖေ၁၈၊ ၀ဖေ၇-၃ဖေ၃၃၀၊ ဖက်စ် ၀ဖေ၇-၃ဖေ၃၃၁
ရန်ကုန်ရုံးခွဲ	- အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ	- ၀၁-၈ဖေ၁၀ဖေ၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၄၇/၂၀၂၂)
၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေးကော်မရှင်ကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ဓ) တွင်ပါရှိသော "အမျိုးသားပညာရေးမူဝါဒကော်မရှင်"ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ယ)နှင့် (ဌ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ယ) **အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ** ဆိုသည်မှာ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် ဝန်ကြီးဌာနက သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဌ) **တက္ကသိုလ်ကောင်စီ** ဆိုသည်မှာ သက်ဆိုင်ရာတက္ကသိုလ်၏ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ၎င်းတို့နှင့် အဆင့်တူညီသောပုဂ္ဂိုလ်များ၊ မဟာဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများအပါအဝင် သက်ဆိုင်ရာ တက္ကသိုလ်ပဋ္ဌာဉ်စာတမ်းအရ ဖွဲ့စည်းသည့်ကောင်စီကို ဆိုသည်။"

(ဃ) ပုဒ်မခွဲ (အ)၏ နောက်တွင် ပုဒ်မခွဲ(ကက)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ကက) **အမျိုးသားပညာရေးအဆင့်မူဘောင်** ဆိုသည်မှာ ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုနှင့် အရည်အသွေးအဆင့်အတန်းတို့ကို သတ်မှတ်နိုင်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီက ရေးဆွဲ၍ ဝန်ကြီးဌာနက အတည်ပြုထားသည့်မူဘောင်ကို ဆိုသည်။"

၃။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ပညာရေးနှင့်သက်ဆိုင်သည့်ဥပဒေများရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များနှင့် ပြည်သူလူထု၏ အကြံပြုချက်များကို ရယူရေး၊"

(ခ) ပုဒ်မခွဲ (ဂ)ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများသည် ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ လွတ်လပ်သော စီမံခန့်ခွဲရေးစနစ်ကို ဦးတည်ဆောင်ရွက်ရေး၊"

(ဃ) ပုဒ်မခွဲ(ဏ)တွင် ပါရှိသော "ပညာရေးအဆင့်အတန်း"ဆိုသည့် စကားရပ်အစား "အမျိုးသားပညာရေးအဆင့် မူဘောင်နှင့်အညီ ပညာရေးအဆင့်အတန်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အမျိုးသားပညာရေးဥပဒေအခန်း(၄)တွင်-

(က) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"အမျိုးသားပညာရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ တာဝန်ဝတ္တရားများ"

(ခ) ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ (က) အစိုးရအဖွဲ့သည် အမျိုးသားပညာရေးကော်မရှင်ကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည်-

(၁) အစိုးရအဖွဲ့က ရွေးချယ်သော ပညာရှင် (၁) ဦး၊
(၂) ဝန်ကြီးဌာနက ရွေးချယ်သော ပညာရှင် (၁) ဦး၊
(၃) အခြေခံပညာရေးကဏ္ဍမှ ပညာရှင် (၁) ဦး၊
(၄) အဆင့်မြင့်ပညာရေးကဏ္ဍမှ ပညာရှင် (၁) ဦး၊
(၅) နည်းပညာနှင့်သက်မွေးပညာရေးကဏ္ဍမှ ပညာရှင်(၁)ဦး၊
(၆) ဆရာအတတ်သင်ပညာရေးကဏ္ဍမှ ပညာရှင်(၁) ဦး၊
(၇) လူတိုင်းအကျုံးဝင်ပညာရေးကဏ္ဍမှ ပညာရှင် (၁) ဦး၊
(၈) သင်ရိုးညွှန်းတမ်း ပညာရှင် (၁) ဦး၊
(၉) ဥပဒေပညာရှင် (၁) ဦး၊
(၁၀) ဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၂)ဦး။

(ခ) ကော်မရှင်၏ ဥက္ကဋ္ဌကို ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်တင်မြှောက်ရမည်။

(ဂ) ကော်မရှင်၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့၏ တာဝန်ကို ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ဆောင်ရွက်စေရမည်။

(ဃ) အစိုးရအဖွဲ့သည် လိုအပ်ပါက ကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(င) ကော်မရှင်၏ သက်တမ်းသည် သာမန်အားဖြင့် ငါးနှစ်ဖြစ်သည်။

၆။ ကော်မရှင်၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာမူဝါဒများ၊ ပညာရေးဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် အကြံပြုခြင်း၊

(ခ) ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများအပေါ် အကြံပြုခြင်း၊

(ဂ) ပြည်တွင်းပြည်ပနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာရေးအတွက် အားပေးကူညီ အကြံပြုခြင်း၊

(ဃ) ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ လူမှုစီးပွားဘဝမြင့်မားရေးဆိုင်ရာလုပ်ငန်းများတွင် အားပေးကူညီအကြံပြုခြင်း၊

(င) ကျောင်းများတွင် ကောင်းမွန်သော အရည်အသွေး စီမံခန့်ခွဲမှုစနစ်များ ဖြစ်ပေါ်လာစေရေးအတွက် အားပေးကူညီ အကြံပြုခြင်း။"

(ဂ) ပုဒ်မ ၇ နှင့် ပုဒ်မ ၁၀ တို့ကို ပယ်ဖျက်ရမည်။

၅။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၁၈ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) အကြောင်းအမျိုးမျိုးကြောင့် မူလတန်းအဆင့်ပညာရေးကို သင်ယူခွင့်မရရှိခဲ့သော သို့မဟုတ် သင်ယူပြီးမြောက်မှုမရှိခဲ့သော အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း ကလေးများသည် ကျောင်းပြင်ပ မူလတန်းပညာရေးကို သင်ယူရမည်။"

၆။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၆။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်သော စီမံခန့်ခွဲရေးစနစ်ကို ဦးတည်ဆောင်ရွက်ရမည်။"

၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၇ ကို ပယ်ဖျက်ရမည်။

၈။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၈ တွင်-

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်ကောင်စီက တက္ကသိုလ်ပဋ္ဌာဉ်စာတမ်းနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။"

(ခ) ပုဒ်မခွဲ (ဃ) တွင် ပါရှိသော "ပညာရေး"ဆိုသည့်စကားရပ်ကို "ပညာရပ်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၉နှင့် ပုဒ်မ ၄၀ တို့တွင် ပါရှိသော "ကော်မရှင်" ဆိုသည့်စကားရပ်ကို "ဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ(က)တွင် ပါရှိသော "ကော်မရှင်က ဖွဲ့စည်းပေးသော" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၃ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) အခြေခံပညာအဆင့်တွင် မြန်မာဘာသာစကားကို စာသင်ခန်းသုံးဘာသာစကားအဖြစ် အသုံးပြုရမည်။"

၁၂။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားသင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်တွင် ဆောင်ရွက်နိုင်သည်။"

၁၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉ ပုဒ်မခွဲ(စ)ကို ပယ်ဖျက်ရမည်။

၁၄။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၄ ကို အောက်ပါအတိုင်းအစားထိုးမည်-

"၅၄။ ပညာရေးအဆင့်တိုင်းတွင်-

(က) ပညာအရည်အသွေးအာမခံမှုအစီအစဉ်တစ်ရပ်ရှိရမည်။

(ခ) ပညာအရည်အသွေးနှင့် အဆင့်အတန်း တိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့်အတွင်း အရည်အသွေး စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်နှင့် ပြင်ပမှ အရည်အသွေး စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်တို့ ပါဝင်ရမည်။

(ဂ) အရည်အသွေးခိုင်မာမှုအတွက် စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်းများကို ဝန်ကြီးဌာနက သတ်မှတ်ရမည်။"

၁၅။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၅။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီသည် ပုဒ်မ ၅၄ ပုဒ်မခွဲ (ဂ)ပါ ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။"

၁၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၆ တွင်-

(က) ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် သက်ဆိုင်ရာ အဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်။"

(ခ) ပုဒ်မခွဲ (ခ)၏ နောက်၌ ပုဒ်မခွဲ (ဂ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် အမျိုးသားပညာရေး ရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာမူဝါဒများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်သုံးသပ်ရမည်။"

၁၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၇ တွင်-

(က) ပုဒ်မခွဲ (ဂ)ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ပုဒ်မခွဲ (ခ)ပါ အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်အဆင့်မြင့် ပညာကျောင်းများတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ကောင်စီကို သက်ဆိုင်ရာ တက္ကသိုလ်အသီးသီး၏ ပဋ္ဌာဉ်စာတမ်းနှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်။"

စာမျက်နှာ ၄ သို့ ☆

☆ **စာမျက်နှာ ၃ မှ**

၁၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၈။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပညာရေးဆိုင်ရာမူဝါဒများကိုရေးဆွဲ၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်း၊

(ခ) အမျိုးသားပညာရေးရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာမူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသား ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၊ အခြား လိုအပ်သော ကော်မတီ၊ ကောင်စီနှင့် အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးခြင်း၊

(ဂ) ပညာရေးအရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် ယင်းတို့ကို အကောင်အထည်ဖော်မည့် စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်းချမှတ်ခြင်းကို အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော်မှုကို ပံ့ပိုးခြင်း၊

(ဃ) သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒများ၊ မဟာဗျူဟာများနှင့် ယင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မှု စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲခြင်း၊

(င) ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်သော ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွမ်းကျင်သူ၊ နည်းပညာ၊ ဘဏ္ဍာရေးနှင့် ကျောင်းတည်ထောင်ဖွင့်လှစ်မှုများကို အကူအညီပေးခြင်းနှင့် ပညာရေးဆိုင်ရာ အရည်အသွေးစံနှုန်းများ တစ်ပြေးညီ ဖြစ်စေရန်အတွက် ပံ့ပိုးညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြား သက်ဆိုင်သည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဆ) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ အသုံးပြုစေခြင်း၊

(ဇ) ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပညာရေး ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် စီမံခြင်း၊

(စျ) ပညာသင်ယူမှုမပြီးဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှုရပ်တန့်ခဲ့ရသော ကျောင်းသားများအတွက် သင့်လျော်သော ပညာသင်ယူခွင့်တစ်ခုခု ပြန်လည်ရရှိစေရန် လိုအပ်သောအစီအမံများ သတ်မှတ်ထားရှိခြင်း၊

(ည) အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊

(ဋ) ပညာရေးကဏ္ဍအတွက် ပြည်တွင်းပြည်ပမှ ငွေကြေးနှင့် အထောက်အပံ့များ ရယူ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဌ) ကျောင်းများဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့် ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်လမ်းညွှန်ခြင်း။"

၁၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၉ တွင် ပါရှိသော "အကောင်အထည်ဖော် ဆောင်ရွက်ရမည်" ဆိုသည့် စကားရပ်အစား "စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၅။ ဝန်ကြီးဌာနသည် -

(က) ကော်မရှင်နှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။

(ခ) ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီ၊ ကောင်စီနှင့် အဖွဲ့များ၏ ကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။

(ဂ) ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီ၊ ကောင်စီနှင့်အဖွဲ့များတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သောပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။"

၂၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၉ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ၎င်းတို့၏ သက်ဆိုင်ရာ ဦးစီးဌာနများသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

(ခ) ပုဒ်မခွဲ (ခ)၏နောက်၌ ပုဒ်မခွဲ (ဂ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကောင်စီနှင့်အဖွဲ့များသည် အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဝုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း (၂၇)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံ+၃ အလုပ်သမားဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၉

(၂၇)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် (၁၂) ကြိမ်မြောက် အာဆီယံ+၃ အလုပ်သမားဝန်ကြီးများအစည်းအဝေးများကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ အလုပ်သမားနှင့် အလုပ်အကိုင်ဆိုင်ရာဌာနက အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ မြန်မာနိုင်ငံမှ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

(၂၇) ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးကို "Together as One: Reshaping the World of Work the ASEAN Way Towards Digitalized, Inclusive and Sustainable Recovery and Growth" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများနှင့် အာဆီယံ+၃ နိုင်ငံများမှ အလုပ်သမားဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက အနာဂတ် အလုပ်အကိုင်အခွင့်အလမ်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် နည်းပညာဆန်းသစ်တီထွင်မှုများသည် အလုပ်သမားများ၏ အလုပ်အကိုင်များအပေါ် သက်ရောက်မှုများရှိနေကြောင်း၊ နည်းပညာကို တိုးမြှင့်တည်ထောင်ခြင်း၏ ရလဒ်တစ်ခုအနေဖြင့် အာဆီယံရှိအလုပ်သမားများသည်

လာမည့်ဆယ်စုနှစ်ကျော်တွင် အကျိုးဖြစ်ထွန်းစွာ အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ကျွမ်းကျင်မှုများကို အလိုက်သင့်ပြုပြင်ရန်နှင့် အလုပ်အကိုင်အသစ်များ ဖန်တီးရန်လိုကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်ခွင်များ ရုတ်တရက်ပိတ်ခြင်း၊ ကန့်သတ်ချက်မူဝါဒများ ပြောင်းလဲခြင်း၊ လုပ်အားခလျှော့ချခြင်းနှင့် အလုပ်အကိုင်ဆုံးရှုံးမှုများကြောင့် ဒေသတွင်း အလုပ်အကိုင်များကို အရေးတကြီး ပြန်လည်သုံးသပ်ရန်နှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ရန် အရေးကြီးကြောင်း၊ ဒေသတွင်း၌ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုအခြေအနေ လျော့ကျလာသော်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ မတည်ငြိမ်မှုများကြောင့် အချို့အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အလုပ်အကိုင် လုံခြုံရေးနှင့် တည်ငြိမ်မှုအပေါ် ကြီးမားသော စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာစေကြောင်း၊ အလုပ်သမားများ၏ ကျွမ်းကျင်မှုများကို အဆက်မပြတ် အဆင့်မြှင့်တင်ရန် အရေးကြီးကြောင်း။

ဒစ်ဂျစ်တယ်စီးပွားရေး၏ အလုပ်အကိုင်လိုအပ်ချက်များအတွက် ကျွမ်းကျင်မှုအသစ်များ သင်ယူရန် လုံလောက်သည့်အခွင့်အလမ်းများ သေချာစေရန်နှင့် အလုပ်သမားများအားလုံး လုံခြုံပြီး ကျန်းမာသည့် အလုပ်ဝန်းကျင်ကို အာမခံချက်ပေးရန်လိုကြောင်း၊ အာဆီယံနိုင်ငံများရှိ လူမှုရေးလုပ်ဖော်ကိုင်ဖက်များ အကြား လူမှုရေးအပြန်အလှန် ဆွေးနွေးမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုသည် ကိုဗစ်-၁၉ နောက်ပိုင်းပုံမှန်အသစ်နှင့် လိုက်လျောညီထွေဖြစ်စေကြောင်း၊ အာဆီယံဒေသတွင်းရှိ အစိုးရများ၊ အလုပ်ရှင်များ၊ အလုပ်သမားများ၏ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း။

ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် မျှော်လင့်

မြန်မာနိုင်ငံအနေဖြင့် အာဆီယံမဏ္ဍိုင်သုံးရပ် အောက်တွင် အာဆီယံအသိုက်အဝန်း၏ အနှစ်သာရကို အတူတကွ လှုပ်ရှားဆောင်ရွက်ခြင်းဖြင့် အာဆီယံတိုးတက်မှုနှင့် လိုက်လျောညီထွေဖြစ်သော အလုပ်အကိုင်သစ်များကို ဒစ်ဂျစ်တယ်အသုံးပြုသောစနစ်ဖြင့် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သည့် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆီသို့ ပြန်လည်ပုံဖော်နိုင်မည်ဟု ယုံကြည်ကြောင်း၊ အနာဂတ်တွင် အာဆီယံကိုစဉ်းစားသည့်အခါ တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

(၂၇)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်နှင့် (၁၂)ကြိမ်မြောက် အာဆီယံ+၃ အလုပ်သမားဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်များကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❒ ရှေ့ဖုံးမှ

စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ထုတ်လုပ်ရာတွင်လည်း ထုတ်လုပ်မှုစရိတ်သက်သာစေရန်နှင့် နိုင်ငံတော်မှ စိုက်ထုတ်သုံးစွဲရမှု သက်သာစေရန် ရည်ရွယ်တွက်ချက် ဆောင်ရွက်ထုတ်လုပ်ရကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာသော ရေအားအရင်းအမြစ်များစွာရှိသဖြင့် ရေအားလျှပ်စစ်စီမံကိန်းများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ဆက်လက်စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ထုတ်လုပ်ရာတွင်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်လျက်ရှိကြောင်း။

တိုးချဲ့ဆောင်ရွက်နိုင်မည်

စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေး၊ စက်ပစ္စည်းများ စနစ်တကျ တပ်ဆင်အသုံးပြုရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဂရုစိုက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီမံကိန်းပြီးစီးပါက ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း များစွာရရှိမည့်အပြင် ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားဖြင့် ဒေသအခြေခံ ခရီးသွားလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တမံရှုရပ်မှနေ၍ စီမံကိန်း ဧရိယာအတွင်း ပင်မတမံတည်ဆောက်ပြီးစီးမှု၊ ရေယူအဆောက်အအုံ ဆောက်လုပ်နေမှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်တပ်ဆင်နေမှု၊ သိုလှောင်ရုံဝင်းအတွင်း စီမံကိန်းတွင် တပ်ဆင်အသုံးပြုမည့် စက်မှု၊ လျှပ်စစ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ စီမံကိန်းပင်မတမံရေဝပ်ဧရိယာ အတွင်း ကျရောက်သော ပုရစ်ကျေးရွာနှင့် ရေကောက်ကျေးရွာများ၏ ရွှေ့ပြောင်းပြန်လည်နေရာချထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အကောင်အထည်ဖော်တည်ဆောက်

အဆိုပါ သူဌေးရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၄)တည်ဆောက်ရေးမှ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပြီး ပင်မရေလှောင်တမံမှာ ဇုန်အမျိုးအစား (ကျောက်ဖြည့်တမံ)ဖြစ်ကြောင်း၊ ကန်ရေပြည့် ရေသိုလှောင်ပမာဏမှာ ၆ ဒသမ ၉၆ သိန်း ဧကပေ သိုလှောင်နိုင်ကြောင်း၊ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၇၃ ဒသမ ၂၉ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ကြောင်း နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန်လျှင် ၇၆ ရာခိုင်နှုန်း ပြီးစီး မည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စီမံကိန်းတစ်ခုလုံး ပြီးစီးနိုင်မည်ဖြစ်၍ ရခိုင်ပြည်နယ်၏ ပထမဆုံးသော ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတစ်ရုံအဖြစ် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် သူဌေးရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

❖ နှုတ်ခမ်းကွဲမှ

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးထားသော Japan Heart အဖွဲ့သည် ၂၀၀၄ ခုနှစ်မှ စတင်၍ ဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှ စတင်၍ ပါမောက္ခ Dr. Mikihik KOGO ဦးဆောင်သော ဂျပန်နိုင်ငံမှ မျက်နှာ၊ မေးရိုး၊ ခံတွင်း ခွဲစိတ်ဆရာဝန်များနှင့် မြန်မာနိုင်ငံမှ သွားနှင့်ခံတွင်းဆရာဝန်များ ပူးပေါင်း၍ ယခုအချိန်အထိ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၃၀၀ ခန့်အား အခမဲ့ခွဲစိတ်ကုသမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သွားနှင့်ခံတွင်းရောဂါအထူးကုဆေးရုံတွင် သွားနှင့်ခံတွင်း ဆရာဝန်များက မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ရာ မြန်မာနိုင်ငံ၏ ဒေသအသီးသီးမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာရှင်များ အနေဖြင့် ခွဲစိတ်ကုသမှုခံယူလိုပါက အဆိုပါဆေးရုံသို့ လာရောက်ပြသ၍ အခမဲ့ ကုသမှုခံယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၉

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနှစ်ပေ ခန့် ရှိနိုင်သည်။

မိုး/ဧလ

သဘာဝမြေသြဇာစက်ရုံများဖွင့်လှစ်နိုင်ခြင်းသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍကိုဖွံ့ဖြိုးတိုးတက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည်

ဘားအံ အောက်တိုဘာ ၂၉

(ဒေါ) နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် စံဖရီးကျေးရွာ အုပ်စု ဘားအံမွေးမြူရေးဇုန်ရှိ တိုးပွားသဘာဝ မြေသြဇာစက်ရုံနှင့် သြဇာမင်း သဘာဝမြေသြဇာ စက်ရုံဖွင့်ပွဲတို့ကို ယနေ့နံနက် ၈ နာရီက အဆိုပါ စက်ရုံများတည်နေရာ၌ ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် တိုးပွားသဘာဝမြေသြဇာစက်ရုံတွင် တောင်သူများ သဘာဝမြေသြဇာ လာရောက်ဝယ်ယူ အားပေးနေမှုနှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ သဘာဝမြေသြဇာ ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ယင်းနောက် သြဇာမင်းသဘာဝမြေသြဇာစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ဓာတ်မြေသြဇာများသည် လတ်တလော အထွက်နှုန်းကောင်းသော်လည်း အချိန်ကြာလာသည်နှင့်အမျှ စိုက်ပျိုးမြေ၏ သဘာဝ အာနိသင်ကို ထိခိုက်ပျက်စီးစေပြီး အန္တရာယ်ဖြစ်စေ သည့်အတွက် ဘေးထွက်ဆိုးကျိုးမရှိသည့် သဘာဝ မြေသြဇာများကို တွင်ကျယ်စွာအသုံးပြုသင့်ကြောင်း၊ စျေးနှုန်းအနေဖြင့်လည်း အခြားဓာတ်မြေသြဇာများ ထက် အဆများစွာသက်သာပြီး တောင်သူများအားလုံး ဝယ်ယူအသုံးပြုနိုင်သည့်အခြေအနေဖြစ်ကြောင်း၊ ယခုကဲ့သို့ သဘာဝမြေသြဇာစက်ရုံများ ဖွင့်လှစ်နိုင် ခြင်းသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက် စေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်

ဖြစ်ကြောင်း၊ စိုက်ပျိုးတောင်သူများ ကျယ်ကျယ် ပြန့်ပြန့်သိရှိစေရေး အသိပေးကြော်ငြာခြင်း၊ ထုတ်ကုန်များ တိုးမြှင့်ရောင်းချနိုင်ရေး၊ စျေးရောင်းပွဲတော်များ၊ ပြခန်း၊ ပြပွဲများ ကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက် သွားကြစေလိုကြောင်း ပြောကြားသည်။

ပြည်နယ်(ပြန်/ဆက်)

---

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များနှင့် အောင်ပွဲရ ပြည်နယ်လက်ရွေးစင် ဝူရှူးအသင်းတို့အား ဂုဏ်ပြုချီးမြှင့်

မြစ်ကြီးနား အောက်တိုဘာ ၂၉

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝူရှူးအားကစားပြိုင်ပွဲ တွင် အောင်ပွဲရပြည်နယ်လက်ရွေးစင် ဝူရှူးအသင်း နှင့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော ပြိုင်ပွဲဝင်များအား ဂုဏ်ပြု ချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီ တွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပ သည်။

ကချင်ပြည်နယ်၏ဂုဏ်ကို မြှင့်တင်

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင် ပြည်နယ်၏ဂုဏ်ကို အနုပညာနှင့် အားကစားတို့ဖြင့် မြှင့်တင်ပေးခဲ့ကြသူများအားလုံး၏ စွမ်းဆောင်နိုင်မှု များကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် မှတ်တမ်းတင် ဂုဏ်ယူသလို ယခုရရှိထားသည့် အောင်မြင်မှုများတွင် ရပ်တန့်မနေဘဲ နောင်လာမည့်ပြိုင်ပွဲများတွင်လည်း

ယခုထက် ပိုမိုအောင်မြင်အောင် စွမ်းဆောင်ပြီး ပြည်နယ်၏ဂုဏ်ကို ဆထက်တိုး၍ မြှင့်တင်နိုင်ကြပါ စေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် လူမှုရေးရာဝန်ကြီးတို့က ၂၀၂၂ ခုနှစ် တိုင်းဒေသကြီး နှင့် ပြည်နယ် ဝူရှူးအားကစားပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေလေးခု၊ ကြေးငါးခုရရှိခဲ့သည့် ပြည်နယ် လက်ရွေးစင် ဝူရှူးအသင်းအတွက် ပြည်နယ်အစိုးရ အဖွဲ့နှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီး ဌာနတို့က ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၆ သိန်းစီဖြင့် စုစုပေါင်းငွေကျပ် ၅၂ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်း လွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရား သူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဌပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်း ရေးမှူးတို့က နိုင်ငံတော်အဆင့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေ များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ် ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

နည်းပညာနှင့် သက်မွေးပညာရေး ထွန်းတောက်ပါမှ နိုင်ငံဖွံ့ဖြိုးမှာ

ဒေါက်တာမောင်သင်း

"ကျောင်းထွက်ပြီးနောက် မည်သည့်အလုပ်အကိုင်ကိုမှ မတတ်၊ မိမိ၏ အသက်မွေးဝမ်းကျောင်းကိုမှ မတတ်သူသည် လူဖြစ်ရကျိုးရှုံးလှ၏။။ ပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်တစ်ရပ်သည် အသက်မွေးဝမ်းကျောင်းအတွက် ဖြစ်သင့်သည်။"

ဦးသန့်

တိုင်းပြည်ဖွံ့ဖြိုးရေးတွင် နည်းပညာနှင့် သက်မွေးပညာရေး ကဏ္ဍသည် ထိပ်ဆုံးမှ ပါဝင်နေပေသည်။ သို့သော် မြန်မာ့ပညာရေး ပြောင်းလဲမှုတွင် အဆိုပါပညာရေးကဏ္ဍသည် အမေ့လျော့ခံသဖွယ် ဖြစ်နေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၂၀၁၄ ခုနှစ်၏ လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူမှုစစ်တမ်းအရ သက်မွေးပညာ ကျောင်းဆင်း ဦးရေ ၆၀၂၃၀ သာရှိသဖြင့် နိုင်ငံလူဦးရေ၏ သုည ဒသမ ၀၁၃ ရာခိုင်နှုန်းသာ ရှိပါသည်။

နည်းပညာနှင့် သက်မွေးပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းမှုနှင့် ဆင်းရဲမှု လျော့ချရေး၊ LDC နိုင်ငံဘဝမှ လွတ်မြောက်ရေးတို့တွင် အဓိကမဏ္ဍိုင်ဖြစ်သည့် လူလတ်တန်းစားအများအပြားကို ပြုစုပျိုးထောင်ပေးသည့် ပညာရေးဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆင်းရဲသည့်နိုင်ငံမှ ချမ်းသာသည့်နိုင်ငံသို့ တက်လှမ်းရာတွင် **"နည်းပညာနှင့် သက်မွေးပညာရေး"** ကို အလေးထားဆောင်ရွက်ပြီး အသေးစားနှင့် အလယ်အလတ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်နည်းပညာများနှင့် ကျွမ်းကျင်သူများကို ဖြည့်ဆည်းပေးနေသည့်ပညာရေးဖြစ်

> **"နည်းပညာနှင့် သက်မွေးပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းမှုနှင့် ဆင်းရဲမှုလျော့ချရေး၊ LDC နိုင်ငံဘဝမှ လွတ်မြောက်ရေးတို့တွင် အဓိကမဏ္ဍိုင်ဖြစ်သည့် လူလတ်တန်းစားအများအပြားကို ပြုစုပျိုးထောင်ပေးသည့်ပညာရေးဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆင်းရဲသည့်နိုင်ငံမှ ချမ်းသာသည့်နိုင်ငံသို့ တက်လှမ်းရာတွင် "နည်းပညာနှင့် သက်မွေးပညာရေး" ကို အလေးထားဆောင်ရွက်ပြီး အသေးစားနှင့် အလယ်အလတ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်နည်းပညာများနှင့် ကျွမ်းကျင်သူများကို ဖြည့်ဆည်းပေးနေသည့်ပညာရေးဖြစ်**

ပညာရေးပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံသားများ၏ ပညာအရည်အသွေး စဉ်ဆက်မပြတ် မြင့်မားနေစေရန် ဆောင်ရွက်ရေးသည် အဓိကကျသည့် အချက်ဖြစ်ပါသည်။ ထိုသို့ ပညာရေးပြုပြင်ပြောင်းလဲရာတွင် ယနေ့နှင့် အနာဂတ်ကလေးများအတွက် ရည်ရွယ်ပြီး ဆောင်ရွက်ရန် သက်သက်မဟုတ်ပါ။ တစ်ချိန်က ကောင်းမွန်သည့် သက်မွေးပညာရေးနှင့် ဆုံတွေ့ခွင့်မရခဲ့ကြသော ယနေ့လူငယ်လူရွယ်၊ လူလတ်များနှင့် လူကြီးများပါ ဆက်လက်သင်ယူနိုင်မည့် ပညာရေးဖြစ်ရန် လိုပါသည်။

အသက်အရွယ်အားလုံးအတွက် ဖြစ်ပါသည်။ ယင်းထဲမှ ကျေးလက်နှင့် မြို့ပြအခြေအနေ ကွာခြားမှုကြောင့် ကျေးလက်နေ ပြည်သူတို့အတွက် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စွမ်း ရှိစေရန်၊ စိုက်ပျိုးရေး လယ်ယာသုံးကိရိယာများ၊ လယ်ယာကုန်ချော ထုတ်လုပ်နည်းများနှင့် ဆက်စပ်သောသင်တန်းများကို အစိုးရက လယ်သမားများအတွက် အခမဲ့ (သို့မဟုတ်) ကုန်ကျစရိတ် အနည်းဆုံး ဖြင့် ဖွင့်လှစ်ပေးရန်လည်း လိုအပ်ပါသည်။ ပုဂ္ဂလိကထက် အစိုးရကသာ အခမဲ့စနစ်ဖြင့် နည်းပညာကို ရေရှည်ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။ နည်းပညာကို စဉ်ဆက်မပြတ်ပံ့ပိုးခြင်းက နှစ်စဉ် စိုက်ပျိုးရေးစရိတ်ထုတ်ချေးသည်ထက် ရေရှည်မှာ ပိုမိုထိရောက်ပါသည်။

ကျေးရွာအရောက် သက်မွေးပညာရေး

ကျေးလက်နေ ပြည်သူများအတွက် သက်မွေးပညာရေးသည် ရှိနေ၊ ဖွံ့ဖြိုးနေသင့်ပါသည်။ ထို့နောက် အမြဲတမ်း ဖြည့်ဆည်းပေးနေရမည် ဖြစ်ပါသည်။ နိုင်ငံတကာတွင် သမားရိုးကျ သီးနှံများ ဖြစ်သော စပါး၊ ဂျုံ၊ ပဲ၊ ပြောင်း၊ နှမ်း စသည့် လယ်ယာသီးနှံ သက်သက်ကိုသာ စိုက်ပျိုးသည့် သီးနှံစိုက်လယ်သမားများထက် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ဆေးဖက်ဝင်အပင်များ၊ ပန်းမန်များကို စိုက်ပျိုးသူများသည် ဝင်ငွေ ၁၀ ဆ ပိုမိုရရှိကြောင်းနှင့် နေ့စဉ်ဆောင်ရွက်ရန် အလုပ်သမားများစွာ လိုအပ်သည့်အတွက် အလုပ်လက်မဲ့နှုန်းကိုလည်း လျော့ချစေနိုင်ကြောင်း သုတေသနများ ပြုလုပ်ပြီးဖြစ်ပါသည်။

အထက်ပါအချက်ကို မြန်မာပြည်ရှိ နေရာသုံးနေရာတွင် စာရေးသူ လေ့လာဖူးပါသည်။ ပထမနေရာမှာ ရန်ကုန်မြို့ပြည်လမ်းတစ်လျှောက် ရှိ ပုတီးကုန်း၊ သဲကုန်းဒေသများ ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံကို ရန်ကုန်မြို့သို့ ကားကြီး၊ ကားငယ်၊ ရထားအသွယ်သွယ်တို့ဖြင့် နေ့စဉ်အချိန်မီတင်ပို့နေခြင်းဖြစ်ပါသည်။ ဒုတိယ နေရာမှာ ပြင်ဦးလွင်မြို့နယ်တစ်ပိုက်တွင် စိုက်ပျိုး၍ မန္တလေးနှင့် အနီးတစ်ဝိုက်သို့ တင်ပို့ခြင်းဖြစ်ပါသည်။ ထို့အတူ မိတ္ထီလာမြို့နယ် တစ်ဝိုက်အနေဖြင့် စပျစ်၊ ဆီးသီးနှင့် နဂါးမောက်သီးများကို စိုက်ပျိုး ထုတ်လုပ်သူများသည် သာမန် နှမ်း၊ ငရုတ်၊ ပဲ စိုက်ပျိုးသူများထက် ပိုမိုဝင်ငွေကောင်းသည်။

ထို့အတူ မိတ္ထီလာမြို့နယ် အရှေ့ပိုင်းရွာများက ခရမ်းချဉ်နှင့် ကြက်သွန်စိုက်ပျိုးကြကာ ပိုမိုစီးပွားဖြစ်ထွန်းကြောင်း လေ့လာမိပါသည်။ သို့ဖြစ်၍ အကြံပြုလိုသည်မှာ စိုက်ပျိုးရေးဌာနအောက်ရှိ စိုက်ပျိုးရေးအထက်တန်းကျောင်းများ၊ သိပ္ပံကျောင်းများအနေဖြင့် သမားရိုးကျ မိမိတို့ထံ လာရောက်ကျောင်းတက်သော တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများကို သင်ပေးရုံဖြင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် မလုံလောက်တော့ပါ။ နိုင်ငံဖွံ့ဖြိုးရေးအတွက် တက္ကသိုလ်ဝင်တန်းအဆင့်အထိ ပညာမသင်ကြားခဲ့ရသော ရေးတတ်၊ ဖတ်တတ် ပုဂ္ဂိုလ်များအတွက် ထိုဒေသနှင့်ကိုက်ညီမည့် အော်ဂဲနစ်စိုက်ပျိုးရေး၊ ဆေးဖက်ဝင်ပင်၊ ပန်းမျိုးစုံ၊ ဟင်းသီးဟင်းရွက်မျိုးစုံနှင့် ဝင်ငွေတိုးသည့် ခေတ်မီသီးနှံစိုက်ပျိုးရေး ရက်တိုသင်တန်းကျောင်း (Rural Development Mobile Training School) များ လယ်သမားများ ရှိရာသို့ ရွှေ့လျားသင်တန်းကျောင်း (Mobile Training School) များ အဖြစ် သွားရောက်ဖွင့်လှစ်ပေးရန် အထူးလိုအပ်မည်ဟု မြင်မိပါသည်။

ကျေးလက်နေ ပြည်သူများ ဝင်ငွေတိုးမှသာ ကျေးလက်လူငယ်များ အနေဖြင့် ဝင်ငွေပိုရရန် အခြားနိုင်ငံများသို့ အလုပ်ကြမ်းသမားများ အဖြစ် ထွက်ခွာအလုပ်လုပ်သည့် အဖြစ်မျိုးမှ ကင်းဝေးကာ နိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်မည့် လူစွမ်းအားအရင်းအမြစ်များ ဖြစ်လာပေလိမ့်မည်။

ကျေးလက်နေ လူငယ်များကလည်း မိရိုးဖလာလုပ်ငန်းကို ဝင်ငွေတိုးအောင် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပိုမိုလေ့လာ သင်ကြားကြရန် လိုအပ်ပါသည်။ မိရိုးဖလာ စိုက်ပျိုးရေးမှသည် နည်းပညာအခြေပြု စိုက်ပျိုးရေးဆီသို့ ပြောင်းလဲနိုင်မှသာ ဝင်ငွေ ပိုတိုးပါမည်။

ဥရောပနိုင်ငံများတွင် ဟော်လန်နိုင်ငံသည် ဟင်းသီးဟင်းရွက်များ စိုက်ပျိုး၍ ဥရောပတိုက်တစ်တိုက်လုံးဆီသို့ ဖြန့်ဖြူးရင်း ကြွယ်ဝသည့် နိုင်ငံဖြစ်လာပါသည်။ ခေတ်မီစိုက်ပျိုးရေး နည်းပညာများကို အသုံးပြုသည့် လယ်ယာစီးပွားရေးကို အခြေခံသည့် နိုင်ငံလည်း ဖြစ်ပါသည်။ ဂျပန်သည်လည်း မြေလွတ်မှန်သမျှတွင် အကုန်စိုက်ပျိုးမှုကို အားပေးသည့် စက်မှုဖွံ့ဖြိုးနိုင်ငံဖြစ်ပါသည်။ ထို့အတူ သီးနှံများ ပိုလျှံစွာ ထွက်သည့်အချိန်တွင် ကုန်ချောထုတ်လုပ်နည်းအတွက် (ဥပမာ – ခရမ်းချဉ်သီးယို၊ ဝဇ္ဇခြောက်၊ သရက်ယို၊ သရက်ဖျော်ရည်ခဲ) သင်တန်းများပါ ကျေးလက်နေလူငယ်များအတွက် ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

ထို့အပြင် ယနေ့ကျေးရွာတိုင်းတွင် ဆိုင်ကယ်၊ ထော်လာဂျီ၊ လယ်ထွန်စက်များဖြင့် လယ်ထွန်ခြင်း၊ ကုန်စည်ပို့ဆောင်ခြင်းများ ဆောင်ရွက်နေပြီဖြစ်ပါသည်။ ထိုစက်အမျိုးအစား ပြုပြင်နည်း သင်တန်းများကိုလည်း ကျေးလက်နေလူငယ်များအား သင်ကြားပေးရန် လိုအပ်နေပေသည်။ ဤသည်မှာ ကျွန်တော်တို့ ယနေ့ပြောင်းလဲမည့် ပညာရေးသည် မြန်မာ့လူဦးရေ ၇၈ ရာခိုင်နှုန်းဖြစ်သည့် ကျေးလက်နေသူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို အခြေခံသည့် သက်မွေးပညာရေး (Rural–based Vocational Education) ဖြစ်ကို ဖြစ်ရပါမည်။

နိုင်ငံတော်ပိုင် သက်မွေးပညာသင်ကျောင်းများအနေဖြင့် မိမိကျောင်းကို လာရောက်သင်ယူသူသာ သင်ပေးသည့် ယနေ့လို သက်မွေးပညာရေးအစား လူမှုစီးပွားမြှင့်တင်ရန် လိုအပ်သော ကျေးလက်ဒေသများဆီသို့ မရောက်ရောက်အောင် သွားရောက်သင်ကြားပေးနိုင်သည့် **"လိုအပ်ချက်ဖြည့်ဆည်းမှု အခြေပြု သက်မွေးပညာရေး"** ဆီသို့ ပြောင်းလဲရန် အချိန်တန်နေပြီ ဖြစ်ပါသည်။ သင်ယူမည့်သူ မလာနိုင်လျှင် သင်ကြားပေးသူက သင်ယူမည့်သူရှိသော အရပ်ဒေသများသို့ သွားရောက်၍ သင်ကြားပေးရန် လိုအပ်ပေလိမ့်မည်။ တောသူတောင်သားများက မြို့တက် စျေးမဝယ်နိုင်လျှင် အိမ်အရောက် ပစ္စည်းရောင်းချသည့် **"စျေးကွက်ရှိရာ ရောင်းသူ အရောက်သွား"** ပုံစံမျိုး ဖြစ်သင့်ပါသည်။ သို့မှသာ လုပ်အားအခြေခံသည့် စိုက်ပျိုးရေးကြောင့် ဝင်ငွေနည်းသောအဆင့်မှ ခေတ်မီနည်းပညာများကို အခြေခံသည့် စိုက်ပျိုးရေးဖြင့် ဝင်ငွေတိုးသော ကျေးလက်နေပြည်သူဘဝဆီသို့ ရောက်ရှိပေလိမ့်မည်။

လူလတ်တန်းစားအလွှာ များပြားရေး (သို့မဟုတ်) ဆင်းရဲမှုလျော့ချရေး

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများ၏ လက္ခဏာတစ်ရပ်မှာ လူတန်းစားကွာဟမှု နည်းပါးခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူလတ်တန်းစားများပြားပြီး ဆင်းရဲသူ နည်းပါးရပါမည်။ ထို့အတူ လူချမ်းသာ လည်း နည်းပါးပါသည်။ လူလတ်တန်းစားသည် စားဝတ်နေရေးအတွက် လုံလောက်သော ဝင်ငွေရရှိကြပါသည်။ လုံလောက်သော ဝင်ငွေ ရရှိရန်အတွက် အဓိကအားဖြင့် နည်းပညာ (သို့မဟုတ်) သက်မွေးမှု အတတ်ပညာတစ်ခုခုဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေကြ သူများပြားခြင်းပင် ဖြစ်ပါသည်။ မဖွံ့ဖြိုးသောနိုင်ငံများတွင် လူတန်းစား ပုံသဏ္ဌာန်သည် တြိဂံပုံ ဖြစ်ပါသည်။

အောက်ခြေတွင် ဆင်းရဲသူ အလွန်များပြားနေခြင်း ဖြစ်ပါသည်။ လူလတ်တန်းစားအလွှာသည်လည်း ဆင်းရဲသူအလွှာထက် အဆမတန် နည်းပါးနေပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လူတန်းစားအလွှာ ပုံသည် စိန်ပုံသဏ္ဌာန်ဖြစ်ပါသည်။ စိန်ပုံသဏ္ဌာန်သည် အောက်ခြေသို့ ကျုံ့ဆင်း၍ အပေါ်တွင်လည်း ချွန်းနေပြီး အလယ်တွင် ကျယ်နေပါသည်။ အလယ်သည် လူလတ်တန်းစားအလွှာကို ဖော်ညွှန်းခြင်း ဖြစ်ပါသည်။ ထိုသို့သော အလယ်အလတ်တန်းစားအလွှာ များပြား၍ စိန်ပုံသဏ္ဌာန် လူတန်းစားအလွှာကို အာရှတိုက်တွင် ဂျပန်၊ ကိုရီးယား၊ စင်ကာပူနှင့် တရုတ်နိုင်ငံ စသည့်ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တွေ့မြင်နိုင်ပါသည်။

အဆိုပါ နိုင်ငံများတွင် သက်မွေးပညာရေး ဖွံ့ဖြိုးသောနိုင်ငံဖြစ်ကြောင်း လေ့လာမှုများအရ သိရှိရပါသည်။ ကျွန်တော်တို့နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် TVET (Tertiary Vocational Education Training) ပညာရေး ဖွံ့ဖြိုးမှသာ ဆင်းရဲသူလျော့ကျပြီး နိုင်ငံ၏လူတန်းစားအလွှာသည် စိန်ပုံသဏ္ဌာန် ဖြစ်ထွန်းလာပေမည်။ **"လူလတ်တန်းစားအလွှာ များပြားခြင်းသည် ကျေးလက်နှင့် မြို့ပြ ဆင်းရဲချမ်းသာ ကွာဟမှုနည်းပါးစေခြင်း၊ နိုင်ငံ၏ ရာဇဝတ်ပြစ်မှု များကို လျော့ကျစေခြင်း၊ နိုင်ငံရေး တည်ငြိမ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းလာခြင်း၊ လူကုန်ကူးမှုများ ရာခိုင်နှုန်းနည်းပါးလာခြင်း တို့ကို ဖြစ်ပေါ်စေသဖြင့် TVET ပညာရေးသည် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှုကို ဖြစ်ထွန်းစေသည့် အခြေခံအချက်ဖြစ်ကြောင်း"** ကို TVET ပညာရေးဖွံ့ဖြိုးသည့် နိုင်ငံများက သက်သေပြသလျက်ရှိပါသည်။

ပညာရေးအဟောသိကံနှုန်း လျော့ချရေး

အောင်မြင်နေသော ပညာရေးကို ကျင့်သုံးနေသည့် နိုင်ငံများတွင် တစ်လမ်းသွား ပညာရေးမဟုတ်ပါ။ မတူကွဲပြားသော ပညာရပ်များ (Diversity) ကို အသက်အရွယ်အရ၊ ဝါသနာအရ သင်ယူနိုင်မည့် လမ်းခွဲများ ရှိရပါမည်။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပြီးမြောက်လျှင် **"မည်ကဲ့သို့သော သက်မွေးပညာရေးကျောင်းများ တက်ရောက်နိုင်ကြောင်း"** ကို အခြေခံပညာ အလယ်တန်းအဆင့် (ယနေ့ Grade 6,7,8,9) နှင့် အထက်တန်းအဆင့် (Grade 10,11,12) တို့တွင် မိတ်ဆက်ထားခြင်းမျိုး ရှိကိုရှိသင့်ပါသည်။

အသက်အရွယ်အလိုက် မိမိလေ့လာ လိုက်စားလိုသော အသက်မွေးဝမ်းကျောင်းပညာရပ်ကို လက်တစ်ကမ်းအကွာတွင် သင်ယူနိုင်သည့် ပညာရေးမျိုး ဖြစ်သင့်ပါသည်။ ယခုအခါတွင် နိုင်ငံတော်အစိုးရ အနေဖြင့် ခရိုင်ပေါင်း ၅၀ အတွင်းရှိ အခြေခံပညာအထက်တန်း ကျောင်းများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်း ကျောင်းများ တွဲဖက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သတင်းထွက်ပေါ်လာသဖြင့် အထူးပင် ဝမ်းသာမိပါသည်။ သက်မွေးပညာရေးသည် နှစ်စဉ်ကျောင်းထွက်မှုနှုန်း မြင့်မားနေမှုကို လျော့ချပေးနိုင်ပါသည်။

စာမျက်နှာ ၇ သို့ ✣

✣ စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံ၏ ယနေ့ ကျောင်းထွက်နှုန်းမှာ အလွန်များပြားလှပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၃ - ၇ - ၂၀၂၂ ရက်နေ့က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုသည့်အခမ်းအနားဌ ပြောကြားသည့် မိန့်ခွန်းတွင် **"၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် သူငယ်တန်းသို့ တက်ရောက်ပညာသင်ကြားသူ ၁၁၈၇၃၉၂ ဦးရှိကြောင်း၊ မူလတန်းအဆင့် အောင်မြင်၍ အလယ်တန်းအဆင့် ပဉ္စမတန်းသို့ တက်ရောက်နိုင်သူ ၈၀၈၈၇၈ ဦး ရာခိုင်နှုန်းအားဖြင့် ၆၈ ဒသမ ၁၂ ရာခိုင်နှုန်းသာ အတန်းစဉ် ကူးပြောင်းနိုင်ခဲ့ကြောင်း၊ ၃၁ ဒသမ ၈၈ ရာခိုင်နှုန်းမှာ မူလတန်းအဆင့်တွင် ကျန်နေခဲ့ကြောင်း၊ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့် နဝမတန်းသို့ တက်ရောက်နိုင်ခဲ့သူ ၅၈၅၁၈၂ ဦး ရှိသည့်အတွက် စတင်ကျောင်းနေသူဦးရေ၏ ၄၉ ဒသမ ၂၈ ရာခိုင်နှုန်းရှိပြီး ၅၀ ဒသမ ၇၂ ရာခိုင်နှုန်းမှာ ကျန်နေခဲ့ကြောင်း၊ နဝမတန်းအဆင့်မှ တက္ကသိုလ်ဝင်တန်းသို့ တက်ရောက်နိုင်သူသည် ၂၃၂၁၄၈ ဦးရှိသဖြင့် စတင်ကျောင်းနေသူဦးရေ၏ ၁၉ ဒသမ ၅၅ ရာခိုင်နှုန်းသာရှိပြီး ၈၀ ဒသမ ၄၅ ရာခိုင်နှုန်းမှာ ကျန်ခဲ့သည်ကို တွေ့ရှိရကြောင်း"** စသည်ဖြင့် မြန်မာနိုင်ငံ၏ ကျောင်းထွက်မှုနှုန်းအား တွက်ပြထားပါသည်။

ဆိုလိုသည်မှာ နှစ်စဉ် သူငယ်တန်းမှ ကျောင်းစတက်သူများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် အခြေခံပညာရေး ပြီးမြောက်အောင် ကျောင်းမတက်နိုင်ခဲ့ကြပါ။ ဤသည်ကို ပညာရေးအဟောသိကံဖြစ်မှု (Education Dropout) ဟုခေါ်ပါသည်။ အဟောသိကံ ဖြစ်နှုန်းများပြားလျှင် တိုင်းပြည်အတွက် အနုတ်လက္ခဏာဖြစ်ပေသည်။ ထိုနှုန်းကို လျှော့ချရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ TVET ပညာရေးလမ်းကြောင်း အသွယ်သွယ်ကို ဖန်တီးထားကာ ထိုကျောင်းထွက်သွားသည့် ကလေးများအား မိမိကြိုက်နှစ်သက်ရာ နည်းပညာနှင့် သက်မွေးပညာရေးလမ်းကြောင်းအတိုင်း ဆက်လက်သင်ယူနိုင်စေရေးဖြစ်ပါသည်။ ဦးသန့်ဆိုခဲ့သလို ပညာသင်ကြားရေးသည် အသက်မွေးဝမ်းကျောင်းဖြစ်ရန် နည်းပညာနှင့် သက်မွေးပညာရေးကို အလေးပေး ဆောင်ရွက်သင့်ပေသည်။

ပညာရေးအဟောသိကံဖြစ်နှုန်းကို ကယ်တင်ရေး

ထိုကျောင်းထွက်သွားသူ ၈၀ ရာခိုင်နှုန်းသည် ပြင်ပတွင် စားပွဲထိုး၊ ဆိုင်အကူ၊ ပန်းကန်ဆေး၊ အမှိုက်လှည်း၊ မိဘများ၏ လယ်ယာလုပ်ငန်းကူ၊ အင့ဘားနွားကျောင်း၊ ဆိတ်ကျောင်း စသည်ဖြင့် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ အဆိုးဆုံးကတော့ လမ်းပေါ်မှာ လေလွင့်သွားကြခြင်းဖြစ်ပါသည်။ တချို့မှာ ဝပ်ရှော့၊ ဆိုင်ကယ်ပြုပြင်ရေး လုပ်ငန်းများတွင် ပင်ပင်ပန်းပန်း ပညာသင်ယူရပါသည်။ ထို့အတူ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပန်းရန်အကူ၊ လက်သမားအကူ၊ သံချည်၊ သံကွေးအကူ စသည်ဖြင့် ကလေးလုပ်သားများအဖြစ် လုပ်ကိုင်နေကြရပါသည်။

ထိုကဲ့သို့ ကျောင်းထွက်သွားရသည့် ကလေး ၈၀ ရာခိုင်နှုန်းခန့် အတွက် သက်မွေးပညာသင်တန်းမျိုးစုံကို နိုင်ငံတော်က ဖွင့်လှစ်ပေးနိုင်မှသာလျှင် အသက် ၁၀ နှစ်မှ ၁၇ နှစ်အရွယ်အတွင်းရှိ လူငယ်များသည် နိုင်ငံ၏ ကုန်ထုတ်စွမ်းအားစု အရင်းအမြစ်များ ဖြစ်လာပေလိမ့်မည်။ သို့မှသာ ကာယအားကိုးသော အလုပ်ကြမ်းသမား (Hard Worker) ဘဝမှသည် နည်းပညာတတ်ကျွမ်းသည့် ကျွမ်းကျင်လုပ်သား (Skillful Labors) များ ဖြစ်လာလိမ့်မည်။ ကျွမ်းကျင်လုပ်သားအဆင့်ဖြစ်မှ ဝင်ငွေလည်း ပိုတိုးပေမည်။

ကျွန်တော်တို့နိုင်ငံတွင် ကျွမ်းကျင်လုပ်သားများ အလုံအလောက်မရှိ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် သူတို့နိုင်ငံမှ ကျွမ်းကျင်လုပ်သားများခေါ်ယူပြီး အသုံးပြုကြသဖြင့် နိုင်ငံတွင်းရှိလုပ်သားများအတွက် အလုပ်ရရှိမှုများ နစ်နာဆုံးရှုံးရပါသည်။ ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကများမှ ဖွင့်လှစ်ထားသော သက်မွေးနှင့်နည်းပညာကျောင်းများရှိသော်လည်း ကျောင်းထွက်နှုန်းနှင့်စာလျှင် တက်ရောက်သူများ အလွန်နည်းပါးပါသေးသည်။ နည်းပါးရသည့် အကြောင်းရင်းမှာ သင်တန်းစရိတ်ကြောင့် ဖြစ်ပါသည်။

အစိုးရကျောင်းများတွင် စရိတ်ကုန်ကျမှု မရှိသော်လည်း ပုဂ္ဂလိကသင်တန်းကျောင်းများတွင် စရိတ်ကုန်ကျမှု များပြားလှပါသည်။ သို့အတွက်ကြောင့် မိသားစုစားဝတ်နေရေး ခက်ခဲသောကလေးများသည် အဆိုပါပုဂ္ဂလိကသင်တန်းကျောင်းများသို့ မတက်ရောက်နိုင်ကြပါ။ ယနေ့အခြေအနေတွင် ဆင်းရဲသောမိသားစုများ၏ ကလေးများအတွက် အစိုးရက ဖွင့်လှစ်ပေးသော အခမဲ့ (သို့မဟုတ်) အလုပ်ဝင်လျှင် အချိုးကျပြန်လည်ပေးဆပ်ရသည့် သက်မွေးနှင့် နည်းပညာသင်ကျောင်းများကို လုံလုံလောက်လောက် ဖွင့်လှစ်ပေးရန် လိုအပ်နေပြီဟုမြင်မိပါသည်။ ယခင်ကလို စက်ပြင်၊ သံချည်သံကွေး၊ လျှပ်စစ်၊ စိုက်ပျိုးမွေးမြူရေးတို့သာမက ယနေ့ အီလက်ထရွန်နစ်၊ ဆက်သွယ်ရေး နည်းပညာမျိုးစုံ၊ လက်ကိုင်ဖုန်းပြင်ဆင်သည့် နည်းပညာ၊ အလှပြင်နည်းပညာ (ဆံပင်၊ မိတ်ကပ်၊ အိမ်တွင်းအလှဆင်၊ ခန်းမအလှဆင်)၊ ဒီဇိုင်းအသစ်ထွင်နည်းပညာ၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ရိုးရာပစ္စည်းများကို အဆင့်မြှင့်တင် ထုတ်လုပ်ခြင်းနည်းပညာများနှင့် ထိန်းသိမ်းမှု (ဂျပန်နိုင်ငံသည် ရိုးရာပစ္စည်းများကို ထုတ်လုပ်ပြီး ကမ္ဘာလုည့်ခရီးသည်များကို ဆွဲဆောင်နိုင်မှုကြီးမားသည့် နိုင်ငံဖြစ်ခြင်း)၊ ခေတ်နှင့်အညီ ရိုးရာမုန့်မျိုးစုံလုပ်နည်း စသည်တို့ကို သင်ကြားပေးနိုင်မည့် ခေတ်မီသက်မွေးနှင့် နည်းပညာတတ်ကျွမ်းသူများ မွေးထုတ်ပေးသည့် (Vocational Education) ဖြစ်ရန် လိုအပ်ပါသည်။

သို့မှသာ ယနေ့ အခြေခံပညာရေးအား ပြီးမြောက်မှုမရှိဘဲ ကျောင်းပြင်ပသို့ ရောက်ရှိနေသော လူငယ် ၈၀ ရာခိုင်နှုန်းခန့်အား သက်မွေးပညာများကို သင်ကြားပေးနိုင်မည်ဖြစ်ပါသည်။ သို့မှသာ ယခုဆောင်းပါးအစတွင် ဦးသန့် ညွှန်းခဲ့သလို **"လူဖြစ်ရကျိုး ဆုံးရှုံးသူများဘဝ"** မရောက်မှာပါ။ ထို့အတူ အတန်းကူးပြောင်းမှုနှုန်းမြင့်မားစေရေးအတွက် ထိုသင်တန်းကျောင်းများအား ကျောင်းသင်ပညာရေး၏ အလယ်တန်းအဆင့် (သို့မဟုတ်) အထက်တန်းအဆင့်နှင့် ညီမျှမှုဟုဆိုအပ်သည့် **"တန်းညီစနစ်"** ထားရှိပေးရန်လည်း လိုအပ်သည်ဟု မြင်မိပါသည်။

ကျွမ်းကျင်လုပ်သား လိုအပ်ချက်ဖြည့်ဆည်းရေး

ဆောင်းပါးအစတွင် ဖော်ပြခဲ့သကဲ့သို့ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် သက်မွေးပညာကျောင်းဆင်းဦးရေမှာ ၆၀၂၃၀ သာရှိကြောင်း သိရပါသည်။ ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၀၁၃ ရာခိုင်နှုန်းသာရှိပါသည်။ အခြေခံပညာကျောင်းထွက်နှုန်း ၈၀ ရာခိုင်နှုန်းခန့်နှင့် နှိုင်းယှဉ်လျှင် အလွန်ပင်

> **"နှစ်စဉ် သူငယ်တန်းမှ ကျောင်းစတက်သူများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် အခြေခံပညာရေးပြီးမြောက်အောင် ကျောင်းမတက်နိုင်ခဲ့ကြပါ။ ဤသည်ကို ပညာရေးအဟောသိကံဖြစ်မှု (Education Dropout) ဟုခေါ်ပါသည်။ အဟောသိကံဖြစ်နှုန်းများပြားလျှင် တိုင်းပြည်အတွက် အနုတ်လက္ခဏာဖြစ်ပေသည်။ ထိုနှုန်းကိုလျှော့ချရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ TVET ပညာရေးလမ်းကြောင်းအသွယ်သွယ်ကို ဖန်တီးထားကာ ထိုကျောင်းထွက်သွားသည့်ကလေးများအား မိမိကြိုက်နှစ်သက်ရာ နည်းပညာနှင့် သက်မွေးပညာရေးလမ်းကြောင်းအတိုင်း ဆက်လက်သင်ယူနိုင်စေရေးဖြစ်ပါသည်။ ဦးသန့်ဆိုခဲ့သလို ပညာသင်ကြားရေးသည် အသက်မွေးဝမ်းကျောင်းဖြစ်ရန် နည်းပညာနှင့် သက်မွေးပညာရေးကို အလေးပေးဆောင်ရွက်သင့်"**

နည်းပါးနေပါသေးကြောင်း သတိပြုပြီး နည်းပညာနှင့် သက်မွေးပညာကျောင်းများကို မဖြစ်မနေဖြည့်ဆည်းပေးနေရပါလိမ့်မည်။ မြန်မာနိုင်ငံတွင် ပန်းရန်အကူလုပ်ရင်း ပန်းရန်ဆရာဖြစ်လာသူ၊ လျှပ်စစ်လုပ်ငန်းကူရင်း လျှပ်စစ်မီးပြင်ဆရာ၊ ရေဆေးဆီလိုက်၊ ဝက်အူဖြတ်တပ်တာဝိုင်းကူရင်း မကွင်းနစ် (Mechanic) ဆရာ၊ ကားစမ်းမောင်းရင်း ကားဆရာ စသည်ဖြင့် တတ်မြောက်လာကြပါသည်။ ဆရာများက တပည့်များအား သီအိုရီအခြေခံကို တိတိကျကျ သင်ကြားပေးနိုင်မှု အားနည်းခဲ့ပါသည်။ ထို့ကြောင့် တပည့်များသည် သီအိုရီအခြေခံကို တတ်ကျွမ်းမှု အားနည်းခဲ့ပါသည်။ ဥပမာ ပန်းရန်ဆရာသည် နောက်တစ်နေ့လုပ်မည့် အုတ်ကို တစ်ညတာ ရေဝင်အောင်မည်သို့စိမ်ရမည် (သို့မဟုတ်) ရေများများ ပက်ဖျန်းထားရမည်ဆိုသည်ကို မသိခဲ့ပါ။ ထို့အတူ မဆလာဖျော်ရမည့် သဲသည် ခဲ၊ ရွှံ့၊ ဆပ်ပြာပေါက်မှု ကင်းရမည် (အထူးသဖြင့် မြန်မာပြည်အလယ်ပိုင်းဒေသရှိသဲများ) ကိုလည်း သိရပါမည်။

ဆောက်လုပ်ရေးလုပ်ငန်းတွင် စျေးအပေါဆုံး သဲကိုပင် ပန်းရန်စွမ်းရည်နိမ့်ကျသဖြင့် စိစစ်မှုမရှိ၍ အဆိုပါသန့်ရှင်းမှု မရှိသည့် သဲမျိုးကို အသုံးပြုခြင်းဖြင့် တည်ဆောက်မိပါက တန်ဖိုးကြီးသော အဆောက်အအုံ ခိုင်မြဲမှုနှင့် အရည်အသွေး ပျက်စီးနိုင်ကြောင်း သိရပါမည်။ ဤကဲ့သို့ သီအိုရီအခြေမခိုင်သော တတ်ကျွမ်းမှုကြောင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဝင်လာသည့်အချိန်တွင် **"ကျွမ်းကျင်လုပ်သား"** (Skillful Worker) ရှားသည့်အဖြစ်မျိုး ကြုံတွေ့ရပါသည်။ ကျွမ်းကျင်လုပ်သားကို နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများက သက်ဆိုင်ရာ **"ကျောင်းဆင်းလက်မှတ်"** နှင့် အချို့နေရာများတွင် အဖွဲ့အစည်းများက ထုတ်ပေးသော ကျွမ်းကျင်လက်မှတ်များ တောင်းဆိုတတ်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက စနစ်တကျ လေ့ကျင့်ပေးထားသော သက်မွေးပညာသင်တန်းကျောင်းတစ်ခုခုမှာ သင်ကြားခဲ့သော **"တတ်ကျွမ်းသူပညာရှင်"** (Technician) များကိုသာ လိုချင်ကြခြင်းဖြစ်ပါသည်။ တတ်ကျွမ်းသူပညာရှင်အဆင့်အနေဖြင့် ကောလိပ်အဆင့်၊ သိပ္ပံအဆင့်များမှ မွေးထုတ်ပေးပါသည်။ ဥပမာ စက်မှုလက်မှု သိပ္ပံကျောင်းများ၊ စိုက်ပျိုးရေး သိပ္ပံကျောင်းများ စသည်တို့ဖြစ်ပါသည်။ အခြေခံပညာအဆင့် ပြီးမြောက်သူများသာ တက်ရောက်နိုင်ပါသည်။ များသောအားဖြင့် ဒီပလိုမာလက်မှတ်သာ အပ်နှင်းပြီး ဘွဲ့လက်မှတ်အထိ သင်ကြားပေးနိုင်ခြင်းမရှိပါ။ ထို့အတူ အခြေခံပညာ အလယ်တန်းအဆင့်ပြီးမြောက်အောင်မြင်သူများအတွက် နည်းပညာအထက်တန်းကျောင်းများ ပိုမိုဖွင့်လှစ်ပေးရန် လိုပေလိမ့်မည်။

ကျေးရွာအခြေပြု သက်မွေးပညာရေးနှင့် နိုင်ငံဖွံ့ဖြိုးမှု

မြန်မာနိုင်ငံတွင် TVET ပညာရေးသည် အဆန်းတော့မဟုတ်ပါ။ လက်ရှိတွင်လည်း ကျင့်သုံးလျက်ရှိပါသည်။ သို့သော် ပညာရပ် အမျိုးအစားအရေအတွက် နည်းပါးမှုနှင့် ပြည်သူ့သိအောင် အသိပညာပေးမှု အားနည်းခြင်းကြောင့် စိတ်ဝင်စားမှုများ နည်းပါးနေပါသေးသည်။ ယခုလက်ရှိ သုနာပြုသင်တန်းများ၊ ဆရာဖြစ်သင်ကောလိပ်များ၊ စက်မှုလက်မှုသိပ္ပံများ စသည်တို့သည် ရှိပြီးသားဖြစ်ပါသည်။ ယနေ့ အခြေအနေမှာတော့ ထိုပညာရပ်များအပြင် ခေတ်နှင့်ညီသော ပညာရပ်များကိုလည်း ထပ်မံဖြည့်စွက် သင်ကြားပေးရန် လိုအပ်နေပြီဟု မြင်မိပါသည်။ နည်းပညာနှင့် သက်မွေးပညာဖွံ့ဖြိုးမှ နိုင်ငံတွင်လည်း ဆင်းရဲမှုများ လျော့ကျလာကာ လူလတ်တန်းစားအလွှာများပြားလာပေလိမ့်မည်။ ထင်ရှားသည့် သာဓကအနေဖြင့် ဒုတိယကမ္ဘာစစ်အပြီးတွင် စစ်ပွဲကိုဦးဆောင်ခဲ့ပြီး စစ်ရှုံးခဲ့သည့် ဂျာမနီနှင့် ဂျပန်နိုင်ငံတို့သည် ပြာပုံဘဝမှ ရုန်းထရန် **"မာရှယ်စီမံကိန်း"** ကို ဆောင်ရွက်ခဲ့ပါသည်။ ထိုစီမံကိန်းတွင် နည်းပညာနှင့် သက်မွေးပညာ ပညာရေး (TVET) ဖွံ့ဖြိုးရေးကို အခြေပြုသည့် အသေးစားနှင့် အလတ်တန်းစားစီးပွားရေးလုပ်ငန်များ (SME) တိုးတက်ရေးကို အဓိကထား၍ ဆောင်ရွက်ခဲ့ပါသည်။

TVET ကို အခြေခံရသည့် အကြောင်းရင်းမှာ ထိုနှစ်နိုင်ငံသည် ယခင်ကပင် TVET ပညာဖွံ့ဖြိုးသည့် နိုင်ငံများဖြစ်သောကြောင့် ဖြစ်ပါသည်။ ပြည်တွင်းစစ်ဖြစ်ခဲ့ပြီး ဆင်းရဲတွင်းနက်နေသည့် တောင်ကိုရီးယားနိုင်ငံတွင်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်ခြင်းနှင့်အတူ TVET နည်းပညာကိုပါ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခဲ့သဖြင့် ကျေးရွာနှင့် မြို့ပြအကြား ဆင်းရဲချမ်းသာကွာဟနေမှုကို လျှော့ချနိုင်ခဲ့ပါသည်။ ထို့အတူ တရုတ်နိုင်ငံတွင်လည်း ကျေးလက်နေဆင်းရဲသူများပြားရာမှ TVET ဖြင့် စိန်ပုံသဏ္ဌာန် လူတန်းစားအလွှာ ဖြစ်လာခဲ့ပါသည်။ တစ်နည်းအားဖြင့် လူလတ်တန်းစားအလွှာများ ပိုမိုများပြားလာခဲ့ပါသည်။ ပြာပုံဘဝမှ ရုန်းထ၍ လူလတ်တန်းစားအလွှာ များပြားရခြင်းမှာ ထိုလေးနိုင်ငံတွင် TVET နည်းပညာများ ဖွံ့ဖြိုးလာမှုကြောင့်ပင် ဖြစ်ပါသည်။

ယခုအခါ ထိုပြာပုံဘဝမှ ရုန်းကန်နိုင်ခဲ့သည့် နိုင်ငံလေးနိုင်ငံသည် ကမ္ဘာ့ထိပ်တန်းဖွံ့ဖြိုးသည့် နိုင်ငံစာရင်းဝင် ဖြစ်နေပြီဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်တော်တို့ ယနေ့ပြောင်းလဲမည့် ပညာရေးတွင် ဆောင်းပါးအစ၌ ဦးသန့် ညွှန်းဆိုခဲ့သကဲ့သို့ **"ပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်တစ်ရပ်သည် အသက်မွေးဝမ်းကျောင်းအတွက် ဖြစ်သင့်သည်"** ဟူသည့် အချက်နှင့်ကိုက်ညီမည့် **"နည်းပညာနှင့် သက်မွေးပညာရေးဖွံ့ဖြိုးမှု"** ကို အဓိကဦးစားပေးအဆင့်မှာ ထားရှိ ဆောင်ရွက်နိုင်မှသာလျှင် **"ပညာရေး အဟောသိကံဖြစ်မှုကို တားဆီးနိုင်ခြင်း"**၊ **"အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းနိုင်ခြင်း"**၊ **"ဆင်းရဲမှု လျှော့ချနိုင်ခြင်း"** နှင့် **"လူလတ်တန်းစားအလွှာ ပိုမိုများပြားလာကာ နိုင်ငံတည်ငြိမ်အေးချမ်းစေမှုကို ဖြစ်ထွန်းစေခြင်း"** စသော အကျိုးကျေးဇူးများကို တစ်ပြိုင်နက်တည်း ခံစားရပါလိမ့်မည်။

ထိုသို့ လက်တွေ့အကောင်အထည်ဖော်ခဲ့ခြင်းကို ဂျာမနီ၊ ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့၏ TVET ပညာရေးဖွံ့ဖြိုးမှုကြောင့် ယင်းနိုင်ငံများသည် ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုးမှု ပထမကမ္ဘာအဆင့် ဆီသို့ တက်လှမ်းနိုင်မှုကို စံနမူနာထား၍ **"နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးသည် နိုင်ငံဖွံ့ဖြိုးရေး၏ အဓိကသော့ချက်"** ဟု ခံယူကျင့်သုံးပြီး မဖြစ်မနေ ယင်းပညာရေးကဏ္ဍ ဖွံ့ဖြိုးအောင် ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အခုရတဲ့ဆုက အမျိုးသားစာပေတစ်သက်တာဆုဆိုတော့ စာရေးဆရာတွေအားလုံးရဲ့ အန္တိမရည်မှန်းချက်ကြီးပါပဲ။ ဒီဆုဟာ စာပေလောကအတွက် အမြင့်ဆုံးဆုလို့ ပြောလို့ရပါတယ်

စာပေပညာရှင် ဆရာကြီးဦးမြတ်သူ(တက္ကသိုလ်မြတ်သူ)

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုများကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

တွေ့ဆုံမေးမြန်း - လင်းရာမ၊ ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ - ကိုထက်၊ ကနူး

စာပေပညာရှင် ဆရာကြီးဦးမြတ်သူ (တက္ကသိုလ်မြတ်သူ)

"အခုရတဲ့ဆုက အမျိုးသားစာပေတစ်သက်တာဆုဆိုတော့ စာရေးဆရာတွေအားလုံးရဲ့ အန္တိမရည်မှန်းချက်ကြီးပါပဲ။ ဒီဆုဟာ စာပေလောကအတွက် အမြင့်ဆုံးဆုလို့ ပြောလို့ရပါတယ်။ ဒါကိုမှန်းကျတာပေါ့။ အခုလိုကိုယ်ရပြီဆိုတော့ ဝမ်းသာပါတယ်။ ဂုဏ်ယူပါတယ်။ အခုလို ဆုချီးမြှင့်တဲ့အတွက် နိုင်ငံတော်ကိုရော၊ ပြန်ကြားရေးဝန်ကြီးဌာနကိုရော၊ စာပေဆုစိစစ်အကဲဖြတ်ရေးအဖွဲ့တွေကိုရော အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အထူးအားဖြင့်တော့ စာပေတွေကို အစဉ်တစိုက်ဖတ်ရှုလာကြတဲ့ စာဖတ်ပရိသတ် ပြည်သူတွေကို အများကြီးကျေးဇူးတင်ပါတယ်။ သူတို့မြှောက်စားလို့သာ ကျွန်တော်ဒီအဆင့် ဒီလိုအခြေအနေကို ရောက်ရှိလာတာဖြစ်ပါတယ်။

အခုက အသက်(၉၂)နှစ်ထဲ ရောက်နေပါပြီ။ စာရေးသက်က ၁၉၄၆ ခုနှစ်က ကဗျာစရေးတာ အခုဆို ၇၇ နှစ် ရှိပါပြီ။ ၁၉၅၇ ခုနှစ် ဇွန်လမှာ ပြည်တော်စိုးသတင်းစာမှာ သတင်းထောက်အဖြစ်နဲ့ စဝင်တယ်။ သတင်းထောက်၊ အယ်ဒီတာ၊ ဒုတိယအယ်ဒီတာချုပ်၊ အယ်ဒီတာချုပ် စသဖြင့်လုပ်ခဲ့ပြီးတော့ အဲဒီက အငြိမ်းစားယူပြီးတော့လည်း မနားရပါဘူး။ အကြံပေးအဖြစ် ဆက်လက်လုပ်ကိုင်ခဲ့ပါတယ်။ ဆုတွေဘာတွေ မျှော်မှန်းပြီးတော့ စာပေအလုပ်ကို လုပ်ခဲ့တာမဟုတ်ဘူး။ ကိုယ့်တာဝန်ကိုယ်ကျေတဲ့ သဘောမျိုးနဲ့ လုပ်ခဲ့တာပါ။ အဲဒီလိုသဘောနဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် ပြည်သူရဲ့မေတ္တာပြန်ရတာလို့ ခံယူပါတယ်။ ပြည်သူရဲ့မေတ္တာပြန်ရတဲ့အတွက်ကြောင့်လည်း အခုလိုမျိုးအောင်မြင်တဲ့ စာရေးဆရာတစ်ယောက်ဖြစ်လာတာပါ။ အဲဒီလိုအခြေအနေမျိုးမှာ နိုင်ငံတော်က အခုလိုမျိုး ချီးမြှင့်တယ်၊ ဂုဏ်ပြုတယ်၊ မြှောက်စားတယ်ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ ပိုအားရှိတာပေါ့။ တိုင်းပြည်အတွက် ပိုပြီးတော့ ရေးချင်သားချင်တဲ့စိတ်တွေ ပေါ်ပေါက်လာတာပေါ့။ အခု အသက်က (၉၂)နှစ်၊ မနက်ဖြန်မသေသေးဘူး၊ သန်ဘက်ခါမသေသေးဘူးဆိုရင် စာတွေရေးနေဦးမှာ ဖြစ်ပါတယ်။ သတင်း၊ စာပေတွေ ရေးသားခဲ့တာ ကလောင်ခွဲပေါင်း ၁၉၇ ခုရှိပါတယ်။ အဲဒီထဲမှာ ဆောင်းပါးက ၂၅၀၀၀ လောက်၊ ခေါင်းကြီးက ၁၀၀၀ ကျော်၊ ကဗျာအပုဒ်ရေက ၃၀၀ ကျော် ရေးသားခဲ့ပါတယ်။ အဲဒါက ကျွန်တော်က တိုင်းပြည်ကျေးဇူးကို ပြန်ဆပ်တာ၊ နိုင်ငံတော်ကျေးဇူးကို ပြန်ဆပ်နေတာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ တိုင်းပြည်ကြီးလည်း အေးချမ်းပါစေ၊ တိုးတက်ပါစေ၊ ဖွံ့ဖြိုးပါစေလို့ ဆန္ဒပြုပါတယ်။"

ဆရာကြီး တက္ကသိုလ်မြတ်သူကို ၁၉၃၁ ခုနှစ် ဇွန် ၁ ရက် တနလင်္ဂနေ့တွင် မြင်းခြံမြို့ ကွေ့ကြီးရပ်ကွက်၌ ကျန်းမာရေးအရာရှိ ဦးကံညွန့်- ဆရာမကြီး ဒေါ်မြင်ကတို့က မွေးဖွားခဲ့သည်။ မွေးချင်းများတွင် ဒုတိယအကြီးဆုံးဖြစ်သည်။ နာမည်ရင်းမှာ ကျော်ဇင်ညွန့်ဖြစ်သည်။ မြင်းခြံတိုင်းရင်းမြန်မာသိပ္ပံကျောင်း၊ အစိုးရအထက်တန်းကျောင်းတို့တွင် ပညာဆည်းပူးကာ ၁၉၅၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်းနှင့် တန်းမြင့်ကျောင်းတွင် စာမေးပွဲအောင်ကာ မန္တလေးတက္ကသိုလ်သို့ တက်ရောက်သည်။

၁၉၄၆ ခုနှစ်မှစ၍ ကဗျာများ စတင်ရေးသားသည်။ ၁၉၄၈ ခုနှစ် သွေးသောက်မဂ္ဂဇင်းတွင် ပျံလွှားနှင့် နှင်းဆီ ကဗျာ၊ ၁၉၅၂ ခုနှစ် မန္တလေးတက္ကသိုလ် နှစ်ပတ်လည် မဂ္ဂဇင်းတွင် ဘိုင်အိုမယ်ကဗျာတို့ ပုံနှိပ်ဖော်ပြခံရသည်။ ၁၉၅၂ ခုနှစ်ကုန်ပိုင်းမှစပြီး ရန်ကုန်သို့ဆင်းလာ၍ ငွေစာရင်းမင်းကြီးရုံး၊ ပညာမင်းကြီးရုံးတို့တွင် စာရေးဝင်လုပ်ရင်း ကဗျာများ ဆက်တိုက်ရေးပြီး သွေးသောက်၊ ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ စုံထောက်မဂ္ဂဇင်းတို့တွင် ထည့်သွင်းခဲ့သည်။ ၁၉၉၅ ခုနှစ်က ရွှေစောင်းသံကဗျာများ စာအုပ်ဖြင့် အမျိုးသားစာပေဆု(ကဗျာ)ရရှိခဲ့သည်။

၁၉၅၄၊ ၁၉၅၅၊ ၁၉၅၆၊ ၁၉၅၇ ခုနှစ်များတွင် မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ပန်းအိုင်ရွာ အစိုးရအလယ်တန်းကျောင်းတွင် အလယ်တန်းပြ ဆရာဝင်လုပ်ရင်း ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို စသည်ဖြင့် စာမျိုးစုံရေးဖြစ်သည်။ ၁၉၅၇ ခုနှစ် ဇွန်လတွင်အလုပ်မှထွက်ကာ သတင်းစာလောကသို့ စတင်ဝင်ရောက်သည်။ ပြည်တော်စိုးညနေသတင်းစာတွင် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် ခေတ်သစ္စာသတင်းစာ၌ အယ်ဒီတာဖြစ်လာသည်။ ပြည်သူ့အိုးဝေ၊ အမျိုးသား၊ ရွှေဝါရောင်ဂျာနယ်၊ ရုပ်ရှင်ကြေးမုံ၊ သီလဝစာစောင်၊ ဗိုလ်တထောင်၊ ကြေးမုံ၊ မြန်မာ့အလင်း၊ လုပ်သားပြည်သူ့နေ့စဉ်၊ ဟံသာဝတီ သတင်းစာတို့တွင် အယ်ဒီတာမှ အယ်ဒီတာချုပ်အထိ တာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၉၅၉ ခုနှစ်မှစပြီး လုံးချင်းဝတ္ထုများ ရေးသားခဲ့သည်။ မကြွေပါနဲ့၊ အောင်မြေမြမန်း၊ မေတ္တာရေကြည်အိုင်၊ ကဗျာရူးမလေး၊ ကြယ်ကြွေသောည၊ မေတ္တာရေစီးကြောင်း၊ ပန်းချီဆရာမ၊ သစ္စာဘုံခွင်၊ ရေမြေခြား၊ နဒီချမ်းမြလွမ်းစရာပုံပြင်၊ ပီပြင်မေတ္တာ၊ ကလျာ၊ လရောင်ဆမ်းမှ လန်းသောပန်း၊ ပဲ့စင်ကလူပ် လှိုင်းကပုတ်စသော လုံးချင်းဝတ္ထုများ၊ ဘက်စုံသတင်းစာပညာ(ဒုတိယအကြိမ်ဖြည့်စွက်ထုတ်)၊ ဗုဒ္ဓနောက်ပါးမှ ကမ္ဘာ့လူသားများ(ဒုတိယအကြိမ်ဖြည့်စွက်ထုတ်)၊ ပါလီမန်မြင်ကွင်း(ဒုတိယအကြိမ် ဖြည့်စွက်ထုတ်)၊ အမေရိကန်ပြည်သူတို့၏ ဧည့်သည် ကျွန်တော်(ဒုတိယအကြိမ်ထပ်ထုတ်)၊ ရွှေစောင်းသံကဗျာများ (၁၉၉၅ ခုနှစ်၊ အမျိုးသားစာပေဆုရ)၊ ဆိုရှယ်လစ်နိုင်ငံများမှ ပြည်သူ့ဝတ္ထုတိုများ(ဘာသာပြန်)၊ အသက် ၇၅ နှစ်ပြည့် (စိန်ရတု)အမှတ်တရ၊ မြက်ခင်းပေါ်မှ ကျွန်တော့်စာများ၊ စီအိုင်အေ(စုစုပေါင်းလေးအုပ်)၊ အမေရိကကို ဘယ်သူအုပ်စိုးနေသလဲ၊ မည်သစတမ်း၊ ဒို့အနာဂတ် ဒို့ဖန်တီးကြမည်၊ အိုဆမာ ဘာလာဒင်၊ ကမ္ဘာ့ကွန်မြူနစ်ဝါဒနှင့် မြန်မာ့ကွန်မြူနစ်များ၊ မြန်မာတို့ ရွေးကောက်ပွဲအတွေ့အကြုံများ၊ နိုင်ငံရေးနှင့် နိုင်ငံရေးပါတီ၊ ပြည်ထောင်စု ဝံသာနုရက္ခိတ၊ စာရေးဆရာ သတင်းစာဆရာကြီး လေးဦး၏ထူးကဲသောစံများ၊ ကိုယ်တိုင်ရေး ဝတ္ထုတိုပေါင်းချုပ်၊ ဆောင်းပါးပေါင်းချုပ် စာအုပ်များ၊ ခေတ်ပြိုင်မီဒီယာ၊ ဒို့ခေတ်တွင်မှ ညံ့ကြတော့မှာလား၊ ဇရာဝတီမှ ဗော်လ်ဂါ-ယန်စီနှင့် ဒင်ညဆီသို့ စသည့်စာအုပ်များ၊ ဆောင်းပါးပုဒ်ရေ နှစ်သောင်းခွဲကျော် ရေးဖြစ်ခဲ့သည်။

ပြည်ပသို့ စာရေးဆရာ၊ သတင်းစာဆရာအဖြစ် ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်၊ ဖင်လန်၊ ဟန်ဂေရီ၊ ပိုလန်၊ အရှေ့ဂျာမနီ၊ အမေရိကန်ပြည်ထောင်စု၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဂျပန်၊ စင်ကာပူနိုင်ငံများသို့ သွားရောက်ခဲ့သည်။

၁၉၉၃ မှ ၂၀၀၇ ခုနှစ်အထိ အမျိုးသားညီလာခံ-အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာမှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီအထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်၊ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီမှဇွန်လကုန်အထိ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်တို့တွင် ပါဝင်ခဲ့သည်။

ရရှိခဲ့သောဆုများ၊ ဘွဲ့များအနေဖြင့် အမျိုးသားစာပေဆု(၁၉၉၅)၊ တိုင်းကျိုးပြည်ပြု ဆောင်းပါးရှင်ဆု (၁၉၉၇)၊ လူမှုထူးချွန် (ဒုတိယ) (၂၀၀၇)၊ စည်သူဘွဲ့(၂၀၁၂ လွတ်လပ်ရေးနေ့)၊ တစ်သက်တာစာပေဆု (၂၀၁၈)၊ ပခုက္ကူဦးအုံးဖေ)၊ တစ်သက်တာစာပေဆု(၂၀၂၁)၊ အလင်္ကာကျော်စွာဘွဲ့(၂၀၂၂)တို့ကို ရရှိခဲ့သည်။

စာပေပညာရှင် ဆရာကြီးဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)

"ကျွန်တော်က ဒီနှစ်အမျိုးသားစာပေတစ်သက်တာဆုရရှိပါတယ်။ ဒီအမျိုးသားစာပေတစ်သက်တာဆုဆိုတာကတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ အခုအချိန်မှာ ပေးတဲ့စာပေဆုတွေထဲမှာ အမြင့်မားဆုံးဆုဖြစ်တဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ စာပေလောကမှာ ကျွန်တော့်အသက် ၁၃ နှစ်၊ ၁၄ နှစ်အရွယ်ကစပြီးတော့ ကျွန်တော်လျှောက်လှမ်းခဲ့ပါတယ်။ ကဗျာတွေရေးတယ်၊ ဝတ္ထုတွေ ရေးတယ်၊ ဆောင်းပါးတွေရေးခဲ့တယ်။ အများဆုံးကတော့ ကဗျာပဲရေးပါတယ်၊ အခုထိရေးနေတုန်းပဲ ရှိပါသေးတယ်။ ရေးခဲ့ပြီး ကဗျာပုဒ်ရေအနေနဲ့ကတော့ ကဗျာပုဒ်ရေ ၂၀၀၀ ဝန်းကျင်ခန့် ရှိပါလိမ့်မယ်။ ကဗျာပေါင်းချုပ် စာအုပ်အနေနဲ့ ကျွန်တော် ရှစ်အုပ်ထုတ်ခဲ့ဖူးပါတယ်။ ကဗျာရေးနည်းစာအုပ် ကဗျာစပ်ပုံ စပ်နည်းစုံဆိုတဲ့ စာအုပ်တစ်အုပ်လည်း ခုနစ်ကြိမ်လောက် ပြန်ပြီးတော့ထုတ်ပြီး သားဖြစ်ပါတယ်။ ကဗျာပေါင်းချုပ်စာအုပ် တစ်အုပ်တစ်အုပ်မှာတော့ အပုဒ်ရေက ၈၀၊ ၉၀၊ ၁၀၀ ဝန်းကျင် ပါပါတယ်။

ကျွန်တော်က အသက်ငယ်ငယ်လေးတည်းက ကဗျာစာပေနဲ့ မွေ့လျော်ပြီးတော့ ကဗျာကို တစိုက်မတ်မတ် စပ်ဆိုခဲ့တာဖြစ်လို့ ပထမဦးဆုံး ကဗျာပေါင်းချုပ်က သံလွင်ကမ်းမှပန်းအိပ်မက်ဆိုတဲ့ စာအုပ်နဲ့ ၁၉၈၁ ခုနှစ် အမျိုးသားစာပေဆု ရပါတယ်။ အမျိုးသားစာပေဆု ခုနစ်ကြိမ်ရခဲ့ဖူးပါတယ်။ စာအုပ် ခုနစ်အုပ်က ရခဲ့ပါတယ်၊ စာအုပ် ခုနစ်အုပ်ထဲမှာတော့ ကဗျာပုဒ်ရေကတော့ ၆၀၀၊ ၇၀၀ လောက်ပါနိုင်တာပေါ့လေ၊ ဒါပေမဲ့ ကျွန်တော် ရှစ်အုပ်ထုတ်ခဲ့တာ ဖြစ်ပါတယ်၊ တစ်အုပ်ကတော့ အမျိုးသားစာပေဆုမရပါဘူး။ ကျွန်တော့် အနေနဲ့ မြန်မာကဗျာတွေကိုပဲ တစိုက်မတ်မတ် ရေးဖွဲ့ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့က မြန်မာကဗျာ စပ်ပုံစပ်နည်းအတိုင်းပဲ ဂန္ဓဝင်ကဗျာစပ်နည်းလို့ပြောတဲ့ လေးလုံးစပ်တို့၊ ဒွေးချိုးတို့၊ တြိချိုးတို့၊ လေးချိုးတို့ အချင်းကဗျာတွေ၊ အချိုးကဗျာတွေ ဒီလိုကဗျာတွေပဲ ရေးဖြစ်ခဲ့ပါတယ်။

ဒီကနေ့ဆိုရင် နိုင်ငံတော်က စာပေလောကတစ်ခုတည်း မဟုတ်ပါဘူး။ တကယ် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ပေးနေတာ တွေ့ရတဲ့အတွက်ကြောင့် အင်မတန်မှ ကျေနပ်ဝမ်းသာကြည်နူးမိပါတယ်။ မကြာခင်က ကျင်းပပြီးစီးသွားတဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဆိုရင်လည်း ပျောက်ကွယ်နေရာကနေ အခုလိုမျိုး စည်စည်ကားကား အချိန်တိုအတွင်းမှာ တစ်တိုင်းတစ်ပြည်လုံးက တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ပါဝင်ပြီးတော့ အနုပညာပွဲတော်ကြီး ကျင်းပခဲ့တာလည်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးတာပဲ ဖြစ်ပါတယ်။

အဲဒီလိုပဲ အခုစာပေနဲ့ပတ်သက်ပြီး

စာပေပညာရှင် ဆရာကြီးဦးမြတ်သူ

စာပေပညာရှင် ဆရာကြီးဦးအုန်းမောင်

ဒေါက်တာမျိုးသန့်တင်

ပြောမယ်ဆိုရင်လည်း နိုင်ငံတော်ကနေပြီး တော့မှ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေစာပေဆု အဲလိုစာပေဆုတွေကိုနှစ်စဉ် တကယ့်ကိုပွဲကြီးသဘင်ကြီးတွေကျင်းပပြီးတော့ ချီးမြှင့်ပေးနေတာဖြစ်ပါတယ်။ ဆုငွေတွေကိုလည်း အတတ်နိုင်ဆုံး တိုးတက်တိုးတက်ပြီးတော့မှ ချီးမြှင့်ပေးလာတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့ စာပေလောကက စာပေကို လေ့လာရေးသားတဲ့သူတွေ စာပေဖတ်ရှုတဲ့သူတွေအတွက်လည်း ဒီလိုဆောင်ရွက်ပေးလို့ အင်မတန်မှ အားတက်ဝမ်းသာစရာလည်း ဖြစ်ပါတယ်။ အမျိုးသားယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပေးပြီးသား ဖြစ်တဲ့အပြင် ကျွန်တော်တို့ ယဉ်ကျေးမှုအမွေအနှစ်ပေါ့လေ၊ ကျွန်တော်တို့က ဘာသာသာသနာအမွေ၊ ယဉ်ကျေးမှုအမွေ၊ မြေပိုင်နက်အမွေ၊ အမျိုးသားရေးစိတ်ဓာတ်အမွေ စသည်ဖြင့် ဒီအမွေတွေကို ကျွန်တော်တို့ပြည်သူပြည်သားတွေနဲ့ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် အခုလို နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့ စာပေလောကကို ဂရုတစိုက်နဲ့ ဂရုတစိုက် ဆိုတာထက်လေးလေးနက်နက်နဲ့ အလေးအနက်ထားပြီးတော့မှ ဆုတွေချီးမြှင့်ပေးနေတဲ့ အပေါ်မှာ ကျွန်တော်တို့ စာပေသမားတွေဘက်ကလည်း ပြန်ပြီးတော့မှ တာဝန်ကျေဖို့၊ စာပေတာဝန်ကျေပွန်ဖို့လိုပါတယ်။ စာပေမြင့်မှ လူမျိုးတင့်မည်ဆိုတဲ့ စကားလည်း ရှိပါတယ်။ စာပေမျက်စိ မြင်မရှိကမသိတရား အယူမှား၏လို့ ဆိုခဲ့ကြပါတယ်။ စာပေမျက်စိ ထင်လင်းရှိမှ အသိဉာဏ်လင်း နေသို့ဝင်း၏ဆိုတဲ့ ဆိုရိုးစကားတွေလည်း ရှိခဲ့ပါတယ်။ ကျွန်တော်တို့ လူငယ်လူရွယ်တွေရဲ့ အကျင့်စာရိတ္တကောင်းမွန်ရေး၊ လူငယ်လူရွယ်တွေ တိုင်းချစ်ပြည်ချစ်စိတ် ရှိလာအောင် ကိုယ့်ရပ်ရွာ၊ ကိုယ့်မြို့နယ်၊ ကိုယ့်ပြည်နယ်၊ ကိုယ့်နိုင်ငံကို ချစ်ခင်မြတ်နိုးပြီးတော့ ဖွံ့ဖြိုးတိုးတက်လာစေအောင် ဆောင်ရွက်တဲ့အထဲမှာ ကိုယ်လည်း တစ်တပ်တစ်အားပါဝင်ချင်လာအောင်၊ အဲဒီလိုစိတ်ဓာတ်တွေ ဖြစ်ပေါ်လာအောင် ကျွန်တော်တို့ စာရေးဆရာတွေ၊ ကဗျာဆရာတွေက မိမိတို့ ကျွမ်းကျင်ရာ ဘာသာရပ်နဲ့ တိုက်တွန်းနှိုးဆော်အားပေးသင့်တယ်လို့ ထင်ပါတယ်။

စာမျက်နှာ ၉ သို့ »»

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ဟိုပန် အောက်တိုဘာ ၂၉

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ပန်လုံမြို့ရေပေးဝေရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနှပ်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနှပ်နှင့် တာဝန်ရှိသူတစ်ဦးတို့က အဖွင့်အမှာစကားပြောကြားကြပြီး စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် ပန်လုံမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဓာတ်မှန်ခန်း၊ လူနာကုသဆောင်များ ပြင်ဆင်ဆောင်ရွက်နေမှု၊ ပန်လုံမြို့ သောက်သုံးရေဖူလုံမှုရှိစေရေး ပြန်လည်ပြင်ဆင်ဆောင်ရွက်မည့်ကြာကန်၊ စည်ပင်သာယာဈေးနှင့် အမက(နမ့်ခူရ)၊ ချိန်ဟုန်ကျိုင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် အားဟိုပါးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း၊ ဟိုပန်-ပန်လုံ-မိုင်းမော လမ်းပေါ်ရှိ ကတ္တရာခင်းခြင်းလုပ်ငန်း၊ သံကူကွန်ကရစ်ဖြင့် မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းများ၊ အမက မူလွန်လီရှော (ပန်ကောက်)ကျောင်း၌ ပေ ၆၀ x ပေ ၃၀ Steel Structure တစ်ထပ် ဆောက်လုပ်နေမှု၊ ဖာလင်(ရွာမ)စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် ဖာလင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ

လောက်ကိုင် အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများ ကျန်းမာကြံ့ခိုင်ပြီး တစ်ဦးနှင့်တစ်ဦး၊ ဌာနတစ်ခုနှင့်တစ်ခု ပိုမိုချစ်ကြည်ရင်းနှီးစေရန်ရည်ရွယ်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဌာနပေါင်းစုံဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ ဖူဆယ်ဘောလုံးကွင်း၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေက အဖွင့်မိန့်ခွန်းပြောကြားရာတွင် ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြသော ဌာနအသီးသီးမှ ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် ရိုးရိုးသားသားကြိုးကြိုးစားစားဖြင့် အနိုင်၊ အရှုံးကို အဓိကမထားဘဲ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်သွားကြရန်၊ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်မဖြစ်ပွားဘဲ စည်းလုံးညီညွတ်စွာ ယှဉ်ပြိုင်ကြရန်၊နောင်ပြိုင်ပွဲများတွင် ဒေသခံပြည်သူများကိုလည်း ပါဝင်ယှဉ်ပြိုင်စေခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများတွင်လည်း မြန်မာ့ရိုးရာ အားကစားပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းများအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားပွဲများကိုလည်း ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ဌာနပေါင်းစုံမှ ဖူဆယ်ဘောလုံးပြိုင်ပွဲဝင်အားကစားသမားများနှင့် အသင်းအုပ်ချုပ်သူများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးဇော်မိုးလတ်နှင့် ဒေသအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက လိုက်လံအားပေးနှုတ်ဆက်ခဲ့ပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေး ဖလားဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲသို့ ဌာနဆိုင်ရာများမှ ဘောလုံးအသင်း ၁၃ သင်းအား အုပ်စုလေးအုပ်စုဖြင့် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ပွဲစဉ်များအလိုက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖

>>>**စာမျက်နှာ ၈ မှ**

ဒီနေရာမှာ စာရေးသူက အဖိုးတန်တဲ့အကျိုးပြုစာပေတွေရေးသားဖို့လိုသလိုဖတ်ရှုသူတွေအနေနဲ့လည်းပဲ စာကောင်းပေမွန်တွေကို အတတ်နိုင်ဆုံး ရွေးချယ်ဖတ်ရှုဖို့လိုအပ်ပါတယ်၊ စိတ်ခွန်အားကိုဖြစ်စေတဲ့စာပေတွေ၊ အသိဉာဏ်ဗဟုသုတတိုးပွားစေတဲ့ စာပေတွေဟာ လူ့ဘဝ၊ လူ့အဆင့်အတန်း၊ လူ့ရဲ့ဘဝမြင့်မားမှုကို အများကြီးအထောက်အကူပြုနိုင်တဲ့အတွက်ကြောင့် အဲဒီလို စာပေတွေကို ရွေးချယ်ပြီး ရှာဖွေဖတ်သင့်ပါတယ်။ ဒီကနေ့ခေတ်ကာလမှာတော့ လူမှုကွန်ရက်စာမျက်နှာတွေမှာ လည်းပဲ စာပေတွေကတော့ ပျံ့နှံ့နေတာတွေရှိပါတယ်၊ ယူတတ်မယ်သုံးတတ် မယ်ဆိုလို့ရှိရင် အကျိုးရှိတဲ့စာပေတွေကို ရနိုင်မှာဖြစ်ပါတယ်၊ ဗဟုသုတရှာမီးလိုတဲ့ စိတ်ဆန္ဒနဲ့ ရှာဖွေကြည့်မယ်ဆိုရင်လည်း တကယ့်ဗဟုသုတဖြစ်ဖွယ်ရာရှိတဲ့ စာပေတွေကို အဲဒီလူမှုကွန်ရက်စာမျက်နှာတွေမှာလည်း တွေ့ရှိနိုင်ပါတယ်၊ မကောင်းတာပယ်ပြီး ကောင်းတာကို ကိုယ်ကသယ်ယူသွားရုံပဲရှိတာပါ။ ကျွန်တော်တို့အနေနဲ့ပြောရမယ်ဆိုလို့ရှိရင် ဒီကနေ့ စာအုပ်စာပေထုတ်ဝေသူတွေအနေနဲ့ လည်းပဲ မိမိတို့စီးပွားရေးအကျိုးစီးပွားအတွက်လည်း မဆောင်ရွက်လို့မရတဲ့အတွက် ဆောင်ရွက်ရမှာပါပဲ၊ ကောင်းမွန်တဲ့စာအုပ်တွေ၊ လူငယ်တွေအတွက် အကျိုးပြုမယ့်စာအုပ်တွေ၊ စာဖတ်ပရိသတ်တိုင်းအတွက် အနှစ်သာရရှိမယ့်စာအုပ်မျိုးတွေကို ရွေးချယ်ထုတ်ဝေနိုင်မယ်ဆိုရင်တော့ စာရေးတဲ့သူအတွက်လည်း အကျိုးရှိမယ်၊ ဖတ်တဲ့သူလည်းအကျိုးရှိမယ်၊ စီးပွားရေးအရကြည့်မယ်ဆိုလည်း သမ္မာအာဇီဝမျှတတဲ့ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာလည်းရောက်မယ်လို့ထင်ပါတယ်၊ ဒီကနေ့ ကျွန်တော်တို့ကို နိုင်ငံတော်ကနေပြီးတော့မှ စာပေပညာရှင်တွေကို အလေးထားပြီးတော့မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှောက်တဲ့ အတွက်ကြောင့် ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ စာပေပညာရှင်တွေအပိုင်းကလည်းပဲ စာပေတာဝန်ကျေပွန်ဖို့ အားသွန်ကြိုးကုတ်အလုပ်လုပ်ပြီးတော့မှ အလုပ်နဲ့သက်သေပြပြီး ကိုယ့်တိုင်းပြည်ကို ပြန်လည်ပေးဆပ်နိုင်ဖို့ မျှော်လင့်ပါတယ်”

ဆရာကြီးဦးအုန်းမောင်အား စစ်ကိုင်းတိုင်း မြောင်မြို့၌ အဖဦးထွန်းဥာဏ်၊ အမိဒေါ်တင်လှတို့မှ ဖွားမြင်သည်။ ဆရာကြီး၏ အမည်အရင်းမှာ ဦးအုန်းမောင် ဖြစ်သည်။

စာပေလောကသို့ ၁၉၆၅ ခုနှစ်အသက် ၁၃ နှစ်အရွယ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ် မေလထုတ် ရှေ့ဆောင်လူငယ် ဂျာနယ်ကဗျာပြိုင်ပွဲ၊ ဒုတိယဆုရအလုပ်သမားကဗျာသည် ပထမဆုံးပုံနှိပ်ဖော်ပြခြင်းခံရသောစာမူဖြစ်သည်။ ယနေ့အထိ ကဗျာပုဒ်ရေ ၁၇၀၀ ခန့်နှင့် မဂ္ဂဇင်း၀တ္ထုတို၊ ၀တ္ထုရှည်၊ ဆောင်းပါး၊ စာပဒေသာပုဒ်ရေ ၁၇၀ ခန့် ရေးသားခဲ့ပြီးဖြစ်သည်။

၁၉၈၁ ခုနှစ်တွင် သံလွင်ကမ်းမှ ပန်းအိပ်မက် စာအုပ်ဖြင့်လည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် နာဂတောင်တန်းပွင့်တဲ့ပန်း စာအုပ်ဖြင့်လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ခယောင်းလမ်းနှင့် ပန်းသပြေ စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် နွေမိုးဖျန်းပက် ပန်းတစ်ခက် စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် လောကနီတိကဗျာများ စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် ဘဝကျောင်းမှ စောင်းခတ်သံကဗျာများ စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အလွမ်းသတင်းပန်းတစ်ခင်း ကဗျာများစာအုပ်ဖြင့် လည်းကောင်း အမျိုးသားစာပေဆု (၇) ကြိမ်ရရှိခဲ့သည်။

နိုင်ငံတော်မှစေလွှတ်သော စာပေတာဝန်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ကမ္ဘောဒီးယားနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနိုင်ငံ၊ ကင်ညာနိုင်ငံများသို့ သွားရောက်ခဲ့ဖူးသည်။ ယခုအခါ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့တွင် ဥက္ကဋ္ဌတာဝန်၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းတွင် ဒုတိယဥက္ကဋ္ဌတာဝန် အစရှိသည့် စာပေတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ရေးသားခဲ့သော ကဗျာများအနက် ကဗျာ ၂၄ ပုဒ်ကို မလေးရှားနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင် သက်ဆိုင်ရာနိုင်ငံများအလိုက် ဘာသာပြန်ဆိုထုတ်ဝေခဲ့သည်။ မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ Sky Net ရုပ်မြင်သံကြားနှင့် Readers Channel တို့တွင် မြတ်နိုးဖွယ်ရာ မြန်မာကဗျာ၊ ကဗျာအမြင် စာအမြင်၊ ဘဝထဲက ကဗျာ ကဗျာထဲက ဘဝ စသည့်အစီအစဉ်များမှ ဆရာကြီးရေးသားခဲ့သော ကဗျာများနှင့် ပတ်သက်၍ ကဗျာပုဒ်ရေ ၇၀၀ကျော်ခန့် အသံလွှင့်ဟောပြော ရိုက်ကူးခြင်းများကို ပြုလုပ်ခဲ့ပြီး ဆက်လက်၍လည်း ပြုလုပ်ဆဲဖြစ်သည်။

ဒေါက်တာမျိုးသန့်တင်

ငယ်ငယ်ထဲက သိပ္ပံပညာရှင်ဖြစ်ချင်တဲ့စိတ်ကူးရှိခဲ့တာကြောင့် ကျွန်တော့် ဖော်မြူလာတွေကိုကမ္ဘာက အသိအမှတ်ပြုထားတယ်ဆိုတော့ သိပ္ပံပညာရှင်လေးအညောင့်ပေါက်ပြီလို့ဆိုရမှာပါ။ ကိုယ့်နိုင်ငံအကျိုးရှိစေပြီး မြန်မာ့သိပ္ပံပညာနဲ့လိုက်လျောညီထွေဖြစ်စေတဲ့‘စဉ်’နည်းပညာကိုထုတ်ဖော်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ပုဂံခေတ်ထဲကရှိတဲ့ ‘စဉ်’ နည်းပညာကို မြန်မာ့သိပ္ပံသမိုင်းကိုလိုက်ရင်းနဲ့ လေထုနဲ့ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိတဲ့နည်းပညာအဖြစ် လုပ်ဆောင်နိုင်မှုကြောင့် စဉ်အသင်းကိုလည်း တည်ထောင်နိုင်ခဲ့တယ်။ နိုင်ငံခြားမှာရရှိခဲ့တဲ့ ပီအိတ်ချ်ဒီဘွဲ့နဲ့ မြန်မာနိုင်ငံမှာ လုပ်ဆောင်နိုင်တာလုပ်မယ်ဆိုတဲ့စိတ်နဲ့ စာပေနဲ့မြန်မာ့သိပ္ပံပညာကိုဖော်ထုတ်ခဲ့တယ်။ ဆောင်းပါး၊ ဂျာနယ် ၁၀၀၀ ကျော်မှာ ဘာသာရပ်အလိုက် ထုတ်ပြီးရေးသားတဲ့စာအုပ် ၂၀ နီးပါးရှိတယ်။ ၁၉၈၄ခုနှစ်မှာ ကုန်းဘောင်ခေတ် မြန်မာ့သိပ္ပံပညာရှင်များ စာအုပ်နဲ့ အမျိုးသားစာပေဆု၊ ၁၉၈၇ ခုနှစ်မှာ ရှေးခေတ်မြန်မာသိပ္ပံကျမ်းများစာအုပ်နဲ့ အမျိုးသားစာပေဆုများ ရရှိခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လမှာ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်အတွက် အမျိုးသားတစ်သက်တာစာပေဆုချီးမြှင့်ကြောင်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှာ သိရပါတယ်။ ယခုရတဲ့အမျိုးသားစာပေတစ်သက်တာဆုဟာ ကျွန်တော့်အတွက် အမြင့်ဆုံးနဲ့ ဘဝနဲ့ ယှဉ်ပြီး ပြောရလောက်တဲ့ အလေးစားတန်ဖိုးထားဆုံးဆုလို့ ပြောရ မှာပါ။

၁၆ရာစုနှစ်ဝန်းကျင်မှာ အိန္ဒိယနဲ့ တရုတ်ဟာ ကမ္ဘာပေါ်မှာသိပ္ပံနဲ့ပတ်သက်တဲ့ တီထွင်မှုတွေ လုပ်ဆောင်ခဲ့တာကြောင့် အဲဒီနှစ်နိုင်ငံကြားမှာရှိတဲ့ ကျွန်တော်တို့ နိုင်ငံဟာ နှစ်ပေါင်းထောင်ကျော်နေထိုင်ခဲ့တဲ့အတွက် သူတို့လိုပဲ သိပ္ပံပညာရှင်တွေရှိရမယ်ဆိုတဲ့ အတွေးနဲ့ပါသနာပါတဲ့ မြန်မာ့သိပ္ပံသမိုင်းကိုဆက်ပြီးဖော်ထုတ်မှုဟာ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုအပေါ်ဂုဏ်ယူမိပါတယ်။ ကျွန်တော် ၁၉၆၅-၆၆ ခုနှစ် ရန်ကုန်တက္ကသိုလ်မှာ ဓာတုအင်ဂျင်နီယာဘွဲ့ရတယ်။ ၁၉၇၁ ခုနှစ်မှာ အင်္ဂလန်နိုင်ငံလပ်ဘရာစက်မှုတက္ကသိုလ်မှာ ဓာတုအင်ဂျင်နီယာပါရဂူ(Ph-D)ဘွဲ့ရခဲ့တယ်။၁၉၈၈ ခုနှစ်မှာ အမေရိကန်နိုင်ငံ ကော်နယ်တက္ကသိုလ်မှာ တက်ရောက်ပြီး အင်ဇိုင်းပညာရပ်ကို တစ်နှစ်တာသုတေသနပြုခဲ့တယ်။ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဩစတြေးလျ၊ ထိုင်း၊ စင်ကာပူ၊ သီရိလင်္ကာ၊ အိန္ဒိယနဲ့ဥရောပ နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံကို လေ့လာရေးခရီးသွားခဲ့တယ်။ ၁၉၈၃ ခုနှစ်ကစပြီး နိုင်ငံတော်ကပေးအပ်ချီးမြှင့်တဲ့ စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)ကိုရခဲ့တယ်။ ၁၉၈၁ ခုနှစ် စာပေဗိမာန်စာမူဆု (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)ဒုတိယဆုကို စက်မှုသီးနှံပီလောပီနံနဲ့ရခဲ့တယ်။ ယခုရရှိတဲ့ အမျိုးသားစာပေတစ်သက်တာဆုဟာ မိမိကြိုးပမ်းအားထုတ်ခဲ့တဲ့ အဆီအနှစ်တွေကို အသိအမှတ်ပြု ဂုဏ်ပြုတာဖြစ်တဲ့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။ ။

❒

ကမ္ဘာ့မြို့ကြီးများနေ့ အထိမ်းအမှတ်ဆောင်းပါး

မြို့ပြဖွံ့ဖြိုးမှုမှသည် နိုင်ငံဖွံ့ဖြိုးမှုဆီသို့

ကမ္ဘာ့ကုလသမဂ္ဂက အောက်တိုဘာလ ၃၁ ရက်နေ့ကို ကမ္ဘာ့မြို့ကြီးများနေ့အဖြစ် ကြေညာခဲ့ပြီးနောက်ပိုင်းတွင် ၂၀၁၄ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအခါ ဥဿဖရားရတုတိုင်ခဲ့ပေပြီ။ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအပေါ် နိုင်ငံတကာအသိုင်းအဝိုင်း၏ စိတ်ဝင်စားမှုကို မြှင့်တင်ရန်၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို သတိပြုမိစေရန်နှင့် ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ပင်ဖြစ်ပါသည်။

ဟေမာန် (မြို့ပြ)

ကမ္ဘာ့မြို့ကြီးများနေ့အတွက် ယေဘုယျ ဆောင်ပုဒ်မှာ **“ပိုမိုကောင်းမွန်သောမြို့၊ ပိုမိုကောင်းမွန်သောဘဝ (Better City, Better Life)”** ဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့မြို့ကြီးများနေ့ကို ကျင်းပရာတွင် ပြောင်းလဲလျက်ရှိသော ကမ္ဘာ့ရေးရာ စိန်ခေါ်မှုများအလိုက် ဆောင်ပုဒ်ခွဲများ သတ်မှတ်ရွေးချယ်ခဲ့ကြရာမှ ယခုနှစ်အတွက် ဆောင်ပုဒ်ခွဲမှာ **“ကာလဒေသနှင့် ကိုက်ညီသော မြို့ပြဖွံ့ဖြိုးရေးမှသည် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆီသို့ (Act Local to Go Global)”** ဟူ၍ ဖြစ်ပေသည်။

ကမ္ဘာ့မြို့ကြီးများနေ့သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၁၇ ခုအနက် ပန်းတိုင်အမှတ်စဉ် - ၁၁၊ မြို့များနှင့် လူ့အဖွဲ့အစည်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးပေါ်ပေါက်လာစေရေး (Sustainable Development Goal 11, Sustainable Cities and Communities) ဟူသည့် ပန်းတိုင်နှင့် ကိုက်ညီနေပါသည်။

မြို့များ ပထမဦးဆုံးပေါ်ပေါက်လာခဲ့ကြ

ဘီစီ ၇၅၀၀ ဝန်းကျင်က မီဆိုပိုတေးမီးယား (Mesopotamia) ဒေသရှိ တိဂရစ်နှင့် ယူဖရေးတီးမြစ်များကြား မြေသြဇာကောင်းသော နယ်မြေများတွင် မြို့များ ပထမဦးဆုံးပေါ်ပေါက်လာခဲ့ကြသည်။ ၎င်းနောက် များမကြာမီ အီဂျစ်နိုင်ငံရှိ နိုင်းမြစ်၊ အိန္ဒိယနိုင်ငံရှိ အိန္ဒုမြစ်နှင့် တရုတ်နိုင်ငံရှိ Huang He မြစ်တို့၏ကမ်းနားတစ်လျှောက်တွင် မြို့များ အစီအရီပေါ်ပေါက်လာခဲ့ကြပြန်သည်။

ကမ္ဘာဦးလူသားများသည် ခြေသလုံးအိမ်တိုင်ဖြင့် ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာနေရာမှ မြေသြဇာကောင်းမွန်သောမြို့ကြီးများတွင် အခြေချနေထိုင်လာခဲ့ကြသည်။ ထောင်စုနှစ်များအတွင်း ကမ္ဘာတစ်ဝန်းရှိမြို့များသည် အတွေ့အကြုံမျိုးစုံဖြင့် ဖြတ်သန်းခဲ့ကြရာ မီဆိုပိုတေးမီးယားဒေသက အပျက်အစီးပုံများဖြစ်သွားပြီး အိန္ဒချိုင့်ဝှမ်းက ကန္တာရကြီးအဖြစ်ပြောင်းလဲသွားကာ ရောမမြို့သည်လည်း ဆုတ်ယုတ်လိုက် တိုးတက်လိုက်ဖြင့် သမိုင်းခရီးရှည်ကြီးကို ဖြတ်သန်းလာခဲ့ရသည်။ မည်သို့ပင်ဆိုစေကာမူ မြို့များ၏သဘောသဘာဝမှာမူ ကြီးထွားမြဲ၊ ဖွံ့ဖြိုးမြဲဖြစ်ပြီး ပျောက်ကွယ်သွားသည်ဟူ၍မရှိခဲ့ပေ။

သမိုင်းတစ်လျှောက် စက်မှုတော်လှန်ရေးများ ဖြစ်ပွားစဉ်အခါများ၌ စက်ရုံအလုပ်ရုံများတွင် အလုပ်အကိုင်အခွင့်အလမ်းရှာဖွေကြရန် နေရာဒေသအလိုက် ပြန့်ကြဲနေထိုင်သောလူများကို မြို့ကြီးများသို့ စုဝေးရောက်ရှိလာအောင် တွန်းပို့ခဲ့သည်။ ယခုအခါ ကမ္ဘာ့လူဦးရေထက်ဝက်ကျော်ခန့်သည် မြို့ပြများတွင် နေထိုင်လျက်ရှိနေကြပြီး ဤမြို့များ ဆက်လက်ရှင်သန်ဖွံ့ဖြိုးရန်မှာမူ ယခင်ကထက် ပိုမိုအရေးကြီးလာပါသည်။

ဗဟိုချက်နေရာများဖြစ်

မြို့ကြီးများသည် သမိုင်းတစ်လျှောက် ကုန်သွယ်မှု၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ပညာရေး





ကဲ့သို့ဖွံ့ဖြိုးရာ ဗဟိုချက်နေရာများဖြစ်ကြပေသည်။ မြို့ပြများသည် ကမ္ဘာပေါ်ရှိ စုစုပေါင်းကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၈၀ ရာခိုင်နှုန်းကျော်ကို ထုတ်လုပ်ပေးနေပြီး ဒေသတွင်းစီးပွားရေးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် ပံ့ပိုးပေးနိုင်ပါသည်။ ကောင်းမွန်စွာစီမံခန့်ခွဲနိုင်လျှင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် မြို့များ၏ ကုန်ထုတ်စွမ်းအားကို တိုးမြင့်စေပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေသည့် တွန်းအားတစ်ခုဖြစ်လာနိုင်ပေသည်။

မြို့များကို ‘ကျုံ့’ လာစေ

အခြားတစ်ဖက်တွင်မူ ဘေးကင်းလုံခြုံမှုမရှိခြင်း၊ စစ်မက်ဖြစ်ပွားခြင်းနှင့် အလုပ်အကိုင်ရှားပါးခြင်းတို့မှ အစပြုဖြစ်ပေါ်လာသော စီးပွားရေးကျဆင်းမှုများကြောင့် မြို့များကို ‘ကျုံ့’ လာစေသည်။ ထိုအခါ မြို့နေလူဦးရေအများစုသည် ပိုမိုကောင်းမွန်သော စီးပွားရေးအခွင့်အလမ်းများနှင့် လုံခြုံသောအခြေအနေများရရှိရန် အခြားမြို့ပြနယ်မြေဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြရသည်။ စီးပွားရေးကျဆင်းမှုနှင့် အလုပ်အကိုင်ရှားပါးမှုတို့ကြောင့် ကျုံ့သွားသောမြို့များ (Shrinking Cities) ဖြစ်ပေါ်လာနိုင်ပြီး မိရိုးဖလာကုန်ထုတ်လုပ်ငန်းများ ပျောက်ကွယ်သွားလေ့ရှိရုံမျှမက စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်း (Economic Competitiveness) ကျဆင်းမှုမှသည် နိုင်ငံ့စီးပွားရေးတိုးတက်မှုနှုန်းကိုပါ ထိခိုက်စေနိုင်သည်။

စီမံကိန်းပုံစံ စနစ်တကျကြိုတင်ရေးဆွဲထားခြင်းမရှိသော မြို့ပြအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ (Poorly Planned Urbanization Processes) သည် လူမှုစီးပွားစနစ်များအကြားချိတ်ဆက်မှုပြတ်တောက်ကာ ဘေးကင်းလုံခြုံယုံကြည်စိတ်ချရခြင်းကင်းသော မြို့ပြများအဖြစ်ပေါ်ထွက်လာစေပါသည်။

မြို့ပြများ၏ စီးပွားရေးအရ ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းကို ဖော်ဆောင်ရာ၌ ရာသီဥတုနှင့် သဘာဝဘေးဒဏ်ခံနိုင်ရေး ဆောင်ရွက်ချက်များကိုလည်း ချန်လှပ်ထား၍မရပေ။ အဘယ်ကြောင့်ဆိုသော် ရာသီဥတုနှင့် သဘာဝဘေးဒဏ်များကြောင့် နှစ်စဉ်ဆုံးရှုံးရသည့်ပမာဏမှာ စုစုပေါင်းကမ္ဘာ့ထုတ်ကုန်ပမာဏ၏ လေးရာခိုင်နှုန်းခန့်ရှိနေပြီး ယခုနှုန်းထားအတိုင်း ဆက်လက်ဖြစ်ပေါ်မည်ဆိုပါက ၂၀၅၀ ပြည့်နှစ်အရောက်တွင် စုစုပေါင်းကမ္ဘာ့ထုတ်ကုန်ပမာဏ၏ ၁၈ ရာခိုင်နှုန်းခန့် ပျက်စီးဆုံးရှုံးရနိုင်ခြေရှိသည်ဟု ပညာရှင်များက ခန့်မှန်းထားကြသောကြောင့်ပင်ဖြစ်သည်။

ကျိုးကြောင်းလျော်ညီစွာပင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်ရေးဆွဲသော မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းပုံစံများက မြို့၏လူမှုစီးပွားပတ်ဝန်းကျင်အပေါ် ရိုက်ခတ်လာနိုင်သည့် အကြောင်းခြင်းရာအမျိုးမျိုးကို ခံနိုင်ရည်ရှိသော မြို့ပြအနာဂတ်ကို တည်ဆောက်နိုင်ရန်အတွက် လွန်စွာအရေးပါလာတော့သည်။

အခြေခံမောင်းနှင်အားဖြစ်လာ

မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းပုံစံများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်သော မြို့ပြစီးပွားရေးတိုးတက်မှုအတွက် အခြေခံမောင်းနှင်အားဖြစ်လာပြီး စီးပွားရေးအခွင့်အလမ်းသစ်များအတွက်လည်း အထောက်အကူဖြစ်စေပါသည်။ ကောင်းမွန်သည့် စီမံကိန်းပုံစံရေးဆွဲထားပြီး စီမံခန့်ခွဲနေသည့်မြို့များသည်သာလျှင် စီးပွားရေးလုပ်ငန်းများ၏ စုဝေးတိုးတက်ခြင်းသဘောအရ (Agglomeration Economy) အကျိုးကျေးဇူးများကို ရယူတိုးပွားစေနိုင်ပါသည်။ ပြန့်ကြဲပြီး အချိတ်အဆက်မရှိသော မြို့များ (Disconnected and Fragmented Cities) အဖြစ်သာ ဆက်လက်ကြီးထွားနေပါက စီးပွားရေးအခွင့်အလမ်းများ လက်လွတ်သွားမည်ဖြစ်ပါသည်။

မြို့ပြစီးပွားရေး ကြံ့ကြံ့ခံနိုင်ရည်ရှိမှု (Urban Economic Resilience) ဟူသည် စီးပွားရေးအတွက် အနုတ်လက္ခဏာဆောင်သော လှုပ်ခတ်မှုများကို ကြိုတင်ခန့်မှန်းကာ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများကို ဖြန့်ဝေချထားနိုင်ခြင်း (Risk Sharing)၊ အရင်းအမြစ်များကို ကြိုတင်စုဆောင်းခြင်းတို့ကို ကြိုတင်ဆောင်ရွက်ထားခြင်းဖြင့် မြို့သူမြို့သားများ၏ လူမှုစီးပွားဘဝကို ကာကွယ်ပေးခြင်းပင်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့ ✧

✧ **စာမျက်နှာ ၁၀ မှ**

မဏ္ဍိုင်လေးရပ်

စီးပွားရေးအသိုက်အဝန်း၊ စီးပွားရေးကဏ္ဍကို စီမံခန့်ခွဲသည့်စနစ်ပုံစံ၊ အလုပ်သမားစျေးကွက် အခြေအနေများနှင့် ငွေကြေးဆိုင်ရာအစီအမံများ ဟူသည့် မဏ္ဍိုင်လေးရပ်သည် ပြင်ပရိုက်ခတ်မှု အမျိုးမျိုးကို ခံနိုင်ရည်ရှိသော မြို့ပြစီးပွားရေးနှင့် အောင်မြင်သောမြို့ပြအနာဂတ် (Resilient Urban Economies and Productive Urban Futures) ကို တည်ဆောက်ရန်အတွက် အရေးကြီးပေသည်။ ဤမဏ္ဍိုင်လေးရပ်ကို မြို့တစ်မြို့ချင်းစီအလိုက် လိုက်လျောညီထွေရှိစေရန်မှာမူ မြို့ပြစီမံကိန်းပုံစံ ရေးဆွဲသူများနှင့် မြို့ပြစီမံခန့်ခွဲသူများက ကြိုးပမ်းကြရမည်။

ထို့ကြောင့်ပင် "ကာလဒေသနှင့်ကိုက်ညီသော မြို့ပြဖွံ့ဖြိုးရေးမှသည် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆီသို့" ဟူသည့်ဆောင်ပုဒ်ခွဲသည် အစိုးရအဆင့်ဆင့် တာဝန်ရှိသူများအားလုံးနှင့် မြို့ပြစီမံကိန်းရေးဆွဲသူများအတွက်သာမက မြို့၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအပါအဝင် မြို့သူမြို့သားအားလုံးအနေဖြင့် ပူးပေါင်းဆောင်ရွက်ရမည့်လမ်းကြောင်းကို မီးမောင်းထိုးပြနေသကဲ့သို့ ဖြစ်ပေသည်။

ကြိုတင်ပြင်ဆင် စီစဉ်ထားခြင်းမရှိသည့် မြို့ပြ အသွင်ကူးပြောင်းမှုပုံစံများက အပူလှိုင်းနှင့် မိုးရွာသွန်းမှုကဲ့သို့သော သက်ရောက်မှုများကို ပိုမိုဆိုးရွားစေနိုင်သည်။ ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးများသည် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ မြေပြိုခြင်းနှင့် မုန်တိုင်းများ မကြာခဏကျရောက်တတ်ခြင်းကဲ့သို့သော ရာသီဥတုဘေးအန္တရာယ်များ၏ သက်ရောက်မှုများကို ခံစားနေကြရပါသည်။ ကောင်းမွန်ပြည့်စုံပြီး ဒေသနှင့်ကိုက်ညီသည့် စီမံကိန်းပုံစံ ရေးဆွဲပြင်ဆင်အုပ်ချုပ်သော မြို့ပြနှင့် ဒေသများသည်သာ ရာသီဥတုဆိုင်ရာဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်စွမ်းရှိစေပါသည်။ ထို့ကြောင့်ပင် မြို့ပြများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ဆောင်မှုများတွင် ယခုထက်နောက်မကျစေဘဲ ရှေ့တန်းမှအင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရပါမည်။

ယင်းသို့ ဆောင်ရွက်ကြရာ၌ မြို့ပြဒေသများရှိ လူမှုစီးပွားဆိုင်ရာ အမူအကျင့်များပြောင်းလဲခြင်း (ဥပမာ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း သို့မဟုတ် အများသူငါ သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် ကိုယ်ပိုင်ကားအသုံးပြုမှုများကို လျှော့ချခြင်း) ကပင်လျှင် ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှု၏ လေးရာခိုင်နှုန်းခန့်ကို လျှော့ချနိုင်သည်ဟု ဆိုကြပါသည်။ မြို့ပြများရှိ အခြေခံအဆောက်အအုံများကို ပြောင်းလဲနေသော အနာဂတ်ရာသီဥတုအခြေအနေများကို ခံနိုင်ရည်ရှိစေရန် ရာသီဥတုဒဏ်ခံနိုင်သော အခြေခံအဆောက်အအုံများ (Climate-resilient infrastructure) အဖြစ် စီစဉ်ရေးဆွဲဒီဇိုင်းပုံထုတ် အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။ မြို့ပြသယ်ယူပို့ဆောင်ရေးပုံစံ ပြောင်းလဲခြင်း၊ မြို့ပြအခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း၊ စွမ်းအင်ကို ထိရောက်စွာအသုံးချခြင်းတို့ဖြင့် မြို့ပြများတွင် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ကြိုတင်စီမံကိန်းချတည်ဆောက်

လမ်းလျှောက်သွားလာရ လွယ်ကူစေသော၊ အပူဒဏ်လျှော့ချစေသော၊ စွမ်းအင်သုံးစွဲမှု လျော့နည်းသော၊ ပိုမိုစိမ်းလန်းသောမြို့ပြများကို ကြိုတင်စီမံကိန်းချတည်ဆောက်ခြင်းဖြင့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး သဘာဝဘေးကြောင့် ဖြစ်ပွားရသော ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်နိုင်ရုံမျှမက မြို့ပြလူနေမှုအဆင့်အတန်းကိုပါ သိသိသာသာ မြှင့်တင်ပေးနိုင်ပါသည်။ (ဥပမာ- အများပြည်သူအတွက် ဝန်ဆောင်မှုပေးသောလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် အများပြည်သူ၏ ဝင်ငွေနှင့် လျော်ညီသောအိမ်ရာများ တည်ဆောက်ခြင်းတို့ဖြင့် ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း၊ ရာဇဝတ်မှုဖြစ်ပွားသည့် နှုန်းနှင့် ဆင်းရဲမွဲတေမှုနှုန်းကို ထိထိရောက်ရောက် လျှော့ချနိုင်ခြင်း၊ ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင် ဖြစ်လာသည့်အတွက် မြို့ကိုပိုမိုသာယာနေပျော်ဖွယ်ရာရှိလာစေခြင်းတို့ ဖြစ်ပေသည်။)

ကိုဗစ်-၁၉ ကပ်ရောဂါကပေးသော သင်ခန်းစာများအရ ကျွန်ုပ်တို့သည် ပိုမို၍လူသားဆန်သော၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော၊ လုံခြုံသော လူမှုပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်အခြေအနေများကို ဖန်တီးရန် လိုအပ်လျက်ရှိနေပါပြီ။

ကဏ္ဍစုံပေါင်းစည်းပါဝင်ပြီး ပိုမိုကျစ်လျစ်ထိရောက်သော မြို့ပြစီမံကိန်းပုံစံကသာလျှင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်ပြီး မြို့ပြများ၏ လူမှုစီးပွားအခြေအနေများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေနိုင်သည်မှာ လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ထင်ရှားလှပေသည်။ ကဏ္ဍစုံပေါင်းစည်းပါဝင်သော မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းပုံစံ (Integrated Spatial Planning) သည် နိုင်ငံတစ်နိုင်ငံ၏ ကဏ္ဍစုံဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်အရေးပါပါသည်။

သို့ဖြစ်ရာ မြို့ပြစီမံခန့်ခွဲသူများအနေဖြင့် မိမိတို့ဒေသ၊ အခြေအနေများ၊ ရရှိနိုင်သောအရင်းအမြစ်များနှင့်လျော်ညီသော မြို့ပြသယ်ယူပို့ဆောင်ရေး နည်းလမ်းများ၊ အခြေခံအဆောက်အအုံများနှင့် နည်းပညာများအသုံးချနိုင်မည့် နည်းလမ်းများကို တီထွင်ကြံဆရပါတော့မည်။

မြို့ပြဧရိယာများ စီမံခန့်ခွဲရေးကို ဦးစားပေးပူးပေါင်းဆောင်ရွက်သင့်

သို့ပါသော်လည်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးသော၊ စီးပွားရေးအရ ကြံ့ကြံ့ခံနိုင်စွမ်းရှိသော၊ နေပျော်ဖွယ်ရာဖြစ်သော မြို့ပြပတ်ဝန်းကျင်ပေါ်ထွန်းလာစေရန်မှာ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းပုံစံရေးဆွဲသူ ပညာရှင်များ၏ စွမ်းအားသက်သက်ဖြင့်သာ မရရှိနိုင်ဘဲ မြို့နှင့်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်နေသူအားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ပေသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးအနေဖြင့်လည်း မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းပုံစံရေးဆွဲခြင်း၏ အရေးပါအရာရောက်မှုကို သိရှိနားလည်ကာ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်သော မြို့ပြသာယာဝပြောရေးအတွက် မြို့ပြဧရိယာများ စီမံခန့်ခွဲရေးကို ဦးစားပေးပူးပေါင်းဆောင်ရွက်သင့်ပါသည်။

သာယာချမ်းမြေ့ တိုးတက်ဖွံ့ဖြိုးကောင်းမွန်သောမြို့ပြတည်ထောင်ခြင်းမှအစပြု၍ သာယာချမ်းမြေ့တိုးတက်ဖွံ့ဖြိုးကောင်းမွန်သောနိုင်ငံ၊ ထိုမှတစ်ဆင့် ကမ္ဘာကြီးသည်လည်း ပိုမိုသာယာပျော်ရွှင်ကျန်းမာပြီး ပိုမိုနေချင့်စဖွယ်ကောင်းသော ကမ္ဘာကြီးဖြစ်လာပါလိမ့်မည်ဟု တင်ပြရင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့မြို့ကြီးများနေ့ကို ဂုဏ်ပြုအပ်ပါသည်။ ။



"မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းပုံစံများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်သော မြို့ပြစီးပွားရေးတိုးတက်မှုအတွက် အခြေခံမောင်းနှင်အားဖြစ်လာပြီး စီးပွားရေးအခွင့်အလမ်းသစ်များအတွက်လည်း အထောက်အကူဖြစ်စေပါသည်။ ကောင်းမွန်သည့် စီမံကိန်းပုံစံရေးဆွဲထားပြီး စီမံခန့်ခွဲနေသည့်မြို့များသည်သာလျှင် စီးပွားရေးလုပ်ငန်းများ၏ စုဝေးတိုးတက်ခြင်းသဘောအရ (Agglomeration Economy) အကျိုးကျေးဇူးများကို ရယူတိုးပွားစေနိုင်ပါသည်။ ပြန့်ကြဲပြီး အချိတ်အဆက်မရှိသောမြို့များ (Disconnected and Fragmented Cities) အဖြစ်သာ ဆက်လက်ကြီးထွားနေပါက စီးပွားရေးအခွင့်အလမ်းများ လက်လွတ်သွားမည်"

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏(၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးစိုးတင့် ကြီးကြပ်မှုနှင့်အတူ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောကာထွန်းနှင့် ဒုတိယအုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများက သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးအတွင်းရှိ ရေနုတ်မြောင်းအားတူးဖော်၍ ချုံနွယ်များရှင်းလင်းပြီး သန်လျင်ရေကြောင်းတက္ကသိုလ်အနီးရှိ ဇာမဏီဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးစဉ်။ သျှင်ဝင်းသျှင်

လပွတ္တာမြို့နယ်၌ ကျောင်းအုပ်ကြီးများစီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

လပွတ္တာ အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် လပွတ္တာမြို့နယ်ရှိ အထက-၂ ကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အဆိုပါအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် လပွတ္တာခရိုင်ပညာရေးမှူးကိုယ်စားလက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းက ပညာရေးဆိုင်ရာ စီမံဘဏ္ဍာနှင့် ပညာအထွေထွေကဏ္ဍဆိုင်ရာ ကိစ္စရပ်များအား အသေးစိတ်ဆွေးနွေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးမျိုးလွင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းနှင့် အလယ်တန်းကျောင်းအုပ်၊ မူလတန်းကျောင်းအုပ် စုစုပေါင်း ၄၂၂ ဦးတို့ တက်ရောက်သွားမည် ဖြစ်ပြီး သင်တန်းသား သင်တန်းသူများအား လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးမှူးတို့က စီမံ၊ ဘဏ္ဍာ၊ ပညာ၊ စီမံကိန်း၊ ကြီးကြပ်အကဲဖြတ် ဘာသာရပ်များအား အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်တာ ဆွေးနွေးပို့ချသင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၈၅၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၇ ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၈၅၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၄၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၉၄,၀၃၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၁,၅၃၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၅,၄၇၀) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၁) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ	ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ	ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ
ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ	၉၀.၄ %	၈၀.၉ %

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေ ထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ကမ္ဘာနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၉၉၃၃၁၆၁၀	၉၆၈၀၀၃၅၉	၁၀၉၅၁၆၆
၂။	အိန္ဒိယ	၄၄၆၅၀၇၁၄	၄၄၁၀၂၈၅၂	၅၂၉၀၀၈
၃။	ပြင်သစ်	၃၆၇၇၀၄၃၈	၃၅၆၆၆၇၉၅	၁၅၆၈၃၂
၄။	ဂျာမနီ	၃၅၅၇၁၁၃၀	၃၃၈၀၁၉၀၀	၁၅၃၅၄၄
၅။	ဘရာဇီး	၃၄၈၆၄၃၁၇	၃၄၀၃၈၉၉၅	၆၈၈၁၃၂
၆။	တောင်ကိုရီးယား	၂၅၅၀၄၂၈၈	၂၄၉၆၆၁၄၆	၂၉၁၃၁
၇။	ဗြိတိန်	၂၃၈၉၄၈၉	၂၃၅၀၈၂၀၃	၁၉၃၆၇၃
၈။	အီတလီ	၂၃၅၀၄၂၄	၂၂၈၄၉၂၉၃	၁၇၉၀၂၅
၉။	ဂျပန်	၂၂၃၂၆၄၀	၂၀၄၉၂၁၄၈	၄၆၅၉
၁၀။	ရုရှား	၂၁၄၁၆၉၂၂	၂၀၇၈၇၁၁၆	၃၉၀၀၂၉

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဗီယက်နမ်	၁၁၅၀၁၉၀၆	၁၀၆၀၂၅၄၆	၄၃၁၆၂
၂။	အင်ဒိုနီးရှား	၆၄၈၇၉၀၅	၆၃၀၅၅၈၆	၁၅၈၅၇၁
၃။	မလေးရှား	၄၈၉၃၇၃၃	၄၈၂၇၂၁၅	၃၆၄၆
၄။	ထိုင်း	၄၆၈၉၈၉၇	၄၆၄၉၅၀၉	၃၂၉၂
၅။	ဖိလစ်ပိုင်	၄၀၀၂၀၈၀	၃၉၁၆၉၀၉	၆၃၉၉၅
၆။	စင်ကာပူ	၂၀၉၁၈၈၉	၁၉၉၇၉၆၀	၁၆၇၂
၇။	မြန်မာ	၆၃၁၅၃၄	၆၀၅၄၇၀	၁၉၄၈၁
၈။	ဘရူနိုင်း	၂၃၇၆၅၆	၂၂၂၁၄၀	၂၂၅
၉။	လာအို	၂၁၆၂၂၉	၂၀၈၃၄၄	၇၅၈
၁၀။	ကမ္ဘောဒီးယား	၁၃၇၉၈၅	၁၃၄၉၂	၃၀၅၆

ကွမ်းခြံကုန်းမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း ကျင်းပသော လူငယ်စကားဝိုင်းကို အောက်တိုဘာ ၂၈ ရက်တွင် ကွမ်းခြံကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဇာတိမာန်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကွမ်းခြံကုန်းမြို့နယ် အခြေခံပညာဦးစီးဌာနမြို့နယ်ပညာရေးမှူး ဦးခင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီးဆက်လက်၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကိုကျင်းပရာ ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန့်ဆွေနွယ်ဦးနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်များဖြင့် အပြန်အလှန် ဆွေးနွေးကြသည်။ လူငယ်စကားဝိုင်းတွင် ပညာရေးစစ်ကြောင်းမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ တက်ရောက်ခဲ့ကြပြီး အဆိုပါ ကျောင်းသား ကျောင်းသူများထဲမှ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဆွေးနွေးကြသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲအား ခင်းကျင်းပြသထားရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ဆွေနွယ်

ချင်းရှေဟော်ကုန်သွယ်ရေးစခန်းမှ နှာခေါင်းစည်း လေးတန်တင်သွင်း

နေပြည်တော် အောက်တိုဘာ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးနှင့် နှာခေါင်းစည်း လေးတန် တင်သွင်းခဲ့ကြောင်းသိရသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၉ ရက်အတွင်း ကုမ္ပဏီ ခြောက်ခု၊ ယာဉ်စီးရေ ၁၁ စီးနှင့် နှာခေါင်းစည်း ၇၃ ဒသမ ၃၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် စက်မှုထိပ်သီးနိုင်ငံများထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်

ဝါရှင်တန် အောက်တိုဘာ ၂၉

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အင်ဒိုနီးရှားနိုင်ငံ၌ နိုဝင်ဘာလလယ်တွင်ကျင်းပမည့် စက်မှုထိပ်သီးနိုင်ငံများ(G 20) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ယနေ့ပြောကြားသည်။

သမ္မတဂျိုးဘိုင်ဒင်သည် အင်ဒိုနီးရှားနိုင်ငံသို့ နိုဝင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

အမေရိကန်နှင့် တရုတ် ခေါင်းဆောင်များသည် ဂျီ ၂၀ အစည်းအဝေး၏ ပြင်ပထိပ်သီးဆွေးနွေးပွဲ တစ်ရပ်ကို ကျင်းပရန် မျှော်လင့်ရသည်။

ဘိုင်ဒင်သည် နိုဝင်ဘာ ၁၁ ရက်တွင် အီဂျစ်နိုင်ငံတွင်ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ COP27 ညီလာခံကို တက်ရောက်မည်ဖြစ်သည်။

ထို့ပြင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အမေရိကန်-အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် အရှေ့အာရှ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် နိုဝင်ဘာ ၁၂ ရက်တွင် ကမ္ဘောဒီးယားသို့ သွားရောက်မည်ဖြစ်သည်။

ဘိုင်ဒင်၏ခရီးစဉ်အပြီးတွင် ဒုတိယသမ္မတ ကင်မလာ ဟဲရစ်သည် နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

ကိုးကား - အင်နန်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၀၁ ဦး ထပ်မံတွေ့ရှိ

စင်ကာပူ အောက်တိုဘာ ၂၉

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၀၁ ဦး စစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၂၀၉၁စရဝ၉ ဦးရှိကြောင်း သိရသည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ၅၂၁ ဦးသည် ရောဂါကွင်းဆက်ကူးစက်ခံရသူများဖြစ်ပြီး ၄၇၈၀ သည် ရောဂါအလျင်အမြန်စစ်ဆေးရေးကိရိယာဖြင့် စစ်ဆေးမှုကြောင့် တွေ့ရှိသူများဖြစ်သည်။

ရောဂါကွင်းဆက်ကူးစက်ခံရသူများအနက် ၄၉၉ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ၂၂ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။ ရောဂါစစ်ဆေးရေးကိရိယာဖြင့် တွေ့ရှိသူများအနက် ၄၄၂၇ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ၃၅၃ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

လက်ရှိတွင် ဆေးရုံများ၌ ရောဂါကုသခံရသူပေါင်း ၅၅၇ ဦးရှိပြီး ယင်းတို့အနက် ၁၆ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်မှုကြောင့် နှစ်ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၇၂ ဦးရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၆ ဦး ထပ်မံသေဆုံး

မနီလာ အောက်တိုဘာ ၂၉

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၆ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၃၉၉၅ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၃၉၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၀၂၀၈၀ ရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၁၂၁ ဦး ရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၀၁ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။ လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၅၀၂၂ ဦး ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၅ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

ဖိလစ်ပိုင်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွား၊ ၄၅ ဦး သေဆုံး

မနီလာ အောက်တိုဘာ ၂၉

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိရာ ၄၅ ဦးသေဆုံးပြီး ၁၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်အစိုးရအဖွဲ့တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

မုန်တိုင်းနာဂေးဝင်ရောက်လာမှုကြောင့် မိုးအဆက်မပြတ် ရွာသွန်းခြင်းဖြစ်ပြီး ဒေသခံပြည်သူထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း မင်ဒါနာရီ ကျွန်းရှိ မာဂူဒါနာရီခရိုင် အာဏာပိုင်များက ဆိုသည်။

အဆိုပါ ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူဦးရေမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။ အောက်တိုဘာ ၂၈ ရက်တွင် မုန်တိုင်းနာဂေးသည် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ပြည်သူများသည် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုအန္တရာယ်များကို ခံစားနေရသည်။

ကိုးကား - အင်နန်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

မျောက်ကျောက်ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှု ခံယူသူများသည် ရောဂါကူးစက်နိုင်ခြေ ၁၄ ဆ လျော့နည်း

ဝါရှင်တန် အောက်တိုဘာ ၂၉

မျောက်ကျောက်ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူသူများသည် ရောဂါကူးစက်နိုင်ခြေ ၁၄ ဆ လျော့နည်းကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာများက ယနေ့ပြောကြားသည်။

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာများက ဇူလိုင်လနှောင်းပိုင်းမှ စက်တင်ဘာလအစောပိုင်းအထိ အသက် ၁၈ နှစ်မှ ၄၉ နှစ်ကြား အမျိုးသား ၅၄၀၀ ကျော်ကို လေ့လာစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူသူများသည် ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းမရှိသူများနှင့် နှိုင်းယှဉ်ပါက အနည်းဆုံး ၁၄ ရက်ကြာမှသာ ရောဂါဝေဒနာကို စတင်ခံစားရကြောင်း သိရသည်။

ကာကွယ်ဆေးကို မူလတွင် ကျောက်ရောဂါအတွက် သီးသန့်တီထွင်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ပြီးနောက် မျောက်ကျောက်ရောဂါအတွက်ပါ ထိရောက်မှုရှိသည်ဟု ယူဆရသည်။

သို့သော် ရောဂါကာကွယ်ထိရောက်မှုနှုန်း အတိအကျကို လက်တွေ့စမ်းသပ်မှုများလုပ်ဆောင်ရန် လိုအပ်သေးကြောင်း အိုကာယာမာသိပ္ပံတက္ကသိုလ်မှ ပါမောက္ခ မိုရီကာဝါ ရှိဂီရုက ဆိုသည်။

ယခုစမ်းသပ်တွေ့ရှိမှုသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုအနက် တစ်ကြိမ်ထိုးပြီးသည့်ရလဒ်ကိုသာ သိရှိရသေးကြောင်းနှင့် ကိုယ်ခံစွမ်းအား အနည်းအများပေါ်မူတည်ပြီး လက်တွေ့စမ်းသပ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပါမောက္ခ မိုရီကာဝါရှိဂီရုက ဆိုသည်။

လက်ရှိတွင် ကမ္ဘာနိုင်ငံနှင့်ဒေသ ၁၀၉ ခု၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ဂ၆ဂ၁၃ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၆ ဦးရှိသည်။

ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်များကို အမေရိကန်နှင့် ဥရောပနိုင်ငံများ၌ ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

ဘားအံနှင့် ရေဖြူမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၈ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ဘားအံမြို့နယ် ပိုင်ရမ်းကျေးရွာအနီး နောင်လုံ-ပိုင်ရမ်းကျေးရွာ သွားကားလမ်းတွင် မောင်မောင်ထွေး (ခ)မောင်ထွေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း။

ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေဖြူမြို့နယ် ကလိန်အောင်မြို့ အလယ်စခန်းကျေးရွာအနီး မလွဲတောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စောပလာဝါး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

မောင်မောင်ထွေး(ခ) မောင်ထွေးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်း မရှိသော Ventilation Work၊ Flexible Duct နှင့် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၂၂ဒသမ၈) ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က ကုန်သေတ္တာ တစ်လုံးအတွင်းမှ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှုမရှိသော Brand New Telecommunication Equipment များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၃၂၂ဒသမ၈)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သိမ်းဆည်းရမိ

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားခြင်းမရှိသော Plastic Bottle ၃၀ဖ ကီလိုဂရမ်နှင့် PE Slipper Flip Flop (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅ဖ၄၃၃) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော ယာဉ်နှစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈ ၂၅ဖ၄၃၃)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က မုံရွာမြို့အဝင် ပူးပေါင်းစစ်ဆေးရေး ဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ TOYOTA Mark II အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၄ ဒသမ ၁၇၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၂၈၄) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄ ၉၇ဖ၉၈၅) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ သိမ်းဆည်းရမိမှု။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုစီးပွားဘဝ ဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ လျော့နည်းကျဆင်းစေရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC)၏ အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရေး Quick Win လုပ်ငန်းအစီအမံ(၅) ရပ်နှင့်အညီ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မော်တော်ယာဉ်မောင်းနှင်အသုံးပြုရာတွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရန်၊

(ခ) မော်တော်ဆိုင်ကယ်မောင်းနှင်စီးနင်းသူများ၊ နောက်မှလိုက်ပါစီးနင်းသူများအနေဖြင့် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုရန်နှင့် မေးသိုင်းကြိုးမြဲမြံစွာ တပ်ဆင်အသုံးပြုရန်၊

(ဂ) အရက်သေစာမူးယစ်သောက်စားပြီး မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရန်၊

(ဃ) မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရန်၊

(င) မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပိုပြီး မောင်းနှင်ခြင်း မပြုရန်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၁၀-၂၀၂၂ တနင်္ဂနွေနေ့

MRTV HD

- **၀၆:၀၀** "မင်းကွန်းဆရာတော်ဘုရားကြီး၏ ဖရိတ်တရားတော်" (မင်္ဂလသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** "ဒီမိုကရေစီဆိုရာဝယ်"
- **၀၉:၃၅** တရုတ်ကာတွန်း "ပန်းနဂါးမိုးလေတံတား" (အပိုင်း-၁၀)
- **၀၉:၃၀** သတင်းသမားပြောတဲ့သတင်းဝကား
- **၀၉:၅၅** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ "တူယှဉ်ဉန္ဒေဗျော်ဂီတပွဲတော် Season-2" ဝေးသီချင်းဆိုပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (အုပ်စု-c)(ပွဲစဉ်-၉)
- **၁၂:၃၀** This Week's Special Interest
- **၁၃:၀၀** အသိပညာနှင့်အမှန်တရား
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း "**ခြောက်ပစ်ကင်း**"
- **၁၄:၅၅** ၂၀၂၂ခုနှစ်၊ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်အမျိုးသား ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (အကြိုရိုက်လုပ်ပွဲ) (တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း)
- **၁၅:၅၅** "Sports Diary"
- **၁၆:၂၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- **၁၇:၃၅** Economic Review
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဠာ သိရိဂဝဟာ
- **၁၉:၃၅** မြန်မာဇာတ်လမ်းတွဲ 'အတိုးပပေးတဲ့ ဦးလေး' (အပိုင်း-၀)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဘဝနှင့်အနုပညာ 'အကယ်ဒမီဝင်သီတာထွန်း' (အပိုင်း-၃)
- **၂၁:၃၀** ဆေးရောင်စုံရုပ်ရှင် "ကျားသင်စိန်"

mtv

- **07:01** Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
- **07:12** Myanmar Orchestra: A Blend of Arts!
- **07:25** Myanmar Traditional Snacks: Sago Syrup with Sweet Potato
- **07:32** Sri Ksetra, Field of Fortune & Glory (Part-2)
- **07:52** Faces Of ASEAN (Singapore)
- **08:01** News
- **08:27** Colourful Threads
- **08:36** Tazaungmone (Ep-2)
- **09:01** We'll Leave After 12 Passengers Are On Board
- **09:25** Gold: King Of All Metals
- **10:01** News
- **10:27** Five Tooth Relic Enshrined Pagodas
- **10:40** Perspectives: ASEAN & Myanmar
- **11:02** Gardener: Rose Plantation

MRTV NRC

- **အရှေ့မြောက်ဗဟို (၀၆:၁၀ မှ ၀၇:၀၀)** ရာသီပန်းကလေးပွင့်လန်းလိုင်းမှ
- **ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ငဲရာခါးသီးနှင့် ကျန်းမာရေး
- **ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** တစ်နေ့တာ တောင်ယာလုပ်ငန်း
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** မာရင်ငါးပါးဘုရားပူးကြမယ်
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ရှင်းရိုးရာဒေါ်ကာ်စီး(ဒေါ်)ရှင်းထမင်းသုပ်
- **၀ (၁၅:၀၀ မှ ၁၇:၀၀)** ဒေသတစ်လွှားစီတိုဝင်စားပွယ်ရာများ(အပိုင်း-၁၀)
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** အလှပြောဝေမနောမြေ
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** ကယားရိုးရာကြက်သားဟင်းထုပ်
- **ဝေကကရင် (၂၁:၀၀ မှ ၂၂:၀၀)** သင်ယူလေ့လာတိုရဲ့စာ(အပိုင်း-၈)
- **အနောက်မြောက် (၂၂:၀၀ မှ ၂၃:၀၀)** သဘာဝအလှတရားများရဲ့ကျောက်ပုထိုးစေတီတော်

MRTV NEWS

- **၀၆:၀၀** အဖွင့်၊ ထေားသီချင်း
- **၀၆:၃၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၀၈:၄၅** "**ငနေဂင်ခြည်ရဲ့လျှပ်စစ်ဓွမ်းအင်**"
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၀၉:၁၅** Weekly Selected News
- **၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၃:၀၀** MRTV National News
- **၁၃:၂၀** News Desk
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၃၀** သတင်းမုန်ကဏ္ဍ(LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊အာလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**အမိုစ်တဲကြည်ကြည်**"
- **၁၀:၀၀** ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာသွေးနွေးခန်း အပိုင်း-၄
- **၁၁:၀၀** နိုင်ငံတကာလွှတ်တော်များအကြောင်း (ဂျပန်နိုင်ငံ)
- **၁၁:၃၀** "**အလွေးအခြင်**"(အပိုင်း-၄)

MRTV FARMERS'

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နွေတွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** အထွက်တိုးမြှင့်ရာသီဥတုနှင့်ကိုက်ညီသော မျိုးများ ရွေးချယ်စိုက်ပျိုးခြင်း
- **၀၆:၅၀** သုတဝေစည်တောင်သူဆီ
- **၀၇:၃၅** မွေးမြူရေးရာအဖြာဖြာ
- **၀၈:၃၀** စာသင်နှိုးမှသည်လယ်တောဆီ (စိုက်ပျိုးရေးဇာတ်လမ်းတို)
- **၀၉:၂၅** အောင်မြင်နေသောစီမံကိန်းမြန်မာဆယ်မား အူမလ်အွန်ဒုန်
- **၀၉:၅၅** သိုလှောင်စည်းလက္ခဏာပုံနည်းစေရန် သီးနှံမျိုးစေ့များတွင်ရှိသင့်သည့် အစိုဓာတ်တိုင်းတာနည်း

MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- **၁၄:၄၅** ၂၀၂၂ခုနှစ်၊ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အကြိုရိုက်လုပ်ပွဲ) (တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း)

Education Channel ကို ဒေသဓိပ္ပတိ (၉)ဌာန၊ (၆)ကြိုးနှန်း (၄၅)ဌာန၊ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

တနင်္သာရီတိုင်းဒေသကြီး မြိတ်-ထားဝယ်ကားလမ်းဘေး၌ စိုက်ထူထားပြီး ပုလောမြို့နယ်သို့ လျှပ်စစ်မီးပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်တိုင်များအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် အောက်တိုဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မြိတ်-ထားဝယ်ကားလမ်းဘေး၌ စိုက်ထူထားပြီး ပုလောမြို့နယ်သို့ လျှပ်စစ်မီးပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်တိုင်များအား အောက်တိုဘာ ၂၈ ရက်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် လျှပ်စစ်ဓာတ်တိုင်နှစ်တိုင် ပြိုလဲပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ ရက်မွန်းလွဲ ၁ နာရီခွဲတွင် ပုလောမြို့နှင့် ကျေးရွာများသို့ လျှပ်စစ်မီးပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်တိုင်များအနက် မင်းထိန်ကျေးရွာနှင့် ခမောင်းတောကျေးရွာကြား ဒေသအခေါ် ကျောက်ပုဇွန်တောင်အနီး မြိတ်-ထားဝယ်ကားလမ်းဘေး၌ စိုက်ထူထားသည့် ကွန်ကရစ်ဓာတ်တိုင် နှစ်တိုင်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် လျှပ်စစ်ဓာတ်တိုင် နှစ်တိုင်မှာ လမ်းမကြီးပေါ်သို့ ပြိုလဲပျက်စီးခဲ့ပြီး ပုလောမြို့နှင့် ပုလောမြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့မှုကြောင့် လျှပ်စစ်ဓာတ်တိုင် နှစ်တိုင်ပျက်စီးခဲ့ပြီး လျှပ်စစ်မီး ပြတ်တောက်ခဲ့သည့်အတွက် ဒေသခံ ပြည်သူများ လျှပ်စစ်မီးပြန်လည်ရရှိနိုင်ရေးအတွက် တာဝန်ရှိသူများက အဆိုပါ လျှပ်စစ်ဓာတ်အားလိုင်းများအား အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေးနှင့် ဖျက်ဆီးမှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တမူးမြို့ စော်ဘွား(၅)ရပ်ကွက်ရှိ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံးအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် အောက်တိုဘာ ၂၉

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းစသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စော်ဘွား(၅)ရပ်ကွက်ရှိ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံးအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တမူးမြို့ စော်ဘွား(၅)ရပ်ကွက်ရှိ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံးသို့ အောက်တိုဘာ ၂၈ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ရောက်ရှိလာပြီး ၎င်းတို့အသင့်ယူဆောင်လာသည့် ဓာတ်ဆီပုလင်းများဖြင့် လောင်း၍ မီးရှို့ဖျက်ဆီးခဲ့ပြီး ထွက်ပြေးသွားခဲ့ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်နေသည့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံးအား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် အလျားပေ ၃၀၊ အနံ ပေ ၂၀ ခန့်ရှိနှစ်ထပ်တိုက်သွပ်မိုး၊ အုတ်ကာရုံးအဆောက်အအုံ တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) ရပ်ကွက်နေ ရဲဇော်ဟိုက်(ခ) ရဲရဲသည် ၎င်းအသုံးပြုသည့် “Ye Zaw Hite” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၀-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၀၀	၂၀၄၅	၂၀၄၀	၂၀၁၀	၂၀၄၅	၂၀၇၀	၂၀၅၅	၂၀၃၀	၂၁၂၅	၂၁၄၀	၂၀၄၀	၂၀၄၅	၂၀၈၀	၂၀၈၀	၂၀၈၅	၂၃၀၅	၂၇၇၀
95 Ron	၂၀၉၀	၂၁၃၅	၂၁၃၅	၂၀၉၅	၂၁၃၅	၂၁၅၅	၂၁၄၀	၂၁၂၀	၂၂၁၅	၂၂၃၀	၂၁၂၅	၂၁၄၀	၂၁၇၀	၂၁၇၀	၂၁၇၅	၂၃၉၀	၂၈၅၀
HSD (500 ppm)	၂၆၉၀	၂၇၄၅	၂၇၃၅	၂၇၀၀	၂၇၄၅	၂၇၆၀	၂၇၆၀	၂၇၃၀	၂၈၄၅	၂၈၄၀	၂၇၃၅	၂၇၄၀	၂၇၈၀	၂၇၈၀	၂၇၈၅	၃၀၀၀	၃၄၉၅
HSD (50 ppm)	၂၇၇၅	၂၈၂၀	၂၈၁၅	၂၇၈၀	၂၈၂၀	၂၈၄၀	၂၈၃၅	၂၈၀၅	၂၉၂၀	၂၉၁၅	၂၈၁၀	၂၈၂၀	၂၈၅၅	၂၈၅၅	၂၈၆၀	၃၀၇၅	၃၅၂၀
HSD (10 ppm)	၂၇၇၅	၂၈၂၀	၂၈၁၅	၂၇၈၀	၂၈၂၀	၂၈၄၀	၂၈၃၅	၂၈၀၅	၂၉၂၀	၂၉၁၅	၂၈၁၀	၂၈၂၀	၂၈၅၅	၂၈၅၅	၂၈၆၀	၃၀၇၅	၃၅၂၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၀၂	၁၉၇၄
95 Ron	၁၉၈၈	၂၀၆၁
HSD (500 ppm)	၂၅၈၁	၂၆၆၂
HSD (50 ppm)	၂၆၅၂	၂၇၃၅
HSD (10 ppm)	၂၆၅၂	၂၇၃၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မတူပီမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိ

မတူပီ အောက်တိုဘာ ၂၉

ချင်းပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်များနှင့် ဟင်းသီးဟင်းရွက်များကိုလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်(မတူပီတပ်နယ်)မှ အသား၊ ကြက်ဥနှင့် နွားနို့များအားလည်းကောင်း ဒေသပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းလျှော့၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချခြင်းကို ယနေ့နံနက်ပိုင်းက မတူပီမြို့ စန်ဘောင်ရပ်ကွက် စန်ဘောင်လမ်းဆုံတွင် တတိယအကြိမ်အဖြစ် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စစ်ဗျူဟာ(အခြေချ) မတူပီ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ/ဖြူ၊ အာလူး၊ ကုလားပဲ၊ အမဲသား၊ ဝက်သား၊ ယမ်ယမ်၊ ငါးခြောက်၊ ဟင်းသီးဟင်းရွက်၊ နွားနို့၊ နို့ဆီ၊ တီးမစ် စသည့်အခြေခံစားသောက်ကုန်များ ရောင်းချပေးခဲ့ရာ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝယ်ယူအားပေးကြသည်။ နှာခေါင်းစည်းအသုံးမပြုသူပြည်သူများအား ကျန်းမာရေးဝန်ထမ်းများက နှာခေါင်းစည်းများဝေငှခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် တခွဲကြဲကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲအား အကြမ်းဖက်သမားများက မီးပုလင်းများဖြင့် ပစ်ပေါက်မီးရှို့ဖျက်ဆီးခဲ့သဖြင့် စာသင်ခန်းအချို့နှင့် သင်ထောက်ကူပစ္စည်းများ မီးလောင်ဆုံးရှုံး

နေပြည်တော် အောက်တိုဘာ ၂၉

ပဲခူး တိုင်းဒေသကြီး ရေတာရှည်မြို့နယ် တခွဲကြဲ ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲကို အောက်တိုဘာ ၂၈ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများက မီးပုလင်းများဖြင့် ပစ်ပေါက်၍ မီးရှို့ဖျက်ဆီးခဲ့သဖြင့် စာသင်ခန်းနှင့် သင်ထောက်ကူပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးရှို့ဖျက်ဆီးခဲ့

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ ရက် ည ၇ နာရီခွဲတွင် ရေတာရှည်မြို့နယ် တခွဲကြဲ ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား အကြမ်းဖက်သမားများက မီးပုလင်းများဖြင့် ပစ်ပေါက်ကာ မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ် ယာဉ်များဖြင့်

သွားရောက်ငြိမ်းသတ်ရာ ၃၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါကျောင်း အတွင်းရှိ Grade-1၊ Grade-2၊ Grade-5 စာသင်ခန်း သုံးခန်း၊ ကျောင်းအုပ်ကြီးရုံးခန်း တစ်ခန်းနှင့် အဆိုပါ အခန်းများအတွင်း ထားရှိသည့် သင်ထောက်ကူပစ္စည်းများ ဖြစ်သော စာရေးခုံ ၂၅ လုံး၊ ထိုင်ခုံ ၂၅ လုံး၊ ဘီရိုသုံးလုံးနှင့် ရုံးသုံးစာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ထိုသို့ ကလေးသူငယ်များ၏ ပညာသင်ကြားမည့်အခွင့်အလမ်းဆုံးရှုံးစေရန် ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကာ လွန်ချမ်းသာ

အီလက်ထရွန်နစ်မဲပေးခြင်း (Electronic Voting)

သုတကျော်

နိဒါန်း

အီလက်ထရွန်နစ်နည်းဖြင့်မဲပေးခြင်း (E-voting) ကို ကမ္ဘာ့အကြီးမားဆုံးသော ဒီမိုကရေစီနိုင်ငံများတွင် အသားကျ ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံပေါင်းများစွာတို့တွင်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အမျိုးမျိုးသောကဏ္ဍတို့ကို တိုးတက်ဖွံ့ဖြိုးစေလိုသည့် ရည်ရွယ်ချက်ဖြင့် အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းစနစ်ကို စတင်မိတ်ဆက်အသုံးပြုနေကြပြီ ဖြစ်သည်။ အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းကို ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုအပေါ် ယုံကြည်မှုတည်ဆောက်ရေး၊ ရွေးကောက်ပွဲရလဒ်များအပေါ် အများယုံကြည်မှု မြင့်တက်လာရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံး၏ စွမ်းဆောင်နိုင်ရည် မြင့်မားစေရေးတို့အတွက် ကိရိယာတစ်ခုအဖြစ် အသုံးပြုကြသည်။

အီလက်ထရွန်နစ်မဲပေးခြင်း (Electronic Voting)

အီလက်ထရွန်နစ် မဲပေးခြင်းဆိုသည်မှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အဓိကနေရာတွင်ရှိသည့် မဲပေးခြင်း သို့မဟုတ် မဲထည့်ခြင်းနှင့် မဲရေတွက်ခြင်းစသည်တို့ကို အီလက်ထရွန်နစ်နည်းလမ်းဖြင့် အသုံးပြုခြင်းဖြစ်သည်။ အီလက်ထရွန်နစ်မဲပေးခြင်း E-voting သည် သီးခြားအီလက်ထရွန်နစ်မဲပေးစက်များ အသုံးပြု၍ မဲပေးခြင်း သို့မဟုတ် အင်တာနက်နှင့် ချိတ်ဆက်ထားသော ကွန်ပျူတာများကို အသုံးပြု၍မဲပေးခြင်းတို့ဖြစ်သည်။

အီလက်ထရွန်နစ်နည်းလမ်းကို အသုံးပြု၍ မဲပေးခြင်း၏ ရည်ရွယ်ချက်

အီလက်ထရွန်နစ်နည်းလမ်းကိုအသုံးပြု၍ မဲပေးခြင်း၏ ရည်ရွယ်ချက်များမှာ ပုံမှန်ဖြစ်ပေါ်နေသော ရွေးကောက်ပွဲမသမာမှုများကို တားဆီးနိုင်ရန်၊ ရွေးကောက်ပွဲအပေါ် အားထားယုံကြည်နိုင်စွမ်း တိုးမြင့်လာရန်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် လူက တိုက်ရိုက်ထိန်းချုပ်ခြင်းနှင့် ထိုလုပ်ငန်းစဉ်အတွင်း လွှမ်းမိုးမှုကို လျှော့ချနိုင်ရန်၊ ရွေးကောက်ပွဲရလဒ်များတွက်ချက်သည့် လုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန်စေရန်နှင့် ဆန္ဒမဲပေးရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်တို့ ဖြစ်သည်။ ထို့ပြင် အချို့သောအခြေအနေများ၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းကို ရွေးကောက်ပွဲများ သို့မဟုတ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများတွင် ဆက်တိုက်အသုံးပြုနိုင်မည်ဆိုလျှင် ရေရှည်တွင် ကုန်ကျစရိတ်များ သက်သာစေနိုင်ပါသည်။ အထူးသဖြင့် မဲလက်မှတ်စာရွက်များကို ပုံနှိပ်ဖြန့်ဝေခြင်း၊ ရွေးကောက်ပွဲပြီးနောက် မဲလက်မှတ်စာရွက်များကို ပို့ဆောင်ခြင်းနှင့် သိုလှောင်သိမ်းဆည်းမည့် ကုန်ကျစရိတ်များကို လျှော့ချနိုင်ပါသည်။

အီလက်ထရွန်နစ်နည်းလမ်းဖြင့် မဲပေးခြင်းကို အသုံးပြု/အသုံးမပြုသောနိုင်ငံများ

ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီအစီရင်ခံစာ ၂၀၂၁ တွင် ဖော်ပြချက်အရ အီလက်ထရွန်နစ်နည်းလမ်းဖြင့် မဲပေးခြင်းနည်းလမ်းကို အသုံးပြု/ အသုံးမပြုသောနိုင်ငံများမှာ ဖော်ပြပါအတိုင်းဖြစ်သည်-

စဉ်	E-Voting အသုံးပြုမှု	အရေအတွက်
၁	ဥပဒေပြုလွှတ်တော်/ ပါလီမန်ရွေးကောက်ပွဲများတွင် အသုံးပြုသည့်နိုင်ငံများ	၂၈ နိုင်ငံ
၂	ပြည်နယ်ရွေးကောက်ပွဲ/ဒေသန္တရ ရွေးကောက်ပွဲများတွင် အသုံးပြုသည့်နိုင်ငံများ	၁၇ နိုင်ငံ
၃	ရွေးကောက်ပွဲကော်မရှင်၏ကြီးကြပ်မှုဖြင့် ကျင်းပသည့် ရွေးကောက်ပွဲ (ဥပမာ–Trade Union Election အစရှိသည့်) များတွင် အသုံးပြုသည့်နိုင်ငံများ	၄ နိုင်ငံ
၄	Electronic Voting အသုံးမပြုသည့်နိုင်ငံများ	၁၄၃ နိုင်ငံ
၅	မှတ်တမ်းမရှိသည့်နိုင်ငံ	၁ နိုင်ငံ
	စုစုပေါင်း	၁၉၃ နိုင်ငံ

အီလက်ထရွန်နစ်နည်းလမ်းဖြင့် မဲပေးခြင်း၏ စိန်ခေါ်မှုများနှင့် ဖြေရှင်းရန် နည်းလမ်းများ

အီလက်ထရွန်နစ်နည်းဖြင့် မဲပေးရာတွင် နည်းပညာများသည် ရွေးကောက်ပွဲဆိုင်ရာ ပြဿနာဟောင်းများဖြေရှင်းရန် အခွင့်အလမ်းများရှိပါသည်။ သို့ရာတွင် ပြဿနာအသစ်များကိုလည်း မိတ်ဆက်ခေါ်ဆောင်လာတတ်ပါသည်။ အချို့သောကိစ္စရပ်များတွင် ဥပဒေပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ စိန်ခေါ်မှုများရှိသည်။ ထိုစိန်ခေါ်မှုအတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။ မဲပေးခြင်းဆိုင်ရာ နည်းပညာအသစ်အပေါ် အယုံအကြည်မရှိခြင်း သို့မဟုတ် ပြောင်းလဲမည့် နည်းစနစ်ကို လက်ခံရန်ခက်ခဲခြင်းစသည့် စိန်ခေါ်မှုများလည်း ရှိပါသည်။ ထို့ကြောင့် မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲစီမံခန့်ခွဲသူများနှင့် နည်းပညာအသစ်ကို မိတ်ဆက်ခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ရပါမည်။ အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းမှာ အီလက်ထရွန်နစ်စနစ်များ၊ အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းဆိုင်ရာ လုပ်ငန်း လုပ်ဆောင်မှုအဆင့်များသည် ရှုပ်ထွေးမှုများကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ယုံကြည်မှုလျော့ပါးသွားစေနိုင်သည်။ ထို့ကြောင့် အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းကို မိတ်ဆက်ရာတွင် လုံလောက်သောအချိန်နှင့် အရင်းအမြစ်များကို အသုံးပြုခြင်း၊ အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းဆိုင်ရာလုပ်ငန်းစဉ်ကို မဲရုံဝန်ထမ်းများက နားလည်ကျွမ်းကျင်မှုရှိစေရန် လေ့ကျင့်သင်တန်းပေးခြင်း၊ ရှင်းလင်းလွယ်ကူသောဒီဇိုင်းကို ဖန်တီးအသုံးပြုခြင်း၊ ရှင်းလင်းလွယ်ကူသော နည်းစနစ်များကို အသုံးပြုခြင်းတို့ဖြင့် ဖြေရှင်းနိုင်ပါသည်။

ရွေးကောက်ပွဲများတွင် E- voting ကို လက်ရှိအသုံးပြုနေသော နိုင်ငံများ



အသုံးများသော အီလက်ထရွန်နစ်မဲပေးခြင်းနှင့် ရေတွက်ခြင်းနည်းပညာများ

တစ်ကမ္ဘာလုံးတွင် အသုံးပြုနေသော အီလက်ထရွန်နစ်မဲပေးခြင်းနှင့် ရေတွက်ခြင်းနည်းပညာများစွာရှိပါသည်။ အသုံးပြုထားသော နည်းပညာအမျိုးမျိုးသည် ၎င်းတို့ကို အလွယ်တကူ အမျိုးအစားခွဲရန် ခက်ခဲပါသည်။ အသုံးအများဆုံး နည်းပညာအမျိုးအစားများကို အောက်ပါအတိုင်း လေးမျိုးခွဲခြားသတ်မှတ်ထားပါသည် -

(က) **တိုက်ရိုက်မှတ်တမ်းတင် အီလက်ထရွန်နစ် မဲပေးစက်စနစ် (Direct Recording Electronic System – DRE)**။ အီလက်ထရွန်နစ်မဲပေးစက်များ (Electronic Voting Machine–EVM) ဟု မကြာခဏ ရည်ညွှန်းလေ့ရှိသော တိုက်ရိုက်မှတ်တမ်းတင် အီလက်ထရွန်နစ်မဲပေးစက်များ (Direct Recording Electronic voting machines–DRE) တွင် မဲဆန္ဒရှင်တစ်ဦးအား အီလက်ထရွန်နစ်စနစ်ဖြင့် မဲပေးခွင့်ပြုရန် ကီးဘုတ် (Keyboard)၊ ထိတွေ့မျက်နှာပြင်(Touch Screen)၊ မောက်စ် (Mouse)၊ ဘောပင် သို့မဟုတ် အခြား အီလက်ထရွန်နစ်စက်ပစ္စည်းများကို အသုံးပြုကြသည်။ DRE များကို အဝေးထိန်းမဟုတ်သော၊ ကြီးကြပ်ထားသော နေရာများ (မဲရုံများ)တွင် အသုံးပြုပါသည်။ DRE စနစ်သည် မဲဆန္ဒရှင်များ၏ ရွေးချယ်မှုများကို ဖမ်းယူပြီး စက်ထဲတွင် ၎င်းတို့၏ မဲပေးမှုဆိုင်ရာ အီလက်ထရွန်နစ်မှတ်တမ်းကို သိမ်းဆည်းထားသည်။ DRE စက်များကို မဲပေးချက်မှန်၊ မမှန် အတည်ပြုစက် (VVPAT, or Voter–Verified Paper Audit Trail) ဖြင့် တွဲဖက်၍ဖြစ်စေ သို့မဟုတ် တွဲဖက်ခြင်းမပြုလုပ်ဘဲဖြစ်စေ အသုံးပြုနိုင်သည်။ မဲဆန္ဒရှင်ရွေးချယ်လိုက်သည့် ဆန္ဒမဲများအတွက် VVPAT များက မဲပေးခြင်းဆိုင်ရာ အထောက်အထားအဖြစ် စက္ကူစလစ်ဖြတ်ပိုင်းများကို ပရင့်ထုတ်ပေးခြင်းဖြစ်သည်။ VVPAT များပါရှိသော DRE များသည် VVPAT မပါသော DRE များထက် အားသာချက်ရှိသည်။ အကြောင်းမှာ စာရွက်မှတ်တမ်းသည် မဲဆန္ဒရှင်အား ပိုမိုပွင့်လင်းမြင်သာမှုကို ပေးစွမ်းနိုင်သောကြောင့် ပိုမိုယုံကြည်မှုရှိလာစေသည်။ VVPAT ပါရှိသော DRE များသည် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့များ (EMBs)နှင့် ရလဒ်များကို စစ်ဆေးရန် သို့မဟုတ် ပြန်လည်ရေတွက်ရန် ကြီးကြပ်သူများကို အထောက်အကူဖြစ်စေပါသည်။ မဲလက်မှတ်ဒီဇိုင်းကို ရွေးချယ်သတ်မှတ်ရာတွင် သတိပြုရန် အရေးကြီးပါသည်။

စာမျက်နှာ ၁၈ သို့ *

> **“အီလက်ထရွန်နစ်နည်းလမ်းကို အသုံးပြု၍ မဲပေးခြင်း၏ရည်ရွယ်ချက်များမှာ ပုံမှန်ဖြစ်ပေါ်နေသော ရွေးကောက်ပွဲမသမာမှုများကို တားဆီးနိုင်ရန်၊ ရွေးကောက်ပွဲအပေါ် အားထားယုံကြည်နိုင်စွမ်း တိုးမြင့်လာရန်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် လူက တိုက်ရိုက်ထိန်းချုပ်ခြင်းနှင့် ထိုလုပ်ငန်းစဉ်အတွင်း လွှမ်းမိုးမှုကို လျှော့ချနိုင်ရန်၊ ရွေးကောက်ပွဲရလဒ်များ တွက်ချက်သည့် လုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန်စေရန်နှင့် ဆန္ဒမဲပေးရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်တို့ဖြစ်”**

* စာမျက်နှာ ၁၇ မှ

(ခ) **အီလက်ထရွန်နစ်မဲလက်မှတ်ထုတ်ပရင်တာ(Electronic Ballot Printers – EBPs)**။ အီလက်ထရွန်နစ်မဲလက်မှတ်ထုတ် ပရင်တာများ (Electronic Ballot Printers – EBPs) ဆိုသည်မှာ DRE စက်နှင့်ဆင်တူ၍ စက်မှသိရှိနားလည်နိုင်သော မဲလက်မှတ် သို့မဟုတ် မဲဆန္ဒရှင်က ဆန္ဒပြုသော အီလက်ထရွန်နစ်တိုကင်ကို ပရင့်ထုတ်ပေးသည်။ အဆိုပါတိုကင်ကို အလိုအလျောက် မဲရေတွက်ပေးသည့် သီးခြားမဲလက်မှတ်ဖတ် စကင်နာစက် (Ballot Scanner) အတွင်း သို့ ထည့်သွင်းရသည်။ မဲပေးသူသည် မဲပေးရွေးချယ်မှုပြုလုပ်ရန်အတွက် DRE–type interface ကို အသုံးပြုရသည်။ ထို့နောက်မဲဆန္ဒရှင်၏မဲလက်မှတ် သို့မဟုတ် တိုကင်သည် အီလက်ထရွန်နစ်စနစ်ဖြင့် မဲကို အလိုအလျောက်ရေတွက်နိုင်သည့် မဲပုံးထဲသို့ ရောက်ရှိသွားသည်။ EBPs များသည် DRE များထက် မဲဆန္ဒရှင်များအတွက် ပိုမိုနားလည်ရလွယ်ကူပြီး အသုံးပြုရလွယ်ကူသည်ဟု ယူဆကြသည်။ မဲလက်မှတ်ထုတ်ပရင်တာသည် မဲဆန္ဒရှင်များ၏ ရွေးချယ်မှုကိုသာ အမှတ်အသားပြုပြီး မဲများကို မှတ်တမ်းတင်ထားခြင်းမရှိပါ။ မဲလက်မှတ်ဖတ် စကင်နာ သို့မဟုတ် အီလက်ထရွန်နစ်မဲပုံးသည် မဲပေးချက်နှင့် စုစုပေါင်းမဲအရေအတွက်များကို မှတ်တမ်းတင်ထားပါသည်။ ၎င်းတို့တွင် သီးခြားစက်နှစ်လုံး ပါဝင်သောကြောင့် EBP စနစ်များသည် ကုန်ကျစရိတ်ပိုမိုမြင့်မားနိုင်ပြီး အိုင်တီနည်းပညာအပေါ် နားလည်သည့်အရည်အချင်း ပိုမိုလိုအပ်ပါသည်။

(၀) **အလင်းဖြင့်မှတ်တမ်းတင်စနစ် (Optical Mark Recognition–OMR)**။ အထူးပြုလုပ်ထားသည့် မဲလက်မှတ်အပေါ်တွင် မဲပေးသူ၏ ရွေးချယ်မှုကို မှတ်မိဖတ်ရှုနိုင်သော စကင်ဖတ်စစ်ဆေးသောစနစ် (OMR systems)တပ်ဆင်ထားသည့်စက်ဖြစ်ပြီး စာရွက်ဖြင့် မဲပေးခြင်းကို အီလက်ထရွန်နစ်ရေတွက်ခြင်းစနစ်ဖြင့် ပေါင်းစပ်ထားခြင်းဖြစ်သည်။ မဲဆန္ဒရှင်သည် အဆိုပါစက်ဖြင့် ဖတ်ရှုနားလည်နိုင်သော မဲစာရွက်ပေါ်တွင် ရွေးချယ်အမှတ်အသားပြုလုပ်ရန် ဘာဝပင် သို့မဟုတ် ခဲတံကို အသုံးပြုရသည်။ ထို့နောက် မဲဆန္ဒရှင်က ရွေးချယ်ထားသော အမှတ်အသားများပါဝင်သည့် ဆန္ဒမဲလက်မှတ်များကို OMR စက်က ဖတ်ရှုမှတ်သားခြင်း ပြုလုပ်ပါသည်။ OMR စနစ်ဖြင့် မဲရေတွက်ရာတွင် အသုံးပြုသည့်နည်းလမ်းနှစ်ခုရှိပါသည်။ ပထမနည်းလမ်းမှာ မဲဆန္ဒရှင်များ၏ မဲဆန္ဒပြုခြင်းများကို မဲရုံ၌ပင် စာရင်းကောက်ယူရေတွက်ခြင်းဖြစ်ပြီး ဒုတိယနည်းလမ်းမှာ မဲရုံတစ်ခုထက်ပိုသောမဲများကို ဗဟို/ဒေသဆိုင်ရာ မဲရေတွက်သည့်နေရာ၌ ရေတွက်ခြင်းနည်းလမ်းတို့ ဖြစ်ပါသည်။ ဤစနစ်သည် မဲလက်မှတ်ဒီဇိုင်း၊ အသုံးပြုသည့် မင်အမျိုးအစား၊ မဲလက်မှတ်စာရွက်အထူနှင့် OMR စက်များ၏ မဲများကို တိကျစွာ ရေတွက်နိုင်မှုတို့တွင် ကန့်သတ်ချက်များရှိပါသည်။

(ဃ) **အင်တာနက်မဲပေးစနစ် (Internet Voting Systems)**။ အင်တာနက်ဖြင့် မဲပေးသည့်စနစ်များ (Internet voting systems) ဆိုသည်မှာ မဲရေတွက်သည့် ဗဟိုကွန်ပျူတာဆာဗာထံသို့ အင်တာနက်မှတစ်ဆင့် မဲများကို လွှဲပြောင်းပေးသည့်စနစ်ပင်ဖြစ်သည်။ အင်တာနက်မဲပေးစနစ်တွင် မဲပေးသူသည် အင်တာနက်ချိတ်ဆက်ထားသော ကွန်ပျူတာကို အသုံးပြု၍ မဲပေးရသည်။ အင်တာနက်မဲပေးခြင်းသည် ယေဘုယျအားဖြင့် မဲဆန္ဒရှင်၏အိမ် သို့မဟုတ် အလုပ်ကဲ့သို့သော အင်တာနက်အသုံးပြုခွင့်ရှိသည့် မည်သည့်ကွန်ပျူတာမှမဆို ကြီးကြပ်မှုမရှိသော၊ ဝေးလံသောနေရာများတွင်ပါ အသုံးပြုနိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မဲရုံ သို့မဟုတ် သက်ဆိုင်ရာဒေသ၌ အင်တာနက်လိုင်းများ ကောင်းမွန်စွာ အသုံးပြုနိုင်ရန် လိုအပ်ပါသည်။ အင်တာနက်မဲပေးခြင်းသည် ကွန်ပျူတာစနစ်အတွင်းသို့ ဟက်ကာများဝင်ရောက်ခြင်း သို့မဟုတ် အချက်အလက်ပျက်စီးစေသည့် အခြားနည်းလမ်းများနှင့်ပတ်သက်သည့် လုံခြုံရေးဆိုင်ရာ ပြဿနာများရှိနိုင်ပါသည်။ VVPAT မပါသော DRE များကဲ့သို့ပင် အင်တာနက်မဲပေးခြင်းသည် မဲဆန္ဒရှင်မှန်ကန်မှု ရှိ၊ မရှိ အတည်ပြုနိုင်မှုမရှိခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားမှုများ ဖြစ်ပေါ်လာသည့်အခါ စိစစ်အတည်ပြုရန် ခက်ခဲခြင်းများရှိနိုင်ပါသည်။ အင်တာနက်မဲပေးစနစ်များတွင် ပွင့်လင်းမြင်သာမှုမရှိခြင်းမှာ ကြီးမားသောအားနည်းချက်တစ်ခု ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းတွင် အသုံးပြုခဲ့သော မဲပေးခြင်းနှင့် မဲရေတွက်ခြင်းနည်းပညာ

မဲပေးခြင်းနှင့် မဲရေတွက်ခြင်းနည်းပညာများသည် အုံ့ဩစရာကောင်းလောက်အောင် ရှည်လျားသောသမိုင်းကြောင်းရှိသည်။ အမေရိကန်ပြည်ထောင်စုတွင် စက်မောင်းတံမဲစက်များကို ၁၈၉၂ ခုနှစ်တွင် ရွေးကောက်ပွဲအတွက် ပထမဆုံးအသုံးပြုခဲ့ပြီး ၁၉၆၀ ပြည့်နှစ်များအထိ အမေရိကန်ရွေးကောက်ပွဲများ၌ အသုံးများခဲ့သည်။ မဲလက်မှတ်ကတ်ပြားရေတွက်စက်များကို ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတွင် စတင်အသုံးပြုလာခဲ့သည်။ နောက်ဆယ်စုနှစ်များအတွင်း DRE မဲပေးစက်များ၊ မဲစကင်ဖတ်စက်များနှင့် အင်တာနက်မဲပေးခြင်းကဲ့သို့သော နည်းပညာများပေါ်လာခဲ့သည်။ အမေရိကန်သည် ဤနည်းပညာများစွာကို လက်ခံကျင့်သုံးခြင်း၏ ရှေ့တန်းမှဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ်များနှင့် ထောင်စုနှစ်သစ်၏ ပထမဆယ်စုနှစ်များတစ်လျှောက်တွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားသည်လည်း အဆိုပါနည်းပညာများကို စတင်ကျင့်သုံးလာကြသည်။ အမေရိကန်ပြည်ထောင်စု၊ ဘယ်လ်ဂျီယံ၊ ဗင်နီဇွဲလားကဲ့သို့သောနိုင်ငံများတွင် မဲပေးစက် (EVMs) များအပါအဝင် E–voting စနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုသည်။ ဂျော်ဒန်၊ မော်လ်ဒိုက်၊ နမ်ဘီးယား၊ အီဂျစ်၊ ဘူတန်၊ နီပေါနိုင်ငံများသည် အိန္ဒိယနိုင်ငံမှ EVM စက်နှင့်ပတ်သက်သည့် နည်းပညာဆိုင်ရာ အထောက်အပံ့များကိုရယူ၍ ရွေးကောက်ပွဲတွင် အသုံးပြုလျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီအစီရင်ခံစာ ၂၀၂၁ တွင် ဖော်ပြချက်အရ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၃၄ နိုင်ငံ၌ အသီးသီးသော ရွေးကောက်ပွဲများ၌ အီလက်ထရွန်နစ်မဲပေးစက်များကို အသုံးပြုလျက်ရှိသည်။ အချို့သောနိုင်ငံများသည် အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းနည်းပညာကို စမ်းသပ်နေဆဲဖြစ်သည်။ ၎င်းနိုင်ငံများမှာ–

ရွေးကောက်ပွဲများတွင် အီလက်ထရွန်နစ်မဲပေးစက်များကို အသုံးပြုလျက်ရှိသည့်နိုင်ငံများ

စဉ်	E–voting အသုံးပြုမှု	နိုင်ငံ
၁	ဥပဒေပြုလွှတ်တော်/ ပါလီမန်ရွေးကောက်ပွဲ များတွင် အသုံးပြုသည့် နိုင်ငံများ	အယ်ဘေးနီးယား၊ အာဂျင်တီးနား၊ အာမေးနီးယား၊ ဘင်္ဂလားဒေ့ရ်၊ ဘယ်လ်ဂျီယံ၊ ဘူတန်၊ ဘရာဇီး၊ ဘူဂေးရီးယား၊ ကွန်ဂို၊ ဒိုမီနီကန်၊ အီကွေဒေါ၊ အက်စ်တိုးနီးယား၊ ပြင်သစ်၊ အိန္ဒိယ၊ အီရတ်၊ ကာဂျစ်စတန်၊ မွန်ဂိုလီးယား၊ နမီးဘီးယား၊ နယူးဇီလန်၊ အိုမန်၊ ပါကစ္စတန်၊ ပနားမား၊ ပီရူး၊ ဖိလစ်ပိုင်၊ ရုရှား၊ ယူအေအီး၊ အမေရိက၊ ဗင်နီဇွဲလား
၂	ပြည်နယ်ရွေးကောက်ပွဲ/ ဒေသန္တရ ရွေးကောက်ပွဲများတွင် အသုံးပြုသည့်နိုင်ငံများ	သြစတြေးလျ၊ ကနေဒါ၊ အီရန်၊ မက္ကဆီကို၊ ဘယ်လ်ဂျီယံ၊ အာဂျင်တီးနား၊ ဘူတန်၊ ဘူဂေးရီးယား၊ အီကွေဒေါ၊ အက်စ်တိုးနီးယား၊ အိန္ဒိယ၊ မွန်ဂိုလီးယား၊ ပနားမား၊ ပီရူး၊ ဖိလစ်ပိုင်၊ ရုရှား၊ အမေရိက
၃	ရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်မှုဖြင့် ကျင်းပသည့် ရွေးကောက်ပွဲ(ဥပမာ– Trade Union Election အစရှိသည့်) များတွင် အသုံးပြုသည့်နိုင်ငံများ	ဖီဂျီ၊ တောင်ကိုရီးယား၊ ပနားမား၊ ပြင်သစ်

မြန်မာနိုင်ငံတွင်အသုံးပြုခဲ့သော မဲပေးခြင်းနှင့် မဲရေတွက်ခြင်းနည်းပညာ

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရမီ ၁၉၂၂ ခုနှစ်တွင် ပထမဆုံးရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ကနဦးကျင်းပခဲ့သော ရွေးကောက်ပွဲများတွင် ခဲဖြင့်ပြုလုပ်ထားသော ခဲပြားဖြင့် ဆန္ဒမဲပေးရပါသည်။ ထိုမှ စက္ကူမဲပြားဖြင့် မဲပေးရသည့်စနစ်ကို ပြောင်းလဲခဲ့ပါသည်။ မဲပုံးများကို သစ်သားဖြင့်ပြုလုပ်ခဲ့ရာမှ ၁၉၆၀ ပြည့်နှစ်တွင် ကျင်းပသောရွေးကောက်ပွဲများ၌ သစ်သားမဲပုံးများအစား သံမဏိမဲပုံးများကို အသုံးပြုခဲ့ပါသည်။ သေ့ခလောက်များကိုလည်း မဲပုံးပိတ်သည့်အခါ ခတ်ကြပါသည်။ မဲရေတွက်သည့်အခါ သတ်မှတ်ထားသောနေရာများသို့ မဲပုံးများပေးပို့ရပြီး မဲပုံးများ ရောက်ရှိသည့်အခါ ရွေးကောက်ပွဲတာဝန်ခံအရာရှိက သော့ဖွင့်ပြီး မဲပုံးကိုဖွင့်၍ ရေတွက်ရပါသည်။ ၁၉۷۶ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးကောက်ပွဲများတွင် ခဲပြား၊ သွပ်ပြား၊ စက္ကူမဲပြားများကို အသုံးပြုပြီး ပြည်တွင်းဖြစ်ပစ္စည်းများဖြင့် ပြုလုပ်အသုံးပြုခဲ့ကြသည်။ ထောက်ခံ/ကန့်ကွက်မဲပုံးထဲသို့ မဲပြားများထည့်ရသည်။ ၁۹۹၀ ပြည့်နှစ် ရွေးကောက်ပွဲမှစတင်၍ ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသည့်စနစ်ကို ပြောင်းလဲအသုံးပြုခဲ့သည်။ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိထောက်ခံလိုသော ကိုယ်စားလှယ်လောင်းအမည်နှင့် သင်္ကေတတည့်တည့်တွင် ထောက်ခံအမှတ်အသားပြုလုပ်၍ မဲပေးခြင်းဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်များတွင်လည်း ဆန္ဒမဲလက်မှတ်ပေါ်တွင် ဘာဝင်ဖြင့် အမှန်အမှတ်အသားပြုခြင်းဖြင့်လည်းကောင်း၊ အမှန်အမှတ်အသားပါသော တံဆိပ်တုံးဖြင့်လည်းကောင်း အမှတ်အသားပြုလုပ်၍ မဲပေးခြင်းကို ကျင့်သုံးခဲ့သည်။ မဲရေတွက်ခြင်းကိုလည်း ၁۹۹၀ ပြည့်နှစ် ရွေးကောက်ပွဲမှစတင်၍ မဲရုံပိတ်ပြီးသည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာမဲရုံတွင်ပင် အများပြည်သူရှေ့မှောက်၌ မဲများကို ရေတွက်ခြင်းစနစ်ကို ကျင့်သုံးခဲ့သည်။

အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းနှင့်စပ်လျဉ်းသည့် အားသာချက်များ

အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းနှင့်စပ်လျဉ်းသည့် အားသာချက်များမှာ–

(က) မဲရေတွက်မှုနှင့် ပုံစံဇယားများ ရေးသွင်းရာတွင် ပို၍မြန်ဆန်ခြင်း၊

(ခ) လူကြောင့်မှားသည့် အမှားများကို ဖယ်ထုတ်ထားနိုင်သောကြောင့် ပို၍တိကျသည့် ရလဒ်များဖြစ်ခြင်း၊

(ဂ) ရှုပ်ထွေးသည့်ဆန္ဒမဲလက်မှတ်များအစား ရှင်းလင်းသော ဆန္ဒမဲလက်မှတ်များကို အသုံးပြုနိုင်ခြင်း၊

(ဃ) မဲပေးသူများအတွက် အဆင်ပြေမှုတိုးတက်လာခြင်း၊

(င) လျှို့ဝှက်မဲပေးခြင်းကို ပိုမိုလုံခြုံ၍ယုံကြည်အားထားနိုင်ခြင်း၊

(စ) ရွေးကောက်ပွဲအား ပါဝင်ဆင်နွှဲမှုနှင့် မဲပေးသူအရေအတွက် တိုးတက်မည့် အလားအလာရှိခြင်း၊

(ဆ) မဲပေးခြင်းစနစ်သည် ခိုင်လုံသည့် မဲပေးမှုပုံစံသာဖြစ်၍ မခိုင်လုံသည့်မဲအရေအတွက် လျော့ကျနိုင်ခြင်း၊ ပယ်မဲလျော့နည်းသွားနိုင်ခြင်း၊

(ဇ) မဲရုံဝန်ထမ်းတို့၏အချိန်ကို သက်သာစေခြင်း၊

(စျ) ဆန္ဒမဲများပုံနှိပ်ခြင်းနှင့် ဖြန့်ဝေခြင်းတို့အတွက် ကုန်ကျစရိတ်များကို လျော့ကျစေသောကြောင့် ရေရှည်တွင် ကုန်ကျစရိတ်များကို သက်သာစေသည့် အလားအလာရှိခြင်းတို့ ဖြစ်ပါသည်။

အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းနှင့်သက်ဆိုင်သည့် အားနည်းချက်များ

အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းနှင့်သက်ဆိုင်သည့် အားနည်းချက်များမှာ–

(က) ကျွမ်းကျင်ပညာရှင်မဟုတ်သည့်သူများအတွက် နည်းစနစ်ကိုနားလည်ရန် လိုအပ်ခြင်း၊

(ခ) စနစ်အတွင်းဝင်ရောက်ခွင့်ရှိသည့် အတွင်းလူများ သို့မဟုတ် ပြင်ပမှ Hacker များ၏ လိုသလို လှည့်စားလုပ်ဆောင်နိုင်သည့်အန္တရာယ်ရှိခြင်း၊

(ဂ) အီလက်ထရွန်နစ်မဲပေးခြင်းစနစ်ကို စတင်အသုံးပြုရန် ကနဦးဝယ်ယူခြင်းနှင့် ထိန်းသိမ်းခြင်း နှစ်ရပ်စလုံးအတွက် ယခင်ကုန်ကျစရိတ်များထက် တိုးမြင့်လာနိုင်ခြင်း၊

(ဃ) အခြေခံအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များ မြင့်တက်လာခြင်း၊ (ဥပမာအားဖြင့် ပါဝါ/လျှပ်စစ်ထောက်ပံ့ပေးနိုင်မှု၊ ဆက်သွယ်ရေးနည်းပညာ)

(င) မဲပေးမည့်သူများအား ပညာပေးလုပ်ငန်းများ လိုအပ်ခြင်း၊

(စ) လက်ရှိ ဥပဒေရေးရာမူဘောင်ကို ပြင်ဆင်ရန်လိုအပ်ခြင်းတို့ ဖြစ်ပါသည်။

အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းနည်းလမ်းများကို ရွေးချယ်ခြင်း

အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းကို ပြောင်းလဲအသုံးပြုသင့်သော နည်းလမ်းများမှာ–

(က) အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းပြောင်းလဲကျင့်သုံးရာတွင် နိုင်ငံတစ်ဝန်းလုံး တစ်ပြိုင်နက် ပြောင်းလဲကျင့်သုံးမည့်အစား အချို့သော မဲဆန္ဒနယ်တွင်သာ ပြောင်းလဲကျင့်သုံးခြင်း၊

(ခ) မဲဆန္ဒရှင်အစစ်အမှန်ဖြစ်ကြောင်း စိစစ်ခြင်းလုပ်ငန်းကို လူဖြင့်သာလုပ်ဆောင်ပြီး အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းစနစ်ကို ဆန္ဒမဲပေးခြင်း သို့မဟုတ် ဆန္ဒမဲရေတွက်ခြင်းအတွက်သာလျှင် အသုံးပြုခြင်း၊ **စာမျက်နှာ ၁၉ သို့** ✤

မြို့နယ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီး သက်ငယ်တန်း လက်ဝှေ့ပြိုင်ပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ထားဝယ် အောက်တိုဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီးသက်ငယ်တန်း လက်ဝှေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမျိုးသားသက်ငယ်တန်းတွင် ရွှေလေးခုရရှိသော မြိတ်မြို့နယ်အသင်းနှင့် အမျိုးသမီးသက်ငယ်တန်းတွင် ရွှေငါးခုရရှိသော ထားဝယ်မြို့နယ်အသင်းတို့ကို တံဆွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လက်ဝှေ့ပြိုင်ပွဲတွင် အမျိုးသမီး (၄၅၊ ၄၈၊ ၅၇) ကီလိုတန်းနှင့် အမျိုးသား(၄၀၊ ၄၉၊ ၅၂) ကီလိုတန်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဌာနဆိုင်ရာများ၊ အားကစားသမားများ၊ ဝါသနာရှင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးလွတ်တော်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်က အမျိုးသား/ အမျိုးသမီး တစ်ဦးချင်း အကောင်းဆုံး ဆုရရှိသူများကိုလည်း ကောင်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းနှင့် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးတို့က အမျိုးသား (၄၀၊ ၄၉၊ ၅၂) ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကိုလည်း ကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးနှင့် တိုင်းဒေသကြီးတရားလွတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးတို့က အမျိုးသမီး (၄၅၊ ၄၈၊ ၅၇) ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကံမမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ကံမ အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်း ပန်းခင်းစီမံချက်အဆင့်(၂) ဖြင့် အခြေခံပညာအထက်တန်းကျောင်း (ကံမ) နှင့် ကျေးရွာအုပ်စု လေးအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက အခြေခံပညာအထက်တန်းကျောင်း (ကံမ) ၏ မြဝတီခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူးက ပန်းခင်းစီမံချက်အဆင့် (၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ပြည်သူနှင့် ကျောင်းသား ကျောင်းသူများအား အိမ်ထောင်စုလူဦးရေစာရင်း ၂၆၂ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၂၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁၆ သိန်း ထုတ်ချေး

သရက် အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရွာသစ်ကျေးရွာအား စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ်အဖြစ် ငွေကျပ် ၅၁၆ သိန်းကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁နာရီခွဲက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထုတ်ချေးပေးခဲ့

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် သရက်မြို့နယ် ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၁၄ ဦးအား ငွေကျပ် ၄၅၁ သိန်း ငါးသောင်း၊ မွေးမြူရေးလုပ်ကိုင်သူ ၁၀ ဦးအား ငွေကျပ် ၃၇ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးအား ငွေကျပ် ၂၇ သိန်း ငါးသောင်း စုစုပေါင်း ချေးယူသူ အသင်းသား ၁၃၂ ဦးအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁၆ သိန်းကို ကျေးရွာမြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက နေ့ချင်းပြီး ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်ထံမှ သိရသည်။

ကိုလှိုင်

✤ **စာမျက်နှာ ၁၈ မှ**

(ဂ) အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းစနစ်သစ်သည် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့ကို ကူညီရာရောက်ပြီး မဲဆန္ဒရှင်များက မဲပေးရာတွင် ပိုမိုလွယ်ကူအောင် ပြုလုပ်ထားခြင်း၊

(ဃ) အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းစနစ်ကို ယုံကြည်အားထားနိုင်စေရန် စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်မှုများ၊ အဆင့်မြှင့်တင်မှုများ၊ ချွတ်ယွင်းမှုကို ချက်ချင်းပြန်လည်အစားထိုးနိုင်ရန်နှင့် လိုအပ်ချက်များကိုညှိနှိုင်း၍ ကြိုတင်ပြင်ဆင်ထားခြင်း၊

(င) အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်း၏ ကုန်ကျစရိတ်သည် ကနဦးဝယ်ယူသည့် ကုန်ကျစရိတ်နှင့် အချိန်နှင့် အမျှ ဖြစ်ပေါ်ပြောင်းလဲနေသော နည်းပညာပြောင်းလဲမှု အတွက်ကိုပါ ထည့်သွင်းစဉ်းစားရန်လည်း အရေးကြီးခြင်း။

နိဂုံး

မျက်မှောက်ကာလသည် သတင်းနည်းပညာခေတ်ဖြစ်သည်နှင့် အညီ နည်းပညာများမှာ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည်။ ကမ္ဘာတစ်ဝန်းတွင် အီလက်ထရွန်နစ်မဲပေးခြင်း နည်းပညာများကို အသုံးပြုရန် စိတ်ဝင်စားမှုတိုးမြင့်လာကြသည်။ ဒီမိုကရေစီနိုင်ငံများ

အိန္ဒိယနိုင်ငံရွေးကောက်ပွဲများတွင် အသုံးပြုသော အီလက်ထရွန်နစ်မဲပေးစက်

Electronic Voting Machine (EVM), VVPAT (Voter Verified Paper Audit Trail) and Control Unit

တွင် အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းကို ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်ဆောင်ရွက်အသုံးပြုလျက်ရှိသည်။ အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းအား စတင်မိတ်ဆက်ချိန်တွင် သက်ဆိုင်ရာနိုင်ငံ၏ တည်ရှိနေသော လူမှုရေး၊ နိုင်ငံရေးအခြေအနေများပေါ်၌ မျှားစွာ တည်မှီနေသည်။ လူမှုရေး၊ နိုင်ငံရေးအခြေအနေများ အထောက်အကူပြုမည်ဆိုလျှင် အီလက်ထရွန်နစ်နည်းဖြင့် မဲပေးခြင်းစနစ်ကို စတင်မိတ်ဆက်ကျင့်သုံးရာ၌ ထင်ရှားစွာအကူအညီဖြစ်ပြီး နည်းပညာဆိုင်ရာ အသေးစိတ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့်အခက်အခဲနှင့်ပြဿနာများ နည်းပါးနိုင်သည်။ အီလက်ထရွန်နစ်မဲပေးခြင်းစနစ်ကို မြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးမည်ဆိုပါက နိုင်ငံ၏လိုအပ်ချက်များနှင့် လက်ရှိကာလအခြေအနေများနှင့် ကိုက်ညီမှုရှိခြင်း၊ ကုန်ကျစရိတ်ကို တတ်နိုင်သမျှ လျှော့ချအသုံးပြုခြင်း၊ အချိန်လုံလောက်မှုရှိခြင်းနှင့် ရှင်းလင်းလွယ်ကူသော စနစ်ပုံစံကို ကျင့်သုံးသင့်ကြောင်း တင်ပြအပ်ပါသည်။ ။

ဝတ္ထုတို

ပိုင်ဆု(ပညာရေး)

(၁)

"ဒုက္ခပါပဲ...သမီးလေးက အဖျားမကျသေးဘူး..စိတ်ညစ်ပါတယ်"

အိမ်ရှေ့မှ မိန်းမဖြစ်သူမိတိုး၏ အသံကို အိပ်ရာထဲမှ အောင်ငြိမ်း အတိုင်းသားကြားလိုက်ရသည်။ အိပ်ရာမထသေးပေမယ့် အိပ်နေခြင်းမဟုတ်ပါ။ သူနိုးနေတာလည်း အတော်ကြာပြီဖြစ်သည်။ မနက်မိုးလင်းကတည်းက မိန်းမဖြစ်သူ အိမ်အလုပ်လုပ်ခြင်း၊ နေမကောင်းသော သမီးလေးကိုပြုစုခြင်းများအား သူအကုန်သိပါသည်။ သို့သော်လည်း သူကိုယ်တိုင်ပင် စိတ်ဓာတ်များ ကျနေရသည့်အတွက် အိပ်ရာထဲမှထဖို့ပင် အင်အားများကင်းမဲ့နေခဲ့ရသည်။

အလုပ်ကလည်း မယ်မယ်ရရမရှိ။ ကျပန်းလုပ်နေရသည့် သူ့အဖြစ်ကိုသူ စိတ်ပျက်မိသည်။ အပြင်မှာ အလုပ်လျှောက်ဖို့ကလည်း ပညာက လေးတန်းပင်မအောင်။ အတတ်ပညာတွေကလည်း ကျွမ်းကျွမ်းကျင်ကျင်ရှိလှသည်မဟုတ်။ မိန်းမဖြစ်သူ မိတိုးကပင် ရပ်ကွက်ထဲတွင် အသုပ်စုံလေးရောင်းပြီး အိမ်၏ စားအိုးကို ထိန်းထားရသည်။

"ကိုအောင်ငြိမ်း..ရှင်အိပ်ရာထဲမှာပဲ နေတော့မှာလား"

မိတိုး ထိုသို့ပြောလာတော့မည်မှန်း သူကြိုသိနေသည့်အတွက် ဘာမျှပြန်မတုံ့ပြန်တော့ဘဲ အိပ်ရာထဲမှထလိုက်သည်။ အိမ်ရှေ့တွင် လဲ့နေသော သမီးလေးဆီသို့ သွားပြီး နဖူးလေးကိုစမ်းလိုက်သည်။ ကိုယ်ပူမကျသေး။

စိတ်မကောင်းမှုကို မျိုသိပ်ရင်း သမီးလေးကို ပြုံးပြလိုက်သည်။ မိတိုးကတော့ အိမ်နောက်ဖေးခန်းထဲမှာ ထမင်းအိုး တည်နေသည်။ သူလည်း ဒီအတိုင်းထိုင်နေရင် မထူးတော့ပါဘူးဟုတွေးပြီး ငါးကန်ဘက်သို့သွားရန် ဆုံးဖြတ်လိုက်သည်။ မိတိုးကိုလည်း သူတတ်နိုင်သရွေ့ တာဝန်ကျေချင်သေးသည်။ ငါးကန်ဘက်သို့သွားရင် သမီးလေးအတွက် ဆေးဖိုးလေး ရလောက်မှာပါဟု တွေးလိုက်သည်။

"မိတိုးရေ..ငါ့ကိုတစ်ထောင်လောက် ပေးဦး"

"ဟောကြည့် ကိုအောင်ငြိမ်းရယ် သမီးလေးနေမကောင်းတာတွေ့ရက်နဲ့.. ဆေးဖိုးလည်းကုန်နေသလို စျေးလည်း မရောင်းနိုင်ဘူးလေ..ဘာတွေလုပ်ဦးမလို့လဲရှင်"

"မဟုတ်ပါဘူးဟာ..ငါ..ငါးကန်သွားမလို့ပါ..ငါးလေးရလိုရငြားပေါ့..ပိုက်ဆံသွားရှာချင်လို့ပါဟာ.."

"ရှင့်ငါးမျှားတဲ့အလုပ်က ဖြစ်ဖြစ်မြောက်မြောက်ရတယ်လို့လည်း မကြားမိပါဘူး..ကဲ..ရော့.. သိပ်လည်းကြာမနေနဲ့ သမီးလေးက နေကောင်းတာမဟုတ်သေးဘူး"

မိတိုးတစ်ယောက် စူအောင့်ပြီး ပိုက်ဆံတစ်ထောင်အား သူ့လက်ထဲသို့ ထည့်သွားသည်။ သူလည်းပိုက်ဆံကို အိတ်ကပ်ထဲထည့်ရင်း သက်ပြင်းချလိုက်မိတော့သည်။

(၂)

ဦးစိန်ငါးကန်က သူတို့မြို့မှာ နာမည်ကြီးသည်။ ကန်ဧက အတော်ကျယ်သလို ငါးလာမျှားသူများဖြင့်လည်း စည်ကားလှသည်။ ငါးကန်ဝင်ကြေး တစ်ထောင်ပေးပြီး လျှင် တစ်နေကုန် စိတ်ကြိုက်မျှား၍ ရသည်။ မျှား၍ရလာသည့် ငါးများကို ငါးကန်ပိုင်ရှင်တို့၏ ထုံးစံအတိုင်း ပိသာချိန်ဖြင့် စျေးဖြတ်ပြီး ပြန်ပေးရသည် ဆိုပေမယ့် သူများတွေထက်သက်သာသည့်အတွက် ငါးကန်တွင် လူပြတ်သည်ဟူ၍မရှိလှပေ။ အပြင်တွင် တစ်ပိသာ ငါးထောင်လောက်နှင့် ပြန်သွင်း၍ရသော ငါးများကို ဦးစိန်ထံတွင် တစ်ပိသာ နှစ်ထောင်ခန့်သာ ပေးရသည်။ ငါးမျှား၍ မဟုတ်ဘဲ အလွတ်တန်းလာဝယ်သည် ဆိုလျှင်တော့ အပြင်ပေါက်စျေးအတိုင်း ပြန်လည်ပေးဝယ်ရသည်။ ငါးမျှားသူတွေအတွက် အလွန်အဆင်ပြေသော နေရာဟု ဆိုရပေမည်။ ငါးမျှား၍ရသော ငါးများကို ကန်တွင်ငွေမချေဘဲ ခိုးယူ၍မရအောင်လည်း ကန်စောင့်လုံခြုံရေးများက အဆင်သင့်ပင်။

"အောင်ငြိမ်း...ရောက်လာပြီလားကွ"

ကြိုတင်ရောက်နှင့်နေသော ရပ်ကွက်ထဲမှအသိ ကိုဖိုးအောင် နှုတ်ဆက်ခြင်းဖြစ်သည်။ ဘာမျှပြန်မဖြေတော့ဘဲ ပြုံးပြရင်း တုံ့ပြန်လိုက်သည်။ ထို့နောက်နေရာတစ်ခုတွင်ထိုင်ရင်း ငါးမျှားခြင်းလုပ်ငန်းကို စတင်လိုက်တော့သည်။

(၃)

ကံကောင်းသည်ဟုပင် ဆိုရမည်။ ငါးအကြီးသုံးကောင်ကို သူ ရလိုက်သည်။ သွားရောက်ချိန်ကြည့်တော့ သုံးပိသာ ကျော်ရှိသည့်အတွက် ကန်ပိုင်ရှင်အား ခြောက်ထောင်ပေးပြီး ငါးစျေးတွင် ပြန်သွင်းပါက တစ်သောင်းခွဲလောက် ရမည်ဖြစ်သည်။ လက်ထဲမှာလည်း ပိုက်ဆံအပိုမပါလာသည့်အတွက် အသိကိုဖိုးအောင်ဆီမှပင် ပိုက်ဆံခဏချေးပြီး ရှင်းပေးလိုက်သည်။ ထို့နောက်စျေးဘက်သို့ ထွက်လာလိုက်တော့သည်။

စျေးဘက်သို့ ထွက်လာရင်းနှင့် လမ်းတစ်နေရာအရောက် မထင်မှတ်ဘဲ ပိုက်ဆံအိတ်တစ်လုံးကို တွေ့လိုက်ရသည်။ အနားတွင်လည်း မည်သူမျှမရှိသောကြောင့် ပိုက်ဆံအိတ်အားကောက်ယူပြီး ဖွင့်ကြည့်လိုက်သည်။ ငွေနှစ်သောင်းခန့်နှင့် ဝန်ထမ်းကတ်ဖြစ်ဟန်တူသော ကတ်ပြားလေးတစ်ခုကို တွေ့လိုက်ရသည်။ ကံကောင်းချင်တော့ ဆက်တိုက်ပါလားဟုတွေးပြီး ပြုံးလိုက်မိသည်။ ထို့နောက် ပိုက်ဆံအိတ်ကို အင်္ကျီအတွင်းထဲသို့ထည့်ပြီး စျေးသို့ဆက်သွားရန် ပြင်လိုက်တော့သည်။

"ဒီမှာရှင့် ဒီမှာ"

ထိုစဉ်မှာပင် အမျိုးသမီးတစ်ဦး သူ့အနားသို့ရောက်လာပြီး သူ့အား ခေါ်လိုက်လေသည်။ သူကလည်း အကင်းပါးသူပီပီ ပိုက်ဆံအိတ်နှင့် ပတ်သက်နေမည်ကို ကြိုသိနေသောကြောင့် မသိယောင်ဆောင်ရင်း နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့..ငါးယူမလို့လားအစ်မ"

"ငါးတော့ယူချင်ပါတယ်..ဒါနဲ့ ဒီနားမှာ ပိုက်ဆံအိတ်တစ်လုံးလောက်များ တွေ့မိလားလို့ရှင် "

"မတွေ့မိပါဘူး...ဒါနဲ့ ဒီနားမှာကျခဲ့တာရော ဟုတ်လို့လားဗျ"

"အင်း...ဒီလမ်းမှာပဲ..နေရာတော့ အတိအကျမသိတော့ ခက်တယ်၊ ပိုက်ဆံကတော့ အများကြီးမပါသွားပါဘူး၊ ဝန်ထမ်းကတ်လေးပဲ ပါသွားတာပါ၊ သိပ်တော့ပြဿနာမရှိပါဘူး၊ ပြန်လုပ်လို့တော့ရပါတယ်၊ ဒီအတိုင်းမေးကြည့်တာပါ..ဒါနဲ့ ငါးတွေကတစ်ကောင် ဘယ်လောက်လဲ"

"တစ်ကောင်ကို တစ်ပိသာကျော်တယ်၊ တစ်ပိသာကိုငါးထောင်၊ အစ်မကြီး ယူမယ်ဆိုရင် လေးထောင်ပဲပေး"

"တော်သေးပါရဲ့ရှင်.. လက်ထဲဆုပ်ကိုင်ထားတဲ့ ပိုက်ဆံကလည်း လေးထောင်ကွက်တိ..ကဲ..ရော့.."

သူ့အား ပိုက်ဆံပေးပြီး ငါးတစ်ကောင် ယူသွားသော အမျိုးသမီးကိုကြည့်ရင်း စိတ်မကောင်းဖြစ်မိတာတော့ အမှန်။ မိမိ ပိုက်ဆံအိတ်ကောက်ရထားသည့် သူ့ဆီမှပင် ငါးဝယ်သွားရှာသည်။ သူလည်း တမင်ခိုးထားသည်တော့ မဟုတ်။ သူ့ကံကြောင့်ကောက်ရလာသည့် အရာအား ပိုင်ရှင်ထံ ပြန်၍မပေးခဲ့ခြင်းသာဖြစ်သည်။ ထိုသို့ဆုံးဖြတ်ခဲ့ရခြင်းမှာလည်း မိန်းမဖြစ်သူနှင့် သမီးအတွက်သာဖြစ်သည်။ အများကြီးမဟုတ်ပေမယ့် သူ့ကြောင့် အိမ်စရိတ်လေး အနည်းငယ်ရသွားသည်ဆိုလျှင် သူကျေနပ်ပြီဖြစ်သည်။ ထိုငွေသည် သူ့အတွက် ရိုးသားလား၊ မရိုးသားလားဆိုတာကိုတော့ သူမတွေးချင်တော့ပါ။ အရာအားလုံးသည် သူ၏ ကံတရားဟူ၍သာ သတ်မှတ်ရင်း စျေးသို့ ဦးတည်လိုက်ပါတော့သည်။

(၄)

ငါးရောင်းရသည့်ငွေရော၊ ကောက်ရထားသည့် ပိုက်ဆံလေးနှင့်ရော မိန်းမဖြစ်သူအား မျက်နှာလုပ်ရန် အိမ်ပေါ်သို့ အပြေးတက်လိုက်သည်။ အိမ်ပေါ်သို့ ရောက်ရောက်ချင်း အိမ်ရှေ့တွင်ထိုင်နေသော သမီးလေးကိုတွေ့သည့်အတွက် ဦးစွာနှုတ်ဆက်လိုက်သည်။

"သမီးလေး သက်သာရဲ့လား"

"ဟုတ် သက်သာပါတယ်ဖေဖေ.. ဆေးလည်း သောက်ထားပါတယ်.. နေကောင်းတော့မှာပါဖေဖေရဲ့"

"ဟုတ်လား...ပျော်စရာကြီးပေါ့... ဒါနဲ့သမီးမေမေရော"

"မေမေ..နောက်ဖေးမှာရှိတယ်.. သြော် ..ခုနက သမီးတို့ကျောင်းက ဆရာမ သမီးနေမကောင်းဘူးဆိုလို့ လာကြည့်သွားတယ်..သမီးအရမ်းပျော်တာပဲ"

"ဟုတ်လား...သမီးလေးက စာတော်တော့ သမီးဆရာမကချစ်လို့ နေမှာပေါ့၊ ကဲ..ခဏနေဦး သမီးမေမေဆီသွားလိုက်ဦးမယ်" သမီးလေး၏ နဖူးကိုအသာအယာ လေးနမ်းပြီး အိမ်နောက်ဖေးသို့သွားလိုက်တော့သည်။ အိမ်နောက်ဖေးရောက်တော့ မိန်းမဖြစ်သူမိတိုးနှင့်အတူ အုံ့အားသင့်စရာအရာတစ်ခုကို မြင်တွေ့လိုက်ရတော့သည်။ ထိုအရာမှာ တခြားမဟုတ်။ လမ်းတွင်သူရောင်းချခဲ့သော ငါးတစ်ကောင်ကို မီးဖိုချောင်တွင် မြင်တွေ့လိုက်ရခြင်းဖြစ်သည်။

"မိတိုး..အဲဒီငါးက ဘယ်ကရတာလဲ"

"အဲဒီငါးက သမီးလေးဆရာမ သမီးလေးကို သတင်းလာမေးရင်း အိမ်အတွက်ဆိုပြီး ယူလာတာလေ"

"ဟင်..ဟုတ်လား"

"ဟုတ်တယ် ကိုအောင်ငြိမ်းရေ.. ဒါပေမဲ့ ဆရာမခမျာ သနားပါတယ်၊ ဒီကိုလာရင်း လမ်းမှာပိုက်ဆံအိတ်ကျပျောက်သွားတယ်တဲ့ရှင်.. တော်သေးတယ် ပိုက်ဆံအများကြီးမပါသွားလို့တဲ့"

မိတိုး၏စကားအဆုံးမှာ သူဘာမျှ ဆက်ပြောရန်ပင် အင်အားမရှိတော့ပါ။ ကိုယ့်သမီးလေးကို သတင်းလာမေးသည့် ဆရာမအပေါ်မှ လိမ်လည်မိခဲ့သော သူ့အဖြစ်ကို ပြန်တွေးရင်း ရှက်မိသည်။ လိမ်လည်ခဲ့သည့်အပြင် ငါးပါထပ်ရောင်းခဲ့သေးသည်။ ပို၍ဆိုးသည်က သူရောင်းခဲ့သောငါးသည် သူတို့အိမ်စားဖို့အတွက် လက်ဆောင်ဖြစ်နေပြန်သည်။ သူ၏ အခိုက်အတန့်တစ်ခုတွင် ဖြစ်ခဲ့သော အမှားသည် သူ့အတွက် ကြီးစွာသော နောင်တအား သရုပ်ပြခဲ့လေပြီ။

သမီးလေး ပြောထားသောကြောင့် သမီးလေး၏ဆရာမသည် ကျောင်းတွင် နေထိုင်ကြောင်း သူသိထားသည်။ သူ၏ အင်္ကျီအတွင်းရင်ဘတ်ထဲကို စမ်းကြည့်လိုက်တော့ ဆရာမ၏ ပိုက်ဆံအိတ်လေးသည် ပူနွေးနေဆဲပင်ဖြစ်သည်။ အမှားတစ်ခုကို အမှန်အဖြစ် ပြောင်းလဲပစ်တော့မည်ဟု ဆုံးဖြတ်ရင်း သူ၏ခြေလှမ်းများသည် ဆရာမလေးနေထိုင်ရာ ကျောင်းဆီသို့ ဦးတည်လိုက်တော့သည်။ ။



နှလုံးသားအလှ ဆင်မြန်းကြ

❖ ကရုဏာ နှလုံးသားနဲ့
အပြုံးများ ရှေ့ဆောင်လေ။
စာနာကွယ် သူတစ်ပါး
လေးစားလို့နေ။
မွန်မြတ်ခြင်း မေတ္တာဝေ
ချစ်သဒ္ဓါတွေ ဖြန့်ကြက်ပေး။
အများကျိုးကို ရည်ရွယ်လျက်
ထမ်းရွက်မယ်လေး။

❖ ကောင်းရာကို ပြုကျင့်တွေးလို့
ကောင်းမှုမနှေး ရွက်ဆောင်ပါ။
ဖြူစင်ဖွယ် စိတ်ထားကောင်း
ကိန်းအောင်းရင်မှာ။
သုံးဆယ့်ရှစ်ပါး မင်္ဂလာ
အစဉ်သာ ဆောက်တည်ရင်း။
ကတိသစ္စာ မြဲစောင့်ထိန်းလို့
အေးငြိမ်းစေမင်း။

❖ စေတနာ ဖြူစင်ခြင်းနဲ့
အမုန်းကင်း လူ့ရုပ်ခွင်။
မုဒိတာ ရင်မှာလွှမ်း၍
အေးချမ်းကြည်လင်။
နှလုံးသားလေး အလှဆင်
ဘဝတွင် နေပျော်ကောင်း။
လူ့ရုပ်ပြည် ဘေးမခတယ်
အေးမြစေကြောင်း။ ။

ရဲသွေးနီ(တက်ဝန်)

ဆောင်းအဘိဓာန်

ဆောင်းဦးနိဒါန်း စလို့လာ
နှင်းမှုန်ပုလဲဖြာ။
အေးချမ်းသာယာ နံနက်ခင်း
ကောင်းသောလမ်းလျှောက်ခြင်း။
ရန့်သင်းတဲ့ ပန်းသဇင်
နှင်းစက်ဖျန်းလန်းရွှင်။
ဆောင်းရာသီတွင် အလှထူး
နှင်းရည်သောက်လို့မြူး။
မြောက်ပြန်လေရူး လေညင်းဆော
အေးချမ်းမှုပုံဖော်။
သီးနှံလည်းပေါ် အလှူနဲ့
ဝါကျွတ်ကထိန်ပွဲ။
ခြိမ့်ခြိမ့်သဲလို့ စည်ကားနေ
ရိုးရာဓလေ့ပေ။
ဘိုးဘွားအမွေ လက်ဆင့်ကမ်း
ကထိန်အလှူ မြတ်သက်နိုး
မျှော်ရည်မဂ်ဖိုလမ်း။

စျာန်လေး(ပညာရေး)

မြန်မာ့တန်ဆောင်တိုင်ပွဲ

- ❖ ဆောင်းလေဖြူးဖြူး ဟေမာန်ဦးနှင်းမှုန်ငွေရည်လူး။
- ❖ ကောင်းကင်ဦးမှာ ကြတ္တီကာ လမင်းထိန်ထိန်သာ၊ ဖူးပွင့်ဝေဆာ ခဝဲပန်းနှင်းမှုန်ငွေရည်ဖျန်း။
- ❖ မသိုးသင်္ကန်း ရက်လုပ်လှ၊ စုပေါင်းပါဝင်ကူ၊ ကုသိုလ်ယူတဲ့ ကထိန်ပွဲ လူတိုင်းပျော်ရွှင်နွဲ့။
- ❖ သဒ္ဓါပိုကဲ စိတ်ဖြူစင် နိဗ္ဗာန်ဈေးစုံလင်၊ ပဒေသာပင် စိုက်ထူကြ ညီညွတ်ခြင်းကိုပြ။
- ❖ လပြည့်ညမှာ ဟောပြောတာ သာမည၀ေလ ဒေသနာ၊ အဝိဇ္ဇာပယ်ခွာ တရားလင်း အဇာတသတ်မင်း။
- ❖ မြူတိမ်ကင်းတဲ့ ညချမ်းခါ မီးပူဇော်ကြတာ၊ မြန်ပြည်သာယာ ဘေးရန်ကင်း ဆီမီးထိန်ထိန်လင်း။ ။

သူရအောင်(ရွှေပြည်သာ)

မင်္ဂလာနံနက်ခင်း

- ❖ အရုဏ်ကျင်းလို့ ရောင်နီလာ လင်းကြက်တွန်သံသာ၊ အချိန်မှန်စွာ ကြားနေရ အုန်းမောင်းခေါက်သံက။
- ❖ ဆွမ်းချက်ထဖို့ နှီးဆော်ပြန် ကြားရဘွန်ကြွေသံ၊ အိုးခွက်သံတွေ ကြားနေရ ဆွမ်းချက်ရန်ပြင်ကြ။
- ❖ မေတ္တာပို့သ အမျှဝေ ကြေးစည်သံဝေဝေ၊ စာကျက်သံတွေ ကြားနေရ နားဝင်ချိုပေစွ။
- ❖ နံနက်လင်းစ နေခြည်ဖြာ ကျေးငှက်သံသာယာ၊ ကြည်နူးသဒ္ဓါ စိတ်ရွှင်ပျ ဆွမ်းတော်ဗျို့သံက။
- ❖ သာယာလှပ တို့ကျေးရွာ နံနက်သည်ချိန်ခါ၊ ပန်းလှဝေဆာ ရနံ့သင်း မင်္ဂလာနံနက်ခင်း။ ။

အောင်ကျော်ဦး(ပန်းသခင်)

ဆောင်းပါး

အသိတရားဆိုသည်မှာ...

လင်းနွေးအိမ်

ယနေ့ မျက်မှောက်ခေတ်၏ လူမှုဆက်ဆံရေးနယ်ပယ်၌ ဖြစ်တည်နေမှုများသည် အကြင်နာတရားတို့ ကွယ်ပျောက်လုနီးပါးဖြစ်နေ၏။ ချစ်ခြင်းမေတ္တာတို့သည်လည်း ကောင်းကင်ယံသို့ အင္ဂေ့ျပုံတက်သွားကြပြီထင်ပါ၏။ ငွေတစ်မျက်နှာတည်းကို ပူဇော်နေကြသည့်မြင်ကွင်းကို တွေ့မြင်နေရသည့်အတွက် အတော်လေး စိတ်ထိခိုက်ရပါသည်။ တစ်ဦးနှင့်တစ်ဦး ပြောဆိုပြုမှုမှုများတွင် လူမဆန်သည့် အကျင့်စရိုက်များကို တွေ့လာရပါသည်။ ယခင်က ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းနေကြသည့် သူငယ်ချင်းများအကြား၊ တစ်အိမ်တည်းအတူနေ မိသားစုညီအစ်ကိုမောင်နှမများအကြား၌ မျှော်လင့်မထားသည့် ပြဿနာရပ်များ ကြုံတွေ့လာကြတော့သည်။ လူသားတစ်ဦးသည် မိမိရပ်တည်နေသည့်နေရာ၌ မိမိ၏ တာဝန်ကို မေ့လျော့ကာ နေထိုင်ခြင်းကား အမှားများကိုဖိတ်ခေါ်သလို ဖြစ်စေ၏။ တစ်ဦးနှင့်တစ်ဦး မသင့်မမြတ်ဖြစ်ကြခြင်းသည် ပြဿနာရပ်တစ်ခုကြောင့်ဖြစ်သည်။ ထိုပြဿနာ၏ဇာစ်မြစ်ကို သေချာမြင်အောင်ကြည့်ပြီး အကောင်းဆုံး ဖြေရှင်းနိုင်ကြရပါမည်။

ကျွန်တော်တို့သည် လူသားကမ္ဘာ၏ လူမှုဆက်ဆံရေးနယ်ပယ်ထဲမှ အပြင်သို့ ခွဲထွက်ကာ သင်းကွဲအဖြစ် နေထိုင်၍မရပါ။ လူသားတစ်ဦးစီတိုင်း၌ မိသားစု၊ မိတ်ဆွေ၊ သူငယ်ချင်းအပေါင်းအသင်းဟူ၍ ပတ်သက်ဆက်နွယ်မှုများ ရှိနေကြပါသည်။ လူမှုဆက်ဆံရေးနယ်ပယ်၌ အဆင်မပြေမှုရှိနေကြခြင်းသည် တစ်ဦးကိုတစ်ဦး နားလည်မှုမရှိခြင်းကြောင့်ဖြစ်သည်။ နားလည်မှုဟူသည်ကား အပြောလွယ်သလောက် လက်တွေ့၌ လေးနက်လွန်းလှ၏။ နားလည်သူအမှန်ဖြစ်ဖို့ဆိုပါလျှင် ကြုံတွေ့လာသော ကိစ္စရပ်တစ်ခုအပေါ် တစ်ဖက်လူ၏ နေရာမှာ ဝင်ရောက်ခံစားပေးတတ်ခြင်း ရှိဖို့လိုသည်။ ထိခိုက်နစ်နာစရာကိစ္စရပ်များနှင့် ကြုံတွေ့လာပါကလည်း မိမိသာလျှင်ဆိုသည့် ကိုယ်ချင်းစာတရားကို ထားရှိနိုင်ရပါမည်။ ကျွန်တော်တို့သည် ကြုံတွေ့လာသည့် ကိစ္စရပ်များ၌ တစ်ဖက်မြင်အကြည့်ဖြင့် မိမိ၏အရေးတစ်ခုတည်းအတွက်ကိုသာ ရှေ့တန်းတင်နေသူ မဖြစ်သင့်။ ထိုသို့ပြုမူနေသူများကို ပတ်ဝန်းကျင်က အတ္တကြီးသူဆိုပြီး သတ်မှတ်ခြင်းခံယူကြရသည်။ တစ်ဆက်တည်းမှာပဲ လူအများ၏ ပစ်ပယ်ခြင်းကိုလည်း ခံကြရသည်။ ကျွန်တော်တို့သည် လူမှုဆက်ဆံရေးနယ်ပယ်၌ အတူတကွ လျှောက်လှမ်းနေကြရသည်မို့ နားလည်မှုများ ကိုယ်စီထားတတ်ဖို့ရန်မှာ အင်မတန်မှ အရေးကြီးပေသည်။

မိသားစုတစ်စုဟုဆိုရာ၌ အဖေ၊ အမေ၊ သားသမီးများ (ညီအစ်ကိုမောင်နှမများ) ပါဝင်လေသည်။ အိမ်တစ်အိမ် မိသားစုတစ်စုတွင် မိမိတစ်ဦးတည်း နေထိုင်ခြင်း မဟုတ်သည်မို့ အစစအရာရာ၌ အခြားသူများ၏ အရေးကိုလည်း ဂရုပြုတတ်ရပါမည်။ အိမ်ထောင်ဦးစီးဖြစ်သူ အဖေသည် "ငါက ဒီအိမ်ရဲ့အိမ်ဦးနတ်ပဲ၊ ငါဆုံးမရင် နာခံရမယ်၊ ငါပြောသလို လုပ်ကြရမယ်"ဆိုသည့်စကားကို ပြောဆိုဖြစ်မည်ဆိုပါစို့။ အဖေဖြစ်သူသည် သူ၏စကားနှင့် သူ၏လုပ်ဆောင်မှုတို့ တစ်သားတည်းကျအောင် ကြိုးစားရတော့သည်။ အဖေကိုယ်တိုင်က ဖဲရိုက်၊ ကြက်တိုက်နေပြီး သားသမီးကိုတော့ ဖဲမရိုက်ရ၊ ကြက်မတိုက်ရလို့ တားမြစ်ဖို့ မသင့်လျော်တော့။ ထိုအတွက်ကြောင့်ပဲ အဖေဆိုသူသည် သားသမီးများ၏ စံပြမာလိန်မှူးတစ်ယောက်ဖြစ်အောင် အစဉ်ကြိုးစားနေထိုင်ရတော့၏။ ထိုသို့ပြုမူနေထိုင်ခြင်းသည်ကား အဖေစိတ်ရှိသော အဖေတာဝန်ကိုသိတတ်သော သူများဖြစ်သည်။ အဖေသည် သားသမီးများ၏ ချစ်ခင်လေးစားမှုကိုလည်းရရှိအောင် ကြိုးစားနေရပါသည်။

သားသမီးများဘက်မှလည်း မှန်ကန်သော စဉ်းစားတွေးခေါ်မှုများဖြင့် လိုက်နာကြရမည်ပင်။ မိသားစုတစ်စု၏ အဖေဖြစ်သူသည် သားသမီးများထက် ဘဝအတွေ့အကြုံများခဲ့ပြီဖြစ်သလို စဉ်းစားချင့်ချိန်နိုင်မှုအားလည်း ပိုကောင်းနေ၏။ ဤနေရာ၌ မိသားစုတစ်စု၏ အကြီးအကဲဖြစ်သူများ အထူးဂရုပြုသင့်သည့်အချက်များလည်း ရှိပါသည်။ မိသားစုတစ်စုလုံးအတွက် အဖေဖြစ်သူသည် အမှားကိုဖယ်ကာ အမှန်ကိုကျင့်သုံးနေသည့် စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်နေရမည်။ ကြုံတွေ့လာသော ကိစ္စကြီးငယ်များတွင် ရှေ့ဆုံးမှနေ၍ ရင်ဆိုင်ဖြေရှင်းပေးနိုင်ရမည်။ မိမိနှင့်နေသာသည်ဟု မတွေးသင့်။ ရင်ဆိုင်ဖြေရှင်းပေးမှုများတွင်လည်း အားတက်သရောဖြင့် လေးလေးနက်နက်ရှိရပါမည်။ ထိုသို့ပြုမူနေထိုင်ခြင်းဖြင့် မိသားစုဆိုသည့် အိမ်တစ်အိမ်ကို ချစ်ခြင်းမေတ္တာများဖြင့် အုပ်မိုးထားနိုင်ရပါမည်။

> "လူမှုဆက်ဆံရေးနယ်ပယ်၌ အဆင်မပြေမှုရှိနေကြခြင်းသည် တစ်ဦးကိုတစ်ဦး နားလည်မှုမရှိခြင်းကြောင့်ဖြစ်သည်။ နားလည်မှုဟူသည်ကား အပြောလွယ်သလောက် လက်တွေ့၌ လေးနက်လွန်းလှ၏။ နားလည်သူအမှန်ဖြစ်ဖို့ဆိုပါလျှင် ကြုံတွေ့လာသော ကိစ္စရပ်တစ်ခုအပေါ် တစ်ဖက်လူ၏နေရာမှာ ဝင်ရောက်ခံစားပေးတတ်ခြင်း ရှိဖို့လို"

အမေဆိုလျှင်လည်း ဖခင်နှင့်နည်းတူဖြစ်သည်။ မိန်းမသားတစ်ဦးဖြစ်သည်မို့ စားဝတ်နေရေး ကိစ္စရပ်များတွင် စွမ်းစွမ်းတမံ မဆောင်ရွက်နိုင်စေကာမူ သားသမီးများအပေါ် နွေးထွေးစွာ အနီးကပ်ရှိခြင်းဖြင့် ထိန်းကွပ်ပေးနိုင်ရမည်။ အမေဖြစ်သူသည် မိသားစုတစ်စု၏ အိမ်မှုကိစ္စများကို ဆောင်ရွက်ခြင်းနှင့်အတူ အိမ်တစ်အိမ်၏ ဝင်ငွေထွက်ငွေများကိုလည်း အလေအလွင့်မရှိအောင် စီမံကွပ်ကဲပေးတတ်ရမည်။ အဖေနှင့်အမေက တာဝန်ကို အမှန်သိမှုဖြင့် လက်တွေ့ကျင့်သုံးပေးကြရသလို သားသမီးများကိုယ်စီကလည်း သားသမီးတာဝန်ကို သိမြင်နိုင်ရပါမည်။

မိမိက သားသမီးများထဲတွင် အကြီးဆုံးဖြစ်နေသူဆိုလျှင် ငယ်ရွယ်သူများအပေါ် ညှာတာသနားတတ်ရမည်။ အဖေနှင့်အမေကို ရိုသေလေးစားခြင်းနှင့်အတူ ညီအစ်ကိုမောင်နှမများအပေါ်တွင်လည်း ချစ်ခင်ကြင်နာနိုင်ရမည်။ မိသားစု၏ အရေးအခင်းများတွင် သုခနှင့်ကြုံလာပါက အသာဝင်စံလိုက်မည်။ ဒုက္ခနှင့်ကြုံတွေ့လာပါက ရှောင်လွှဲသွားမည်ဆိုခြင်းက မှားယွင်းသောအပြုအမူဖြစ်သည်။ ကြီးသူပီသစွာ ညီအစ်ကိုမောင်နှမများ၏ ကိစ္စအရပ်ရပ်တွင် ပံ့ပြင်ထိန်းကျောင်းပေးတတ်ရမည်။ မိမိထက် ငယ်ရွယ်သူများ၏ ရိုသေလေးစားခြင်းကို ခံယူထိုက်သူဖြစ်ရမည်။ ထို့ကြောင့် မိမိကလည်း ကြီးသူပီသစွာ နေထိုင်ပြုမူခြင်းနှင့်အတူ မိဘများ၏ အားကိုးထိုက်ဖွယ်ဖြစ်အောင်လည်း ကြိုးစားရပါမည်။

မိမိသည် မိသားစု၏ ညီအစ်ကိုမောင်နှမများ၌ အငယ်ဆုံးဖြစ်နေပါက အငယ်ဆုံး၏ ရှိသင့်ရှိထိုက်သော စိတ်နေသဘောထားများလည်း ထင်ဟပ်နေမည်ပင်။ သို့သော် အလိုလိုက်ခံဘဝဖြင့် ဆိုးမိုက်နေခြင်းမျိုးကား မဖြစ်သင့်ပါ။ အများ၏ ဦးစားပေးခံရမှုအပေါ် မိမိကိုယ်တိုင်က အသက်အရွယ်နှင့် ညီမျှသော အသိတရားတစ်ခု ထားရှိသင့်ပါသည်။ လူကြီးသူမများ၏ ဆုံးမလမ်းညွှန်ပေးခြင်းအပေါ် နာခံမှုရှိရမည်။ အချစ်ခံထိုက်သူဖြစ်အောင်လည်း လိမ္မာခြင်းဖြင့် ပြုမူနေထိုင်ရန် အထူးလိုအပ်သည်။ အငယ်ဆုံးဟုဆိုကာ ကမ်းကုန်အောင် ဆိုးမိုက်နေပါက မိမိ၏ ရပိုင်ခွင့်ကို လက်လွတ်ဆုံးရှုံးကြရမည်ဖြစ်သလို လူတကာ၏ အထင်သေး အမြင်သေးခြင်းကိုလည်း ခံကြရပေမည်။

အလတ်ဆိုသည်က အကြီးဆုံးလည်းမဟုတ် အငယ်ဆုံးလည်းမဟုတ်။ ထိုအရာနှစ်ခု၏ကြားထဲ၌ ရှိနေ၏။ မိမိသည် ညီအစ်ကိုမောင်နှမများကြား၌ အလတ်တစ်ယောက် ဖြစ်နေသည်ဆိုပါက ကြီးသူအပေါ် ရိုသေလေးစားခြင်း၊ ငယ်သူအပေါ် သနားကြင်နာခြင်းများ ထားရှိရပါမည်။ အကြီးဖြစ်သူ၏ လုပ်ငန်းကိစ္စများတွင် ပါဝင်အားဖြည့်ပေးရမည်။ မိမိအောက်ငယ်သူ၏ လုပ်ငန်းဆောင်တာများတွင်လည်း ကူညီလုပ်ဆောင်ပေးတတ်ရပါမည်။ မိသားစု၌ မိမိသည် အကြီးဖြစ်စေ၊ အလတ်ဖြစ်စေ၊ အငယ်ဖြစ်စေ မိဘများ၏ ချစ်ခြင်းမေတ္တာကို ရရှိခြင်းက အတူတူပင်ဖြစ်သည်။ မည်သို့ဖြစ်စေ မိမိနေရာ မိမိတာဝန်ကို သိမြင်နိုင်ပါမှ အဆင်ပြေသာယာခြင်းသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

မိသားစုတစ်စုမှစ၍ မိမိ၏ သူငယ်ချင်းမိတ်ဆွေများအကြား တာဝန်သိစိတ်ထားရှိရမည်။ ထိုမှတစ်ဆင့် မိမိနေထိုင်ရာ ပတ်ဝန်းကျင်နှင့် မိမိနိုင်ငံတော်အပေါ် တာဝန်သိသည့် လူသားတစ်ဦးအဖြစ် ရှိနေသင့်ပါသည်။ ဆရာဝန်ဖြစ်သူသည် ဆေးဝါးများဖြင့် အများပြည်သူ၏ ကျန်းမာရေးကို အထောက်အကူပြုပေးရသည်။ ကျောင်းဆရာဖြစ်ပါက တပည့်များ၏ ဘဝရှေ့ရေးအတွက် သင်ကြားလမ်းညွှန်မှုများဖြင့် အထောက်အကူပြုပေးရပါသည်။ ဤသည်မှာ မိမိ၏နေရာမှနေ၍ မိမိ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေခြင်းဖြစ်ပါသည်။

လူသားတစ်ဦးသည် တာဝန်သိမှုကင်းမဲ့လာပါက ထိုသူသည် ကမ္ဘာမြေကြီးအတွက် အချည်းနီးသာ ဖြစ်ရတော့သည်။ သတ္တဝါအားလုံးတွင် လူသည် အမြတ်ဆုံးဖြစ်၏။ လူသားများနှင့်နှိုင်းယှဉ်ပါက အသိတရားနည်းသည့် နွား၊ ခွေး၊ ကြောင်၊ ငှက်စသော တိရစ္ဆာန်များပင်လျှင် သူတို့၏ တာဝန်ကို ကျေတတ်ကြပါ၏။ ကျွန်တော်တို့ လူသားများက အရာရာတွင် အမှန်နှင့်အမှားကို ခွဲခြားသိမြင်နိုင်စေရန် ဦးနှောက်မှ စဉ်းစားတွေးခေါ်မှုများ ပြုလုပ်ကြရပါသည်။ ထိုမှတစ်ဖန် မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေရပါမည်။ သို့မှသာ လူသားကမ္ဘာ၏ အေးချမ်းသောမြင်ကွင်းကြီးကို သာယာရှုမောဖွယ် တွေ့မြင်နိုင်မည်ဖြစ်သည်။

မိမိသည် မိမိ၏တည်နေရာကို သိရမည်။ ဤသည်မှာ လေ့လာဆန်းစစ်မှုဖြစ်၏။ တစ်ဖန် ထိုနေရာနှင့် လိုက်ဖက်သော အပြုအမူများကို လုပ်ဆောင်နေခြင်းမှာ တာဝန်သိစိတ်ဖြစ်၏။ ကျွန်တော်တို့သည် မိမိ၏တာဝန်ကို သိမြင်ကာ ကြိုးစားလုပ်ဆောင်ခြင်းဖြင့် အခြားသူများကလည်း သူတို့၏ တာဝန်ဝတ္တရားကို သိမြင်လာကြဖို့ရန် စံပြပေးကြပါဟု တိုက်တွန်းလိုက်ပါတော့သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း

နေပြည်တော် အောက်တိုဘာ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ ရက်နေ့မှ ဒီဇင်ဘာ ၁၀ ရက်အတွင်း ကျရောက်သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲတွင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font)၊ စာလုံးအရွယ်အစား-၁၄ (Font Size 14) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

(င) ပြိုင်ပွဲဝင်များပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင်ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး ပေးပို့လာသည့် စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့်စာမူများ မဖြစ်စေရပါ။

(စ) ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးအား ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် မီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု (၂) ဆု စုစုပေါင်း (၅)ဆုကို ချီးမြှင့်မည်ဖြစ်ပြီး ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard / Soft -copy) တစ်စုံစီ၊ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုချက်၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ ၃ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ် ၊ ၀၆၇-၄၀၄၁၀၁၊ ၀၆၇-၄၀၄၂၅၁၊ အီးမေးလ် dswwdd2022@gmail.com) သို့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့်မပြည့်စုံသော ဆောင်းပါးများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။)

ဆုရရှိသူများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ရုံးအမှတ်(၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန

ချောင်းဆုံမြို့နယ်၊ မော်လမြိုင်မြို့နယ်၊ သံဖြူဧရပ်မြို့နယ်နှင့် ပေါင်မြို့နယ်တို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်စိုးသည် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်ဦးစီးမှူးများ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက မွန်ပြည်နယ်သထုံမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ သထုံခရိုင်နှင့် ကျိုက်ထိုခရိုင်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ အောင်မြင်ရေးအတွက် ဦးစီးဌာနလေးခု ပူးပေါင်းဆောင်ရွက်ရေး၊ လုံခြုံရေးသတိနှင့် ကျန်းမာရေးအသိရှိရေးတို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာ ဘက်စုံသုံးခန်းမ၌ ဒေသခံပြည်သူများ၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးနေသော နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်နေသော အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၊ မြစ်မိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ၊ ကျေးလက်စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်က အသေးစားစက်မှုလက်မှု ဥပဒေနှင့် နည်းဥပဒေဆိုင်ရာများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှု၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်က သမဝါယမစနစ်ဖြင့် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းမှ ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရွာလွတ်ကျေးရွာ၊ ကလော့ကျေးရွာ၊ ညောင်လမ်းကျေးရွာ၊ မုဒွန်းကျေးရွာ၊ ကွမ်ရိုက်ကျေးရွာနှင့် ကမာမိုကျေးရွာတို့မှ တက်ရောက်လာကြသော အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေါင်းရပ်ရှေ့စံပြကျေးရွာရှိ လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမ အသင်းသား အသင်းသူများ လုပ်ငန်းခွင်အသုံးပြုရန် စက်ဘီး ငါးစီးထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရွာလွတ်ကျေးရွာရှိ ရွှေဝါလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းဆိုင်ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်ပြည်နယ် အစိုးရဧည့်ရိပ်သာ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ မော်လမြိုင်မြို့နယ်၊ သံဖြူဧရပ်မြို့နယ်၊ ပေါင်မြို့နယ်တို့မှ ဆားလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး အရည်အသွေးကောင်းမွန်သော ဆားကြမ်း၊ ဆားချောများ ထုတ်လုပ်နိုင်ရေး၊ ပြည်ပသွင်းကုန်အစားထိုး အိုင်အိုဒင်းဆားချောထုတ်လုပ်နိုင်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာစေရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်(ရေ)ဌာနချုပ်၊ တပ်၊ စခန်း၊ ရေယာဉ်စုများ၏ ဒီရေတောပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုဖောက်ပြန်ခြင်း၊ ရေခဲပြင်များအရည်ပျော်ပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းကြောင့် အိန္ဒိယသမုဒ္ဒရာဒေသအတွင်း ကမ်းရိုးတန်းဧရိယာများတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးလာပြီး ရေလွှမ်းမိုးမှုများနှင့် ဒီရေတောပြန်းတီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ဒီရေတောပင်စိုက်ပျိုး

ယနေ့အချိန်တွင် ဒီရေတောများ ပြန်းတီးပျက်စီးမှုများကြောင့် ကမ်းခြေရေတိုက်စားမှုများ၊ မကြာခဏ ရေလွှမ်းမိုးမှုများနှင့် ရေသယံဇာတပျက်စီးမှုများ စသည့်သဘာဝဘေးအန္တရာယ်များ ပိုမိုကြုံတွေ့လာရသည်။ ထိုကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်၊ ကမ်းရိုးတန်းသဘာဝသယံဇာတထိန်းသိမ်းရေးအတွက်အထောက်အကူပြုစေရန်ရည်ရွယ်၍ ဒီရေတောပင်စိုက်ပျိုးပွဲ အခမ်းအနားများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်များရှိ သက်ဆိုင်ရာရေတပ်စခန်းဌာနချုပ်များနှင့် စစ်ရေယာဉ်စုများတွင် ကျင်းပခဲ့သည်။

အခမ်းအနားများတွင် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များက သတ်မှတ်နေရာအသီးသီးတွင် ဒီရေတောပျိုးပင်များဖြစ်သော လမုပင်၊ ဗြူးခြေထောက်ပင်၊ သမက်ပင်၊ ပရုန်းပင်နှင့် ဓနိပင် စုစုပေါင်း ၃၈၉၆ ပင်အား စိုက်ပျိုးခဲ့ကြပြီး ၂၀၂၂ ခုနှစ်အတွင်း ဒီရေတောပင်စုစုပေါင်း ၂၆၂၇၆ ပင် စိုက်ပျိုးနိုင်ခဲ့သည်။

ဒီရေတောများသည် ကုန်းမြေနှင့် ပင်လယ်ကြားတွင် အကာအကွယ်ဖြစ်ပြီး ရှားပါးမျိုးစိတ် အချို့အတွက်လည်း ခိုလှုံရာနေရာဖြစ်သည်။ ထို့အပြင် ရေတိုက်စားခြင်းကြောင့် ကမ်းပါးပြိုကျမှုများအား အကာအကွယ်ပေးခြင်း၊ လေပြင်းတိုက်ခတ်မှုများကို ကာကွယ်ပေးခြင်း၊ ပင်လယ်နေသတ္တဝါများ ထိခိုက်ပျက်စီးစေသည့် အမှိုက်များနှင့် အဆိပ်အတောက်များကို ကုန်းမြေမှပင်လယ်ထဲသို့ တိုက်ရိုက်ရောက်ရှိမှု မရှိစေရန် ထိန်းသိမ်းပေးခြင်းတို့ဖြင့် လူသားတို့၏ အသက်ရှင်နေထိုင် ရပ်တည်မှုကို များစွာအကျိုးပြုလျက်ရှိသည်။ စွမ်းအင်နှင့် စားနပ်ရိက္ခာအတွက် လွန်စွာအရေးပါသော ပင်လယ်ပြင်အား အစဉ်အမြဲ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရာ၌ ဒီရေတောစိုက်ပျိုးမှုများသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

သတင်းစဉ်

ပြည်ထောင်စုရန်ပုံငွေဖြင့် ၁၁ ကေဗီ ဓာတ်အားလိုင်း ၇ ဒသမ ၇၅ မိုင်နှင့် ၁၁/သုည ဒသမ ၄ ကေဗီ ထရန်စဖော်မာရှစ်လုံးကို ငွေကျပ်သန်းပေါင်း ၅၅၆ သန်းခန့် နိုင်ငံတော်မှ အကုန်ကျခံဆောင်ရွက်ပေးခဲ့

နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့ လျှပ်စစ်မီးစတင်ရရှိသည့် ဘော်ကျေးရွာ အတွက် ၁၁/သုည ဒသမ ၄ ကေဗီ၊ ၁၀၀ ကေဗီအေ ထရန်စဖော်မာတစ်လုံးနှင့် ၁၁/ သုည ဒသမ ၄ ကေဗီ၊ ၅၀ ကေဗီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းအပါအဝင် ကျားတွင်းရေ၊ ပင်စုပ်၊ ကျောက်ခွက်၊ ကျောက်မဲလေးနှင့် နောင်ပိန်ကျေးရွာ စုစုပေါင်း ကျေးရွာခြောက်ရွာအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ၁၁ ကေဗီ ဓာတ်အားလိုင်း ၇ ဒသမ ၇၅ မိုင်နှင့် ၁၁/ သုည ဒသမ ၄ ကေဗီ ထရန်စဖော်မာရှစ်လုံးကို ငွေကျပ်သန်းပေါင်း ၅၅၆ သန်းခန့် နိုင်ငံတော်မှ အကုန်ကျခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင် ဦးတင်အောင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးက ကျေးရွာနေပြည်သူများ လျှပ်စစ်ဓာတ်အား စတင်သုံးစွဲနိုင်ရန် ထရန်စဖော်မာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက်ဒုတိယဝန်ကြီးကအမှာစကားပြောကြားရာတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သည့် ဓာတ်အားများကို မဟာဓာတ်အားလိုင်းများဖြင့် ပို့လွှတ်ကာ ဓာတ်အားခွဲရုံများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများမှတစ်ဆင့် ပြည်သူများလက်ဝယ်အရောက် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ စတင်သုံးစွဲနိုင်ပြီဖြစ်သည့် လျှပ်စစ်ဓာတ်အားများဖြင့် ကျေးရွာရှိပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်နိုင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(ဒုတိယအဆင့်)ဖြင့် ပြင်ဦးလွင်မြို့နယ်ရှိ ကျေးရွာခြောက်ရွာအား ဆောင်ရွက်လျက်ရှိရာ လေးရွာမှာ မီးလင်းပြီးဖြစ်ကြောင်း။

ဘော်ကျေးရွာရှိ အိမ်ခြေ ၁၇၀၊ လူဦးရေ ၇၈၃ ဦး အတွက် လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ သုံးစွဲရေး အလေးထား သတိပြုကြရမည်ဖြစ်ကြောင်း၊ ဓာတ်အားခွဲရုံ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဂရုပြုဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျေးရွာနေပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ဒုတိယမြို့နယ် လျှပ်စစ်မန်နေဂျာက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ချွေတာသုံးစွဲရေး ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ညောင်လေးပင်မြို့၌ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ(ဆင့်ပွား)သင်တန်း ဖွင့်လှစ်

ညောင်လေးပင် အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ထက်/ လယ်/ မူ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲ(ဆင့်ပွား) သင်တန်းအား ယနေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာဂုဏ်ရည်ခန်းမ၌ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံပိုင်က အဖွင့်

အမှာစကားပြောကြားရာတွင် သင်တန်းများဖွင့်လှစ်ခြင်းသည် အလွန်အကျိုးရှိကြောင်း၊ သင်တန်းတက်ရောက်သူများအနေဖြင့်လည်း သင်တန်းပို့ချမှုများအား အကျိုးရှိရှိအသုံးချကြရန် ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးစောဝါးလယ်ထူးက သင်တန်းဆိုင်ရာ စည်းကမ်းများနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံပိုင်၊ မြို့နယ်ပညာရေးမှူးနှင့် သင်တန်းသား သင်တန်းသူ ဆရာကြီး ဆရာမကြီးများ တက်ရောက်ခဲ့ကြသည်။ ယင်းသင်တန်းတွင် သင်တန်းမှူးအဖြစ် မြို့နယ်ပညာရေးမှူးနှင့် ဒုတိယမြို့နယ်ပညာရေးမှူးနှစ်ဦးတို့က ရက်တိုသင်တန်းအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ၁၇၇ ဦး၊ ကိုယ်ပိုင်ပညာကျောင်းများမှ သင်တန်းသားနှစ်ဦး၊ ဘုန်းတော်ကြီးသင်ပညာကျောင်းမှ သင်တန်းသားသင်တန်းသူ လေးဦး တက်ရောက်သင်ကြားလျက်ရှိကြောင်းသိရသည်။ **နီနီဝင်း(ပြန်/ဆက်)**

မိုးစပါး တိုက်ရိုက်မျိုးစေ့ချစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကျင်းပ

ပင်လုံ အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ အတွင်းရှိ ပင်လုံအရှေ့အုပ်စု တောင်သူ ဦးစိုင်းလုံ၏ လယ်ယာ ငါးဧကတွင် စိုက်ပျိုးထားရှိသော မိုးစပါးတိုက်ရိုက်မျိုးစေ့ချ စပါးစိုက်ခင်းစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ မိုးစပါးစိုက်ခင်းရိတ်သိမ်းပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေး စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးနိုင်နှင့် ဝန်ထမ်းများ၊ ပင်လုံမြို့မြေစာရင်းဦးစီးမှူး ဦးဝင်းထွန်းနိုင်နှင့်ဝန်ထမ်းများ၊ ပင်လုံမြို့ စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စိုးမိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသည့် တောင်သူများ တက်ရောက်ခဲ့ကြပြီး မိုးစပါးတိုက်ရိုက်မျိုးစေ့ချစပါးစိုက်ခင်း တစ်ဧကလျှင် အထွက်နှုန်း ၉၂ ဒသမ ၇၅ တင်း ထွက်ရှိကြောင်း ပင်လုံမြို့စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပေါက်ခေါင်းမြို့နယ်၌ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး

ပေါက်ခေါင်း အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(အိုးဘိုကုန်း)ကျောင်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်ခရိုင်ပညာရေးမှူး ဆရာမကြီးဒေါ်စန်းစန်းဝင်းက အမှာစကားပြောကြားပြီး ပေါက်ခေါင်းမြို့နယ် ပညာရေးမှူး ဦးအေးလှိုင်က အခြေခံပညာကျောင်းများ၏ သင်ကြား/သင်ယူမှု လုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန်၊ အခြေခံပညာကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှုနှင့်စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန် အခြေခံပညာဦးစီးဌာန၏ စီမံ၊ ဘဏ္ဍာ၊ ပညာစစ်ဆေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ စွမ်းဆောင်ရည်မြင့်မားရေးဆွေးနွေးပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၁၈ ကျောင်းမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၂၁၈ ဦးတို့အား နည်းပြဆရာကြီး သုံးဦးတို့က အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ အထက(အိုးဘိုကုန်း)စာသင်ကျောင်းခန်းမတွင်ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထွန်းအောင်(ပြန်/ဆက်)**

ကန်ကြီးထောင့်မြို့ ဒါးကစျေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

ကန်ကြီးထောင့် အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့တွင် စျေးများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့် သရုပ်ပြခြင်းအား ကန်ကြီးထောင့်မြို့ ဒါးကစျေးတွင် ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်သည်။

စျေးများမီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့် သရုပ်ပြခြင်း ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့၏ လမ်းညွှန်မှုကိုခံယူ၍ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးလှိုင်ဝင်းဟန်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စျေးကော်မတီဝင်များ၊ စျေးသူ စျေးသားများ တက်ရောက်ခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးက မီးလောင်မှုဖြစ်ပွားနိုင်သည့်အချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် မီးသတ်ဆေးဘူးသုံးစွဲပုံအဆင့်ဆင့်အား ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြခြင်း၊ စျေးသူစျေးသားများက လက်တွေ့ဆောင်ရွက်ခြင်း၊ ဒါးက မီးသတ်ယာဉ် နှစ်စီး၊ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်တို့ဖြင့် မီးငြိမ်းသတ်သရုပ်ပြခြင်း၊ မီးငြိမ်းသတ်ခြင်းနှင့် မီးလောင်ပြင်တွင် ထိခိုက်ဒဏ်ရာရသူအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ရှေးဦးသူနာပြုစုခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ထူးကြီးကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ညိုတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ တိပိဋ္ဌကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ပညာရာမပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဥမင်ဓမ္မသုခ တောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်၊ သာကေတမြို့နယ်ရှိ ဓမ္မသုခ ဝိပဿနာကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ဓမ္မဝံသ (ဓမ္မဝုန်း) ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မောင်းထောင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ဇောင်ကြမ်းပင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ မဟာဝိသုတာရာမကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မင်္ဂလာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မန်ဆူဘုရားကြီးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှသက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများကသွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သထုံခရိုင်ပြည်သူ့စာကြည့်တိုက်၌ စာကြည့်တိုက်ဝန်ဆောင်မှုသင်တန်း အွန်လိုင်းမှဖွင့်လှစ်

သထုံ အောက်တိုဘာ ၂၉

မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယနေ့နံနက်က စာကြည့်တိုက်ဝန်ဆောင်မှု သင်တန်းကို သထုံခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများအား အွန်လိုင်းမှတစ်ဆင့် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင်ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သထုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေး က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးက သထုံခရိုင်အတွင်းရှိ ဝန်ထမ်းများအား ပြည်သူများအတွက် အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်မည့် စာကြည့်တိုက်မှူးကောင်းများဖြစ်ရေး၊ ဌာနမှဆောင်ရွက်နေသည့် အွန်လိုင်းမှတစ်ဆင့် ပြည်သူ့အသိပညာပေးလုပ်ငန်းများကို ပြည်သူများ စိတ်ဝင်စားမှုရှိအောင် စနစ်တကျ တင်ဆက်နိုင်ရေး၊ စာကြည့်တိုက်များအား အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြည့်ဝနေအောင် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ရေး၊ စာကြည့်တိုက်သို့ မလာရောက်နိုင်သည့် ပြည်သူများအတွက် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးခြင်းဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ရေး၊ ကလေးစာဖတ်ခန်းများကို ကလေးများ အပြည့်အဝအသုံးချနိုင်ရေး စသည့် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ဆွေးနွေးသင်ကြားပေးခဲ့သည်။

အဆိုပါ သင်တန်းသို့ သထုံခရိုင်အတွင်းရှိ ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်တို့မှ ဝန်ထမ်း စုစုပေါင်း ၁၂ ဦးတို့ တက်ရောက်ခဲ့ကြပြီး နှစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

လသာမြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ (ဆင့်ပွား)သင်တန်းကို ယနေ့ နံနက် ၉ နာရီက လသာမြို့နယ် ပညာရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ လသာမြို့နယ် ပညာရေးမှူး ဒေါ်နော်ဖောဇာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ အခြေခံပညာကျောင်းများ၏ သင်ကြားမှု၊ သင်ယူမှု အရည်အသွေးများ တိုးတက်ကောင်းမွန်ပြီး ကျောင်းအုပ်ကြီးများ၏စွမ်းဆောင်ရည်ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ခေါင်းဆောင်မှု တာဝန်ယူထားရသော ဆရာကြီး ဆရာမကြီးတို့၏ စီမံခန့်ခွဲ မှုသည် အလွန်ပင်အရေးကြီးပြီး ယုံကြည်ချက်၊ ခံယူချက်တို့ မှန်ကန်စွာဖြင့် တာဝန်နှင့်စည်းကမ်းများကို လေးစားလိုက်နာကာ ဆရာ့ကျင့်ဝတ်နှင့်အညီ အရည်အချင်းပြည့်ဝသည့် ကျောင်းအုပ်ကြီးကောင်းများ ဖြစ်အောင် ကြိုးစား ဆောင်ရွက်ကြစေလို ကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကျောက်တံတားခရိုင် လသာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့မှ ကျောင်းအုပ်ကြီးများ တက်ရောက်ပြီး ပညာရေးကဏ္ဍ၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့်စီမံကိန်းကြီးကြပ်အကဲဖြတ်ခြင်း ဘာသာရပ်များကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာဆွေးနွေးဖိုရေးပေးမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

မအူပင်မြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ၊ ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

မအူပင် အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ နယ်မြေစိုးမိုးရေးအတွက် စစ်ကြောင်းကြီးငါးကြောင်းဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများတွေ့ဆုံပွဲကို ကျီးချောင်းကျေးရွာအုပ်စု သာသနာ့ပါလဘုန်းတော်ကြီးကျောင်းတိုက်နှင့် ပိန်းချောင်းကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တို့၌ ယမန်နေ့ကကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများမှ တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ မှုခင်းလျှောနည်းကျဆင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးစသည့် လုပ်ငန်းကိစ္စရပ်အသီးသီးအား သက်ဆိုင်ရာဌာနများအလိုက် ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များအားမေးမြန်းရာ သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်ဝိုင်းသက်ဦး ဦးဆောင်သည့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသောပြည်သူများအား ဆန်တစ်ပြည်လျှင် ငွေကျပ်တစ်ထောင်နှုန်းဖြင့် စျေးနှုန်းသက်သာစွာရောင်းချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သနပ်ပင်မြို့၌ အချိန်စေ့လွန်ချေးငွေများ ပြန်လည်ရရှိရေး ညှိနှိုင်းစည်းဝေး

သနပ်ပင် အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေအကြံပေးအဖွဲ့နှင့် အချိန်စေ့လွန်ချေးငွေများ ပြန်လည်ရရှိရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၈ ရက်နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးက ချေးငွေစဉ်ဆက်မပြတ်ထုတ်ချေးနိုင်ရေး၊ အချိန်စေ့လွန်ချေးငွေများ ပြန်လည်ရရှိနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး သနပ်ပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ချေးငွေ အကြံပေးရေးအဖွဲ့ဝင်များမှ အချိန်စေ့လွန်ချေးငွေများ ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စိုက်ပျိုးစရိတ်ချေးငွေများနှင့် ပတ်သက်သည်များကို တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အထွေထွေမန်နေဂျာသည် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ သွားရောက်ကာ ဝန်ထမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့ကြောင်းသိရသည်။

လှမိုး(ပြန်/ဆက်)

နက္ခတ်စုံလှ တန်ဆောင်မုန်းလမှ မြန်မာ့ဓလေ့ရိုးရာ ဆေးပေါင်းခသည့်ည

မေတ္တာမိုးနှင်း(ပဲခူး)

မြန်မာတို့၏ သက္ကရာဇ်နှစ်တွင် ဆယ့်နှစ်လရှိသည်။ ဆယ့်နှစ်လတွင်လည်း ရာသီအလိုက် ပွဲတော်များကျင်းပကြသည်။ တစ်နှစ်တွင်တစ်လ၊ တစ်လတွင်တစ်ရက်၊ ထိုတစ်ရက်တွင်မှ ထူးကဲသော "တန်ဆောင်မုန်းလပြည့်ည"သည် "ဆေးပေါင်းခသောည" ဖြစ်သည်။ တန်ဆောင်မုန်းလသည် ဆယ့်နှစ်လရာသီ၏ ရှစ်လမြောက်လဖြစ်ပြီး ဆောင်းရာသီ၏အစလည်းဖြစ်သည်။ တန်ဆောင်မုန်းလ၏ ထူးခြားသောလကွဏာတစ်ရပ်မှာ ကောင်းကင်ကြည်လင်ခြင်းဖြစ်သည်။

တန်ဆောင်မုန်းလ၏ စန်းယှဉ်နက္ခတ်မှာ ကြတ္တိကာနက္ခတ် (ဖျောက်ဆိပ်ကြယ်) ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့ ညသန်းခေါင်အချိန်တွင် နက္ခတ်၂၇ လုံး စုံညီစွာထွန်းလင်းသည်ဟုဆိုသည်။ ထူးခြားသည်မှာ ညသန်းခေါင်တွင် ဦးခေါင်းနှင့်တည့်တည့် ကောင်းကင်ယံ၌ လပြည့်ဝန်းကြီးမွန်းတည့်နေသည်ကို တွေ့ရပေမည်။ လပြည့်ဝန်းအနီးအနားတွင် ကြတ္တိကာနက္ခတ် (ဖျောက်ဆိပ်ကြယ်)ကို ယှဉ်တွဲလျက်ထွန်းလင်းသည်ကို တွေ့ရပေမည်။ "ကောင်းကင်လယ်၊ ထက်ဝယ်ဘုံဦး၊ ရွှေလစန္ဒာနှင့် ကြတ္တိကာ ထိန်ရောင်စွန်းတယ်၊ ထွန်းထိန်လို့မြူး"ဟူ၍ ဖိုးသူတော်ဦးမင်းက သီကုံးရေးဖွဲ့ခဲ့လေသည်။

ဆေးပေါင်းခရသည့်အကြောင်း

ရှေးအခါက တန်ဆောင်မုန်းလကို "မဟာဝိနာယက"ဟုခေါ်သော မဟာပိန္နဲနတ်ကြီးနိုးသောလဖြစ်၍ "နတ်နိုးလ"ဟုလည်း ခေါ်ကြပြန်သည်။ တန်ဆောင်မုန်းလရောက်ပြီဆိုသည်နှင့် "စန္ဒာလမင်း" ၏ ရန်သူများဖြစ်သော ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုးတို့ကင်းစင်၍ ကောင်းကင်တစ်ခွင်လုံးသည် ကြည်ပြာရောင်ဆေးခြယ်ထားသကဲ့သို့ မျက်စိပသာဒဖြစ်လွန်းလှသည်။ ထိုအချိန်ကာလတွင် မဏ္ဍိမဒေသမှလာသော "သာရကောမုဒိဆေးကျမ်း"တွင် ကြတ္တိကာနက္ခတ်နှင့် ယှဉ်သဖြင့် ထိုနက္ခတ်စောင့်မီးနတ်ကြီးသည် မဲဇလီပင်စောင့်နတ်ထံပါးသို့ အလည်လာလေ့ရှိသည်။ ထိုနတ်မင်းကြီးလာရောက်ချိန်တွင် သစ်ပင်အားလုံးရှိနတ်များကလည်း ထိုမဲဇလီပင်သို့ စုရုံးရောက်ရှိလာကြပြီး နက္ခတ်စောင့်နတ်မင်းအား ပူဇော်ပသကြသောကြောင့် မဲဇလီပင်၌ ဆေးအစွမ်းထက်သည်ဟု ယုံကြည်လျက် တန်ဆောင်မုန်းလတွင် မဲဇလီဖူးသုပ်စားကြပြီး နက္ခတ်စုံညီသော တန်ဆောင်မုန်းလပြည့်ညကို "ဆေးပေါင်းခသောည" ဟု ယုံကြည်သက်ဝင်ကြခြင်းဖြစ်ပေသည်။ "သစ်ပင်မြင့်မြင့်၊ အရွက်ဆင့်က၊ နတ်နှင့်ချည်းပေ"ဟု မနုသာရ ဓမ္မသတ်ကျမ်းတွင် ဖော်ပြထားသောကြောင့် လည်းကောင်း၊ "တိဏလတာနိမြက်ပင်စောင့်နတ်၊ နွယ်ပင်စောင့်နတ်တို့သည်လည်းကောင်း" ဟု ဝေဿန္တရာဇာတ်တော်တွင် ဖော်ပြထားသောကြောင့်လည်းကောင်း "သစ်ပင်စောင့်နတ်များ" ရှိသည်မှာ ဇကန်မုချပင်ဖြစ်သည်။

ဆေးပေါင်းခသောညနှင့်မြန်မာ့ဓလေ့ထုံးစံများ

မြန်မာတို့၏ ရှေးအယူအဆ၊ ဓလေ့ထုံးတမ်းများသည် လူသားတို့၏နှလုံးသားကို နူးညံ့စေ၏။ လူ့ဘဝ၏အကြောင်းအကျိုးဟူသမျှကို စွမ်းဆောင်နိုင်သည့် စိတ်တန်ခိုးကိုမြင့်မားစေ၏။ လောကီရေးရာတွင်ရှေးအယူအဆ၊ဓလေ့ထုံးတမ်းများသည်များစွာအထောက်အကူပြုသော တန်ခိုးအာနိသင်ရှိပေသည်။ လူသားတို့၏ ရုပ်ခန္ဓာကို စိတ်မှဆောင်သည်။ ထိုစိတ်ကို ရှေးအယူအဆ၊ ဓလေ့ထုံးတမ်းများမှလည်း တန်ခိုးအာနိသင်ဖြစ်စေ၍ လူသားတို့၏စိတ်ကို ပြုပြင်ပြောင်းလဲပေးနိုင်ပေသည်။ ထို့ကြောင့်ပင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ပွဲတော်များကို အချိန်အခါနှင့်အညီ ကျင်းပကြခြင်းဖြစ်ပေသည်။

တန်ဆောင်မုန်းလပြည့်ညတွင် ကျေးလက်တောရွာများ၌ စကားဝိုင်းများပြုလုပ်၍ည ၁၂ နာရီ နက္ခတ်စုံချိန်အထိ ကောင်းကင်အား စောင့်ကြည့်ကြသည်။ လမွန်းတည့်ချိန်သည်ည ၁၂ နာရီဖြစ်၍ လ၏အရိပ် ရေပြင်ပေါ်ကျရောက်ချိန်၌ "လမွန်းတည့်ရေ" ကို ဆေးရည်အဖြစ် သောက်သုံးကြသည်။ ကြည်လင်သောရေကဲ့သို့ပင် ရောဂါဘယကင်းစင်၍ သက်ရှည်ကျန်းမာသည်ဟု ယုံကြည်ကြသည်။ တချို့သောနှစ်ကာလများတွင် တန်ဆောင်မုန်းလပြည့်နှင့် လကြတ်ချိန်တို့ တိုက်ဆိုင်ကြသည်။ ထိုသို့တိုက်ဆိုင်သည့် အချိန်ကာလမျိုးတွင် ရှေးလူကြီးများသည် မိမိအနီးအနားတွင်ရှိသော ဆေးဖက်ဝင်အပင်ငယ်များ၊ အရွက်များကို လက်ဖြင့်ဆုပ်ကိုင်၍ လကြတ်ခြင်းလွတ်မြောက်သည့် အချိန်အထိ စောင့်ဆိုင်းကြသည်။ လ၏အလင်းရောင် ပြန်လည်ထွက်ပေါ်သည်နှင့်တစ်ပြိုင်နက် ဆုပ်ကိုင်ထားသော ဆေးဖက်ဝင်အပင်များ၊ အရွက်များကို အိမ်အမိုး၊ တဲအမိုး စသည်တို့အပေါ်သို့ နောက်ပြန် ပစ်တင်ပြီး "ဆေးအောင်ပြီ"ဟု သုံးကြိမ်တိုင်တိုင် ဟစ်ကြွေးကြသည်။ နောက်တစ်နေ့တွင် ထိုဆေးဖက်ဝင်အပင်များ၊ အရွက်များကို သေချာစွာထုပ်ပိုး၍ သိမ်းဆည်းထားပြီး အလိုရှိသည့်အခါတိုင်း ထုတ်ယူသုံးစွဲကြသည်။ အထူးသဖြင့် သားဖွားမိခင်များအတွက် မွေးလွယ်ဖွားလွယ်သည်ဟုဆိုကြသည်။

ရှေးမြန်မာတို့၏အယူအဆအတိုင်း ဂန္ဓီရအတတ်ပညာဖြင့် ဆေးဝါးမန္တန်စီရင်၍ သတ္တဝါအပေါင်းအား မိမိတို့အတတ်ပညာဖြင့် ကယ်တင်သောပညာရပ်သည် ယနေ့သိပ္ပံပညာထွန်းကားသည့်အချိန်အထိတိုင်အောင် တည်ရှိလျက်ရှိပေသည်။ ထိုပညာရပ်ကို တတ်မြောက်ကျွမ်းကျင်သော ပုဂ္ဂိုလ်တို့သည် တန်ဆောင်မုန်းလပြည့်ရက်မတိုင်မီ မိမိတို့အလိုရှိရာ၊ မိမိတို့ဆေးဝါးမန္တန်အတွက် အသုံးပြုရန်အဆင်ပြေမည့် ဆေးမြစ်၊ ဆေးဥ၊ သစ်ဖု၊ သစ်ရွက်စသည်တို့ကို ကြိုတင်စုဆောင်းထားကြသည်။ ထို့နောက် တန်ဆောင်မုန်းလပြည့်နေ့ည နက္ခတ်စုံသောအချိန်၌ သိဒ္ဓိမြောက်အောင်သစ်ပင်စောင့်နတ်တို့ထံတွင် ပူဇော်ပသ၍ ဆေးစီရင်ကြသည်။ ထိုဆေးဝါးမန္တန်တို့သည် ကလေးသူငယ်နာမှစ၍ သက်ကြီးရွယ်အိုများအတွက်ပင် အသက်ရှည်ဆေး၊ မအိုဆေးအဖြစ် ယုံကြည်စွာသုံးစွဲကြသည်။ တခြားသော ပယောဂ ဟူသမျှကိုလည်း ကင်းစင်ပသည်ဟု ယုံကြည်သက်ဝင်ကြပေသည်။ မည်သို့ပင်ဆိုစေကာမူ လူသတ္တဝါတို့၏ စိတ်တန်ခိုးအာနိသင်သည်လည်း လောကီရေးရာတွင် များစွာအကျိုးသက်ရောက်မှုရှိသည်ကို တွေ့မြင်ကြရပေသည်။

တချို့သောလူပုဂ္ဂိုလ်တို့သည် သီတင်းကျွတ်လပြည့်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ မိမိတို့ယုံကြည်ရာ ဂါထာမန္တန်များကို ရွတ်ဖတ်ပွားများပြီး အဓိဋ္ဌာန်ပြုကြသည်။ မိမိတို့၏အဓိဋ္ဌာန်အောင်မြင်ခြင်းကို တန်ဆောင်မုန်းလပြည့်ည ၁၂ နာရီ နက္ခတ်စုံချိန်အထိ စောင့်ဆိုင်း၍ သက်သေပြကြသည်။ တန်ဆောင်မုန်းလပြည့်နေ့သည် "သာမည်ဖလအခါတော်နေ့" ဖြစ်သည်။ ရဟန်း၊ သံဃာတော်တို့အား အကျင့်သီလနှင့်ပြည့်စုံခြင်းရှိ၊ မရှိကို သာမည်ဖလသုတ်တော်နှင့်ချိန်ညှိခြင်းဖြစ်သည်။ ထိုအကြောင်းကိုအခြေခံ၍ လူပုဂ္ဂိုလ်အချို့တို့သည် ယောဂီသူတော်စင်အဖြစ်ဖြင့် အဓိဋ္ဌာန်ပြု၍ မိမိတို့စောင့်ထိန်းသောသီလကို သုံးသပ်ကြခြင်းပင်ဖြစ်သည်။

ယခုအခါ တန်ဆောင်မုန်းလပြည့်ညတွင် ကျေးလက်ဒေသနှင့် မြို့ပြပါမကျန် မဲဇလီဖူးသုပ်ပွဲတော်ကို ကျင်းပကြသည်။ ဆေးပင်အပေါင်းကို စောင့်သောနတ်မင်းတို့သည် မဲဇလီပင်စောင့်နတ်မင်းထံသို့ တန်ဆောင်မုန်းလပြည့်နေ့တွင် လာရောက်ခစားသောကြောင့် မဲဇလီပင်သည် ဆေးစွမ်းထက်သည်၊ ဆေးပေါင်းခသည်ဟုဆိုကြသည်။ ထို့အပြင် မဲဇလီအရွက်၊ အဖူးတို့သည် အခါးဓာတ်ဆောင်၏။ လေကိုနိုင်၍ ဝမ်းကိုသက်စေ၏။ အပူအပုပ်ကင်းစင်၍ ခံတွင်းရှင်းခြင်း၊ ဝမ်းမီးကောင်းခြင်းကို ဖြစ်စေသည်။ "တန်လျှင်ဆေး" ဆိုသည့်အတိုင်း သင့်တော်သမျှစားသုံးလျှင် ကျန်းမာခြင်းသုခကိုရစေသည်။ အမည်မသိ ရှေးစာဆို၏ ရှေးလင်္ကာတစ်ပုဒ်တွင် "တန်ဆောင်မာသကြတ္တိက၊ ရွှန်းပရောင်လျှံမြူး၊ မီးနတ်ဒဟဆင်းသက်ကြွ၊ ပေါင်းခမဲဇလီဖူး၊ နက္ခတ်သဘင်ဆေးစီရင်၊ လူတွင်ထက်ခေါင်ကျူး၊ စီးပွားတက်ကာ မင်္ဂလာ၊ ချိန်ခါသိဒ္ဓိထူး"ဟူ၍ ဖော်ပြထားသည်ကို လေ့လာမှတ်သားရပေသည်။

ပုံ့သကူအလှူ

တန်ဆောင်မုန်းလပြည့်ညတွင် မြတ်စွာဘုရားရှင်အား ဆီမီးပူဇော်၍ တန်ဆောင်တိုင်မီးထွန်း ပွဲတော် ကျင်းပကြသည်။ မဲဇလီဖူးသုပ်စားသည့် ပွဲတော်၊ ဆေးပေါင်းခသည့်ဆေးပွဲတော်များလည်း ကျင်းပကြသည်။ တချို့သောသူများသည် အလှူဒါနတစ်ရပ်ကို နက္ခတ်စုံချိန်အထိ စောင့်ဆိုင်း၍ ပြုလုပ်ကြသည်။ မိမိတို့လှူဒါန်းလိုသောပစ္စည်းများကို မည်သူမဆို ထိုက်တန်သူရပါစေ၊ ရောဂါဘယကင်းပါစေ၊ အစစအရာရာပြီးပြည့်စုံပါစေ၊ လှူဒါန်းသူလည်းရရှိပါစေဟု တောင်းဆုပြု၍ အဝတ်အထည်၊ စားသောက်ကုန်၊ ဆေးဝါးအစရှိသည်တို့ကို "ပုံ့သကူ"အဖြစ် လူသွားလမ်းမပေါ်ပစ်ချ၍ အလှူဒါနပြုကြသည်။ "စာဂ" စွန့်ကြဲပေးကမ်းခြင်းဟူသော အလှူဒါနဖြစ်၍ ကုသိုလ်လည်းရသကဲ့သို့ နှလုံးစိတ်ဝမ်းပျော်ရွှင်ချမ်းမြေ့ရသော မြန်မာတို့၏အလှူတစ်မျိုးပင်ဖြစ်ပေသည်။ တန်ဆောင်မုန်းလပြည့်ညသည် နေဝင်ချိန်မှစ၍ သန်းခေါင်ယံအချိန်အထိ ဓလေ့ရိုးရာအစဉ်အလာများ၊ ပျော်ရွှင်ဖွယ်ရာ အလှူဒါနများ၊ တရားဘာဝနာကုသိုလ်ကောင်းမှုများဖြင့် အရာရာတိုင်းသည် "ကောင်းခြင်းမင်္ဂလာ"ဖြင့် ပြည့်စုံသောညတစ်ညပင်ဖြစ်ပေသည်။ "ဆေးပေါင်းခသောည"မှသည် အရာရာတိုင်းဆေးဖက်ဝင်၍ သိဒ္ဓိထူးပြီး မြန်မာပြည်ကြီးအေးချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းဖြင့် ရိုးရာဓလေ့များ ထိန်းသိမ်းနိုင်ကြပါစေရန် ရည်ရွယ်ရေးသားလိုက်ရပါသည်။ ။

ကိုးကား – ဆရာကြီးဒဂုန်နတ်ရှင် " စာပေဝတ်ဆံ"

> **"ဆေးပင်အပေါင်းကို စောင့်သောနတ်မင်းတို့သည် မဲဇလီပင်စောင့်နတ်မင်းထံသို့ တန်ဆောင်မုန်းလပြည့်နေ့တွင် လာရောက်ခစားသောကြောင့် မဲဇလီပင်သည် ဆေးစွမ်းထက်သည်၊ ဆေးပေါင်းခသည်ဟုဆိုကြသည်။ ထို့အပြင် မဲဇလီအရွက်၊ အဖူးတို့သည် အခါးဓာတ်ဆောင်၏။ လေကိုနိုင်၍ ဝမ်းကိုသက်စေ၏။ အပူအပုပ်ကင်းစင်၍ ခံတွင်းရှင်းခြင်း၊ ဝမ်းမီးကောင်းခြင်းကို ဖြစ်စေသည်။ "တန်လျှင်ဆေး" ဆိုသည့်အတိုင်း သင့်တော်သမျှစားသုံးလျှင် ကျန်းမာခြင်းသုခကို ရစေသည်"**

လက်ပံတန်း၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

လက်ပံတန်း အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမဆောင်တွင် အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါအခမ်းအနား၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်စမ်းမြင့်က ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲသို့အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီး ၂၁၀ တက်ရောက်ပြီး အောက်တိုဘာ ၂၉ ရက်အထိ ကျင်းပကြောင်း သိရသည်။

အောင်ဆင့်

☆ ကျောဖုံးမှ

ကမ်းနီးရေပြင်တစ်လျှောက်မှ ရေသယံဇာတကို ထုတ်ယူသုံးစွဲရာ၌ ငါးလုပ်ငန်းဦးစီးဌာန၏ ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ သက်ရောက်မှုရှိစေရေးနှင့် တရားမဝင် ငါးဖမ်းဆီးမှုလျော့နည်းစေခြင်းဖြင့် ငါးသယံဇာတတည်ရှိမှု ပြန်လည်တိုးပွားစေရန် ကမ်းနီးရေပြင်စစ်ဆေးခြင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရေကြောင်းရဲတပ်ဖွဲ့ပါမယ်၊ ရေလုပ်သားအစုအဖွဲ့တွေနဲ့ လုံခြုံရေးအခြေအနေပေါ်မူတည်ပြီး နိုဝင်ဘာလမှာ ကမ်းနီးရေပြင်စစ်ဆေးရေးကို စတင်ဆောင်ရွက်သွားမှာပါ။ ပထမဆုံးအကြိမ်ဖြစ်တာကြောင့် စီမံကိန်းရေးဆွဲတင်ပြပြီး ဆောင်ရွက်သွားမှာပါ။ ငါးသယံဇာတ ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်အောင် သားပေါက်ထိန်းသိမ်းရေးဟာ အရေးကြီးတာကြောင့် ငါးများ ကြီးထွားရှင်သန်နိုင်ဖို့အတွက် သတ်မှတ်ပိုက်တွေနဲ့ ဖမ်းဆီးမှုရှိ/ မရှိကို စစ်ဆေးသွားဖို့ရှိပါတယ်။ ရေယာဉ်နှစ်စီးနဲ့ စစ်ဆေးဆောင်ရွက်မှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်သွားမှာပါ။ ကမ်းနီးဖြစ်စေ၊ ကမ်းဝေးဖြစ်စေ ရေသယံဇာတတွေကို ဖမ်းဆီးရာမှာ ဥပဒေနဲ့အညီ ဖမ်းဆီးဖို့လိုပါတယ်။ ပင်လယ်ပြင်ရေသယံဇာတ လျော့နည်းလာတဲ့သဘောရှိတဲ့အတွက် ပြန်လည်ဖွံ့ဖြိုးဖို့ မွေးမြူရေးကဏ္ဍကို ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် ကမ်းနီးရေပြင်ငါး/ ပုစွန် ထိန်းသိမ်းရေးဟာ အရေးပါတဲ့အတွက် စည်းကမ်းလိုက်နာ ဖမ်းဆီးနေကြတဲ့ ဒေသခံရေလုပ်ငန်းတွေရဲ့ လူမှုစီးပွားဘဝကို အထောက်အပံ့ဖြစ်စေဖို့ ငါးသယံဇာတထိန်းသိမ်းရေးကို ရေယာဉ်နှစ်စီးနဲ့ စစ်ဆေးကြပ်မတ်သွားဖို့ရှိပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ညီတိုးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ပင်လယ်ပြင်တွင် ပင်လယ်ပြင်ငါးမဖမ်းရသတ်မှတ်ကာလ ဧပြီလမှ ဇွန်လအထိ သုံးလကျော်လွန်ခဲ့ပြီး တားမြစ်ထားသော ကျောက်ပုစွန်၊ ကင်းပုစွန်မဖမ်းဆီးရကာလ လွန်မြောက်ခဲ့၍ ငါး/ပုစွန်ဖမ်းရေယာဉ်များဖြင့် ကမ်းနီး၊ ကမ်းဝေးရေပြင်တို့တွင် ဖမ်းဆီးလျက်ရှိရာ သတ်မှတ်ကမ်းနီးရေပြင်ဧရိယာ၌ သတ်မှတ်ထားသော ပိုက်ကွက်ဖြင့် ဖမ်းဆီးမှုရှိ/မရှိကို လည်းကောင်း၊ ကကူရန်၊ ကဏန်း ထိန်းသိမ်းရေးဇုန်နှင့် ကော့သောင်းအနီးရှိ ငါးဖမ်းကွက်ခြောက်ကွက်တို့တွင် တရားမဝင်ဖမ်းဆီးမှုမရှိစေရန်လည်းကောင်း စစ်ဆေးကြပ်မတ်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ကမ်းနီးငါးဖမ်းရေယာဉ် ၈၀၀၀ ကျော်နှင့် ကမ်းဝေးငါးဖမ်းရေယာဉ် ၁၄၀၀ ကျော်ရှိပြီး ပြည်ပပို့ကုန်အဖြစ် ငါး/ပုစွန်များကို ဖမ်းဆီးတင်ပို့လျက်ရှိသည်။ မြိတ်ခရိုင် စခန်းသိမ်းကျေးရွာသို့ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီးတို့ ရောက်ရှိစဉ် ထိုကျေးရွာ၌ သတ်မှတ်ထားသော ငါးဖမ်းပိုက်ကွက်ဖြင့် ဖမ်းဆီး၍ ရေသယံဇာတကို ထိန်းသိမ်းလျက်ရှိပြီး အခြားသောကျေးရွာများက ကန့်သတ်ထားသောပိုက်များဖြင့် ဖမ်းဆီးလျက်ရှိသည့်အတွက် စောင့်ကြည့် ထိန်းသိမ်းနိုင်ရေး အထောက်အပံ့အဖြစ် ဒိန်းမတ်အစိုးရက ကမ်းနီးစစ်ဆေးရေးရေယာဉ် နှစ်စီးကို ငါးလုပ်ငန်းဦးစီးဌာနသို့ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ – ကနူး

လမ်းမတော်မြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် အခြေခံပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ (ဆင့်ပွား)သင်တန်းကို ယနေ့နံနက် ၉ နာရီက လမ်းမတော်မြို့နယ် ပညာရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ၌ ကျောက်တံတားခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး(စီမံ၊ ဘဏ္ဍာ)ဒေါ်ခင်ချောခိုင်က ခေါင်းဆောင်မှု တာဝန်ယူထားရသော ဆရာကြီး၊ ဆရာမကြီးတို့၏ စီမံခန့်ခွဲမှုသည် အလွန်ပင်အရေးကြီးပြီး ယုံကြည်ချက်၊ ခံယူချက်တို့ မှန်ကန်စွာဖြင့် တာဝန်နှင့် စည်းကမ်းများကို လေးစားလိုက်နာကာ ဆရာ့ကျင့်ဝတ်နှင့် အညီ အရည်အချင်းပြည့်ဝသည့် ကျောင်းအုပ်ကြီးကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ လမ်းမတော်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးခြောက်ဦး၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းမှ ခြောက်ဦးတို့တက်ရောက်ပြီး ပညာရေးကဏ္ဍ၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကြီးကြပ်အကဲဖြတ်ခြင်း ဘာသာရပ်များကို အောက်တိုဘာ ၃၀ ရက်အထိ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

အနုပညာ

အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ ဂျင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS မှ အဖွဲ့ဝင် ဂျင်ဟာ လတ်တလောမှာ တစ်ကိုယ်တော်တေးသီချင်းသစ် ထုတ်လွှင့်ခဲ့ပြီး အဆိုပါတေးသီချင်းဟာ ကမ္ဘာတစ်ဝန်းက အိုင်ကျွန်းတေးဂီတဇယားတွေရဲ့ နံပါတ်တစ်နေရာကို ရယူထားကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျင်ရဲ့ ပထမဆုံး တစ်ကိုယ်တော်တေးသီချင်းဟာ The Astronaut လို့ အမည်ရပြီး အောက်တိုဘာ ၂၉ ရက်မှာ ကမ္ဘာတစ်ဝန်းက နိုင်ငံနဲ့ ဒေသပေါင်း ၉၇ ခုမှာရှိတဲ့ အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်နိုင်ခဲ့တာပါ။ ယင်းတေးသီချင်းရဲ့ ဗီဒီယိုကို အောက်တိုဘာ ၂၈ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပြီး ၂၄ နာရီအတွင်း ယခုလို အောင်မြင်မှုမျိုး ရယူထားနိုင်တာ ဖြစ်ပါတယ်။

အဆိုပါ တေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ပြီး နောက် နာရီ ၂၀ အတွင်း ကြည့်ရှုသူ ၁၅ ဒသမ ၃ သန်း ရရှိခဲ့ပါတယ်။ ယင်းတေးသီချင်းကို ဂျင်နဲ့အတူ Coldplay က ပူးပေါင်းရေးသားထားတာဖြစ်ပြီး ဂျင်အနေနဲ့ စစ်မှုမထမ်းမီ သူ့ရဲ့ တစ်ကိုယ်တော် တေးသီချင်းကို ထုတ်လွှင့်ခဲ့တာလည်း ဖြစ်ပါတယ်။

တရုတ်မှာ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်အဖြစ် မှတ်တမ်းဝင်ခဲ့တဲ့ Born Pink

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK ရဲ့ တေးအယ်လ်ဘမ်သစ် Born Pink ဟာ တရုတ်နိုင်ငံမှာ အတော်လေး ရောင်းအားကောင်းခဲ့ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ အမျိုးသမီးတေးဂီတအဖွဲ့တွေ ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်တွေအနက် တရုတ်မှာ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း အောကေပျော်ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံမှာ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်စာရင်းကို လတ်တလောမှာ ထုတ်ပြန်ခဲ့ရာမှာ အဆိုပါ စာရင်းရဲ့ နံပါတ်တစ်နေရာမှာ Born Pink က ရပ်တည်နေတာပါ။ စက်တင်ဘာ ၁၇ ရက်က စတင်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါ တေးအယ်လ်ဘမ်ဟာ တေးအယ်လ်ဘမ်ပေါင်း ၈၁၄၀၀၀ ရောင်းချခဲ့ရပါတယ်။ နံပါတ်နှစ်နေရာမှာတော့ အမေရိကန်ပျော်ပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ် Midnights က ရပ်တည်နေတာကိုလည်း တွေ့ရပါတယ်။

အေးပြည့် – စုစည်းသည်

ကင်ထယ်ရီနဲ့ပတ်သက်တဲ့ ကောလာဟလတွေကို ဆောင်းဂျွန်ကီ ငြင်းဆို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့မင်းသားတစ်ဦးဖြစ်သူ ဆောင်းဂျွန်ကီဟာ မင်းသမီး ကင်ထယ်ရီနဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ရာမှာ အဆိုပါသတင်းတွေ မှန်ကန်မှုမရှိကြောင်း မင်းသားဘက်က ငြင်းဆိုခဲ့တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အောက်တိုဘာ ၂၉ ရက်မှာ ဆောင်းဂျွန်ကီနဲ့ ကင်ထယ်ရီတို့ရဲ့ အေဂျင်စီတွေက သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေတယ်ဆိုတဲ့ ကောလာဟလတွေကို ငြင်းချက်ထုတ်ခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ Space Sweepers ရုပ်ရှင်မှာ အတူတွဲဖက်သရုပ်ဆောင်ထားကြတာ ဖြစ်ပြီး သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပြီးခဲ့တဲ့ နှစ်အတွင်းကလည်း ပေါ်ထွက်ခဲ့ကြောင်း သိရပါတယ်။

ပျိုခ်ဆူဂျွန်နဲ့ ဟန်ဆိုဟီးတို့ရဲ့ ဇာတ်လမ်းတွဲသစ် ရိုက်ကူးပြီးစီး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့မင်းသားတစ်ဦးဖြစ်သူ ပျိုခ်ဆူဂျွန်နဲ့ မင်းသမီး ဟန်ဆိုဟီးတို့ တွဲဖက်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်သစ်တစ်ကားကို နက်ဖလစ်ဇင်က ရိုက်ကူးထုတ်လွှင့်မှာဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲ ရိုက်ကူးမှု လတ်တလောမှာ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း အောကေပျော်ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အောက်တိုဘာ ၂၅ ရက်မှာ ဒေသတွင်း မီဒီယာတစ်ခုက ပျိုခ်ဆူဂျွန်နဲ့ ဟန်ဆိုဟီးတို့ရဲ့ ဇာတ်လမ်းတွဲသစ် Gyeongseong Creature ကို ရိုက်ကူးပြီးစီးခဲ့ပြီဖြစ်ကာ လတ်တလောမှာ အထူးပွဲပြသဖို့ရာ စတင်စီစဉ်နေပြီဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်ဟာ သည်းထိတ်ရင်ဖို ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး ၁၉၄၅ ခုနှစ်ကို နောက်ခံထားကာ ဆာလောင်နေတဲ့ မကောင်းဆိုးရွားတွေလက်က လွတ်မြောက်ဖို့ ကြိုးစားခဲ့တဲ့ လူငယ်နှစ်ဦး အကြောင်း ပုံဖော်ထားတာလည်းဖြစ်ပါတယ်။ အဆိုပါ ရုပ်ရှင်ကို ၂၀၂၃ ခုနှစ် နှစ်စပိုင်းမှာ စတင်ပြသဖို့ရာ ရည်ရွယ်ထားကြောင်း သိရပါတယ်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ဆင်မကြီးမိုမိုဇ၊ (၆၉)နှစ်မြောက် မွေးနေ့အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ဆင်မကြီးမိုမိုဇ၊ (၆၉)နှစ်မြောက် မွေးနေ့သစ်သီးကိတ်ခွဲခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဆင်မကြီးမိုမိုသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ၁၉၆၁ ခုနှစ် အသက်ရစ်နှစ်အရွယ်ခန့်တွင် စတင်ရောက်ရှိလာပြီး တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လည်ပတ်သူများအား အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ဆင်မကြီးမိုမိုဇ၊ (၆၉)နှစ်မြောက်မွေးနေ့ပွဲအထိမ်းအမှတ်အဖြစ် တေးဂီတဖျော်ဖြေပွဲများ ကျင်းပခြင်း၊ မျက်လှည့်ပြပွဲများ၊ ဓာတ်ပုံပြပွဲများကျင်းပခြင်း၊ မြန်မာရိုးရာအကအလှများကပြခြင်း၊ ရုပ်သေးအလှပြခြင်း၊ မျက်လှည့်ပြကွက်များပြသခြင်း၊ တိရစ္ဆာန်လေးများနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းနှင့် ကလေးများအတွက် ဂျော်ပွဲရွှင်ပွဲအခမ်းအနားများကို အောက်တိုဘာ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စန္ဒာမိုး

✪ အမျိုးသမီးလိဂ်မှ

သဠွာချို၊ မိုးမမစိုး၊ ကြည်ပြာလင်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း ၅၉ မိနစ်တွင် ဖြူဖြူဝင်းက မြဝတီအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ၇၆ မိနစ်တွင် မြဝတီအသင်းဒုတိယဂိုးထပ်ရခဲ့ပြီး ပုံပုံပြည့်မောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ အား/ကာဦးစီးဌာနအသင်းသည် ပွဲပြီးခါနီး နာကျင်အချိန်ပိုမှ ချေပဂိုးတစ်ဂိုးပြန်ရခဲ့သဖြင့် နောက်ထပ်ချေပဂိုးမရတော့ဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ အား/ကာဦးစီးဌာနအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၉၀+၂ မိနစ်တွင် သန်းသန်းဝေက သွင်းယူခဲ့သည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲမှာ ပထမအကျော့ပြီးဆုံးသွားပြီဖြစ်ပြီး လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက ရမှတ် ၁၆ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေကာ သစ္စာအားမာန်အသင်းက ၁၅ မှတ်၊ မြဝတီအသင်းက ၁၃ မှတ်၊ အား/ကာဦးစီးဌာနအသင်းက ကိုးမှတ်၊ Young Lionesses အသင်းက ခြောက်မှတ်၊ YREO အသင်းက သုံးမှတ်ရထားပြီး တနင်္သာရီအသင်းက ခြောက်ပွဲစလုံးအရေးနိမ့်ကာ အမှတ်မရသေးပေ။

သတင်း-ကိုညီလေး

❍ MNL ပြိုင်ပွဲမှ

အား/ကာသိပ္ပံအသင်းသည် ရတနာပုံအသင်းကို ပထမအကျော့ရှုံးကြွေးပြန်ဆပ်ကာ နိုင်ပွဲရယူနိုင်ခဲ့သည်။

ပွဲထွက်ခဲ့

အား/ကာသိပ္ပံအသင်းသည် သိန်းဇော်သီဟ၊ ဇင်ညီညီအောင်(ဂိုး)၊ ကြည်စိုး၊ ဝေလင်းအောင်စသည့် ကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး ရတနာပုံအသင်းတွင် အဓိကကွင်းလယ်ကစားသမား မျိုးကိုထွန်းနှင့် တိုက်စစ်ကစားသမား သက်နိုင်တို့ မပါဝင်နိုင်ဘဲ လှိုင်းဘိုဘို၊ ဟိန်းနေဆန်း၊ ရဲရင့်အောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ၁၉ မိနစ်တွင် ရဲရင့်အောင်က ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သော်လည်း နှစ်မိနစ်အကြာတွင် ကြည်စိုးက အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသော်လည်း ဒုတိယပိုင်းအစတွင် အား/ကာသိပ္ပံအသင်း အနိုင်ဂိုးရခဲ့သည်။ ယင်းဂိုးကို ဇာနည်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်းချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း ဂိုးပြန်မသွင်းနိုင်သဖြင့် အား/ကာသိပ္ပံအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၆ ပွဲကစား ရမှတ် ၂၄ မှတ်၊ ရတနာပုံအသင်းက ၁၆ ပွဲကစား ရမှတ် ၂၅ မှတ် ရရှိထားသည်။ ပွဲစဉ်(၁၈) ဒုတိယနေ့အဖြစ် အောက်တိုဘာ ၃၀ ရက်တွင် မြဝတီအသင်းနှင့် ဇရာဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL

ရေချွေတာရေး
နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

ကန့်ကွက်နိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ပဲခူးခရိုင်၊ပဲခူးမြို့နယ်၊ကျေးရွာအုပ်စု–လက်ပံဝင်း၊ကွင်းအမှတ်နှင့်အမည်–၁၁၇၂/ လက်ပံဝင်းကွင်း၊ ဦးပိုင်အမှတ်နှင့် မြေကွက်အမှတ်–၁၅/ ၃(N ၁၆၂)အထွေထွေစက်မှုမြေဖြစ်ပြီး မြေဧရိယာ(၃.၈၇)ဧကနှင့် ပဲခူးတိုင်းဒေသကြီး၊ပဲခူးခရိုင်၊ပဲခူးမြို့နယ်၊ကျေးရွာအုပ်စု–လက်ပံဝင်း၊ကွင်းအမှတ်နှင့်အမည်–၁၁၇၂/ လက်ပံဝင်းကွင်း၊ ဦးပိုင်အမှတ်နှင့်မြေကွက်အမှတ်–၁၂/ရိုဃုယာဉ်ခြံမြေဖြစ်ပြီးမြေဧရိယာ(၁.၂)ဧကနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့.မှာဒေါ်ခိုမိုအိ(၁၁/ သတန(နိုင်)၀၂၅၄၆) အမည်ဖြင့်တည်ရှိပြီးတရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၀န်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေကအရောင်းအဝယ်ပြုလုပ်၍စရံငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့်သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စုဖြိုးဝေ LL.B အထက်တန်းရှေ့နေ(စဉ်–၄၂၇၈၃)
တိုက်အမှတ်(၂၀)၊ အခန်း(၇)၊ နတေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာ။
ဖုန်း ။ 09-5054804, 09-250208887

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကြည်ပြာလင်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း ၅၉ မိနစ်တွင် ဖြူဖြူဝင်းက မြဝတီအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ၇၆ မိနစ်တွင် မြဝတီအသင်းဒုတိယဂိုးထပ်ရခဲ့ပြီး ပုံပုံပြည့်မောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ အား/ကာဦးစီးဌာနအသင်းသည် ပွဲပြီးခါနီး နာကျင်အချိန်ပိုမှ ချေပဂိုးတစ်ဂိုးပြန်ရခဲ့သဖြင့် နောက်ထပ်ချေပဂိုးမရတော့ဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ အား/ကာဦးစီးဌာနအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၉၀+၂ မိနစ်တွင် ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသော်လည်း ဒုတိယပိုင်းအစတွင် အား/ကာသိပ္ပံအသင်း အနိုင်ဂိုးရခဲ့သည်။ ယင်းဂိုးကို ဇာနည်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်းချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း ဂိုးပြန်မသွင်းနိုင်သဖြင့် အား/ကာသိပ္ပံအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၆ ပွဲကစား ရမှတ် ၂၄ မှတ်၊ ရတနာပုံအသင်းက ၁၆ ပွဲကစား ရမှတ် ၂၅ မှတ် ရရှိထားသည်။ ပွဲစဉ်(၁၈) ဒုတိယနေ့အဖြစ် အောက်တိုဘာ ၃၀ ရက်တွင် မြဝတီအသင်းနှင့် ဇရာဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (FMI–7)၊ လူနေရပ်ကွက်အမှတ် (FMI)၊ မြေကွက်အမှတ်(၅၁၁)၊ အကျယ်အဝန်း (၀.၁၉၄ ဧက) ရှိ နှစ် (၆၀) မြောင်းဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊(၄)ရပ်ကွက်၊ ကိန္နရီသစ်ခွလမ်းသွယ်(၂)လမ်း၊ အမှတ်(အိုစုဝ)ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီးတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသိန်းနိုင် [၁၂/လမတ(နိုင်)၀၁၅၆၁၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပွင့်သော်တာမောင်[၁၂/လမန(နိုင်)၁၃၇၂၂၀၁]မှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ဒေါ်ပွင့်သော်တာမောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)
တရားလွတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)
Ph–09–450023651,09–793568375
အမှတ်(၁၄)၊ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အများသိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ည၊ မြေကွက်အမှတ်–၁၂၆၁၊ ဧရိယာ– ၀.၀၅၅ ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည) ရပ်ကွက်၊ ဧရာလမ်း (၂၀)၊ အမှတ်–၁၂၆၁ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့သည် ကျွန်မနှင့် ခင်ပွန်းဦးအောင်စိုး တို့နှစ်ဦးပိုင်ဆိုင်ပါသည်။ အဆိုပါမြေနှင့်အိမ်ကို ကျွန်မ၏ သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိုးမိုးထွန်း
၁၂/တကန(နိုင်)၁၄၃၃၇၆
အမှတ်–၁၂၆၁၊ ဧရာလမ်း(၂၀)၊ (ည) ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၄၂၃၇၁၂၄၄၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မဂသီ(၂၁)လမ်း၊ အမှတ်(၁၆၇/ခ)၊ (၁)ခန်းတည်း RC(၅)ထပ် အဆောက်အဦ၏(မြေညီထပ်) + (ထပ်ခိုး)၊ မြေညီဧရိယာ(၉၇၂) စတုရန်းပေ + ထပ်ခိုးဧရိယာ(၅၄၀) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးတင်ဦး [၁၂/တမန (နိုင်) ၀၃၃၆၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်လင်း [၁၂/မဘန(နိုင်)၁၀၆၃၆၆]၊ ဒေါ်သန္တာ [၁၂/မဂဒ(နိုင်)၁၄၇၃၇၅]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇော်လင်း၊ ဒေါ်သန္တာ တို့၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝေဖြိုးအောင် (LL.B),WIPO (Switzerland)
တရားလွတ်တော်ရှေ့နေ– (စဉ်–၁၅၄၅၅)
Ph–09–421157856
အမှတ်(၁၄) ၊ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၁၊ နည်းဥပဒေ ၂၀)
ဗိုလ်တထောင်ခရိုင်တရားရုံး
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၆၁၇

၁။ ဦးဆိတ်ဖြူ နှင့် ၁။ ဦးသန်းဌေးနိုင်
၂။ ဒေါ်မြင့်မြင့်လှိုင် ၂။ ဦးကျော်သန်းထွန်း
(တရားလိုများ) **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ(၂၁)လမ်း၊ အမှတ်–၅၃၆/ခ နေ (၁) တရားပြိုင် ဦးသန်းဌေးနိုင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ဝယ်ယူထားသော အိမ်ခြံမြေအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားဖွဲ့ဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၂ ရက်)၊ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအဓိပ္ပါယ်လိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၂၇)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မြ)
ခရိုင်တရားသူကြီး
ဗိုလ်တထောင်ခရိုင်တရားရုံး

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဒေါ်မြတ်မြတ်စိုး [၁၂/လမတ(နိုင်)၀၂၅၈၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာသည်မှာ–

၁။ ရန်ကုန်မြို့ ၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ (၁၅) လမ်းအရှေ့၊ အမှတ် (၂၅)၊ မျက်နှာ၀ ပေ(၂၁၄၄)၊ အလယ် ပေ (၁၈x၅၄)၊ အနောက်မျက်နှာ ပေ (၁၀x ၅၄)၊ အကျယ်အဝန်းရှိ ပထမထပ်ခေါင်းရင်းခန်းသည် ဒေါ်မြတ်မြတ်စိုး၏မိခင် ဒေါ်အေးအေးမြင့်သည် ၎င်း၏မိဘများထံမှ ရရှိပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။

၂။ မိခင် ဒေါ်အေးအေးမြင့်သည် ဦးမောင်မောင်နှင့် လက်ထပ်ခဲ့ပြီး သားသမီး (၃) ဦးမွေးဖွားခဲ့ပါသည်။ ၎င်းတို့မှာ (၁) ဒေါ်မြတ်မြတ်စိုး (၂) ဒေါ်မြတ်မြတ်စိုး (၃) ဦးရဲဝင်းထွန့်တို့ ဖြစ်ပါသည်။

၃။ ယခုအခါ မိခင်ဒေါ်အေးအေးမြင့်သည် (၁၆–၅–၂၀၂၂) ရက်နေ့တွင်လည်းကောင်း၊ ဖခင်ဖြစ်သူဦးမောင်မောင် သည် (၂၀၀၈) ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပြီဖြစ်၍ အထက်အပိုဒ် (၁)ပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ဒေါ်မြတ်မြတ်စိုးမှအမွေဆိုင်တစ်ဦးအဖြစ် အခွင့်အရေးအကျိုးခံစားခွင့်ရှိသူဖြစ်ပါသည်။

၄။ ထို့ကြောင့် ဒေါ်မြတ်မြတ်စိုး သဘောတူသိရှိခြင်းမရှိဘဲ မည်သည့်နည်းနှင့်မျှ စီမံခန့်ခွဲမှုပြုလုပ်ပိုင်ခွင့်မရှိကြောင်း၊ အမွေဆိုင်တိုက်ခန်းနှင့်ပတ်သက်၍ တစ်ပိုင်းတစ်စအရောင်းအဝယ်ကိစ္စ ဆောင်ရွက်ထားပြီးလျှင်လည်း ယင်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ပယ်ဖျောင်းနှင့် အရောင်းအဝယ်ကိုဆက်လက်ပြုလုပ်မည်ဆိုပါက ပြုလုပ်သူ၏တာဝန်သာဖြစ်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်မြတ်မြတ်စိုး
[၁၂/လမတ (နိုင်) ၀၂၅၈၆]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စောခြည်စိမ်ခိုမ်ခွေး
တရားလွတ်တော်ရှေ့နေ
(စဉ်–၁၀၉၁ဂ)
အမှတ် (၁၀/၁၂)၊ အခန်း (၁၀၄/I)၊ ပထမထပ်၊ ၃၅–လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(၂၀–၁၀–၂၀၂၂)နေ့စွဲပါ ကြေးမုံသတင်းစာ၌
(၁)ဒေါ်ခင်ခင်စု [၉/အမဇ(နိုင်)၀၄၀၃၁၂]၊
(၂)ဦးမျိုးညွှန့်[၁၂/လမတ(နိုင်)၀၁၆၉၄၈]၊
(၃)ဒေါ်ခင်ခင်စိုး [၁၂/လမတ(နိုင်)၀၂၀၇၁၀]၊
(၄)ဒေါ်သင်းသင်းမိုး [၁၂/လမတ(နိုင်)၀၂၀၇၁၁] တို့၏
အများသိစေရန်ကြော်ငြာခြင်းအပေါ်
ပြန်လည်ရှင်းလင်း ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၂၄)၊ ၆–လွှာ၊ ခေါင်းရင်းခန်းတွင်နေထိုင်သော ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမျိုးလှိုင်(ဘ) ဦးလှမြင့် [၁၂/ လမတ(နိုင်)၀၂၄၆၄၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည် –

လူကြီးမင်းတို့၏(၂၀–၁၀–၂၀၂၂)ကြေးမုံသတင်းစာ ကြော်ငြာတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၂၄)၊ ၆–လွှာ၊ ခေါင်းရင်းခန်း (အပေါ်ဆုံးထပ်)ဟုခေါ်တွင်သော တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိဘများဖြစ်သော ဦးလှမြင့်နှင့် ဒေါ်စန်းမြင့်တို့မှ ပိုင်ဆိုင်ခဲ့ပါသည်ဆိုခြင်းမှာမှန်ကန်မှုမရှိပါ။ အဆိုပါအခန်းမှာ အမွေပစ္စည်းမဟုတ်ပါ။ ကျွန်ုပ်၏ မိတ်ဆွေဦးမျိုးလှိုင်က တရားဝင်ပိုင်ဆိုင်နေထိုင်သော အခန်းဖြစ်ပါကြောင်း လူကြီးမင်းတို့နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးမျိုးလှိုင်
[၁၂/လမတ(နိုင်) ၀၂၄၆၄၆]

လွှဲအပ်ညွှန်ကြားချက်အရ
ဦးနန်းဦးလင်း
တရားလွတ်တော်ရှေ့နေ(စဉ်–၁၁၂၀၀/၂၀၁၆)
အမှတ်(၄၈/အေ)၊ ပထမထပ်(ဘီ)၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph:09– 43074071

မင်းကွန်းတိပိဋ္ဌက–နိကာယသာသနာပြုဥပဒ္ဒာကအဖွဲ့
လျှုဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋ္ဌကရေ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးလူးတော်ရှင် မင်းကွန်းတိပိဋ္ဌကခရေမဟာဂဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋ္ဌက-နိကာယကျောင်းတိုက်ကြီးများတွင် မဟာစရိယအောင်မြင်ပြီး တိပိဋ္ဌက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံယာတော်များ ပိဋ္ဌကတ်စာပေများကို ကျက်၊ အံ၊ ကြံ၊ ကြည့်၍ မမှတ်နွာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြီးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံယာတော်များအား အရှုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဒ္ဓ အချိန်ရည်များ ဆက်တပ်လျှုဒါန်း လျက်ရှိပါသည်။

၁။ ဆွမ်းပဒေသာပင်တစ်ပင်လျှင်	ကျပ်-၁၀၀၀၀/-	ပိတ်ရက်
၂။ ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင်	ကျပ်-၂၀၀၀၀/-	မရှိ
၃။ ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင်	ကျပ်-၅၀၀၀/-	လျှုဒါန်း
၄။ စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင်	ကျပ်-၅၀၀၀/-	နိုင်
၅။ ကျောင်းရှိသံယာအကုန် အရှုဏ်ဆွမ်း	ကျပ်-၃၅၀၀၀/-	ပါသည်
၆။ ကျောင်းရှိသံယာအကုန်နေ့ဆွမ်း	ကျပ်-၁၅၀၀၀၀/-	

လျှုဒါန်းပြီး အနဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ဆီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချ ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋ္ဌကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

မှတ်ချက်။ ။အရှုဏ်ဆွမ်းနှင့်နေ့ဆွမ်းနှုန်းထားကို(6.8.2020)မှစတင်၍ ပြောင်းလဲသတ်မှတ်ပါသည်။

ဆက်သွယ်လျှုဒါန်းနိုင်သောဌာနများ

၁။ တိ-နိ ရန်ကုန်၊ တိပိဋ္ဌကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
-မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
-KBZ BAHOSI BR Yangon. A/C No.061-301-06100094501 -ဦးသိန်းလှိုင်
-AGD Bank(MGTN), A/c 3240301000254013
-CB Bank A/C 0002600 1000 28851
AYA Bank A/C 40020682989
A – Bank A/C – 0014010200009553
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၄၀၄၉၂၅ ၂၂၂၂၇၇၊ ၂၂၂၂၇၉၊ ၀၉-၄၄၃၁၉၇၉၉၅
၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျူးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉၇၆၄၆၃၃၄၄
၃။ တိပိဋ္ဌက-နိကာယ မော်လမြိုင်ကျောင်းတိုက် ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ဗိုလ်ချုပ်လမ်းမ၊ရန်ကုန်။
ဖုန်း-၀၉-၄၄၃၁၉၇၉၅၊ ၀၉၇၉၅၁၉၅၁၉၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေး(၁)လမ်း၊ တိုက်အမှတ်(၁)၊ ဒုတိယထပ် (ခြေရင်းခန်း) တိုက်ခန်းကို တရားဝင် ဝယ်ယူ၍ လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စီဇင်သော်ဝင်း [၉/မထလ(နိုင်)၂၇၂၆၆၂]ထံမှ ဒေါ်ဖြူစင်[၆/ထဝန(နိုင်)၁၂၀၅၅၃၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ကြေးငွေမှ စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက် အထားမူရင်းများနှင့််ပတ်သက်၍ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဖြူစင်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်မာလာ(LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
(KHIN MAR LAR LAW FIRM)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၅၁ခ၁၂၀

တောတောင်ပျက်ပြုန်းမြေဆီသုဉ်း၏

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၅၁)လမ်း၊ တိုက်အမှတ်-(၁၀၁)၊ အခန်းအမှတ်(၃)၊ ပထမထပ်(၂) လွှာ၊ အကျယ်အဝန်း(၁၂ပေခွဲx၆၀ပေ) (၂)ထပ်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်ထားရှိသူ ဒေါ်လှလှထွေး(O/RGN-၀၀၁၉၈၉) [၁၂/မရက(နိုင်)၀၆၁၄၄၆]က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက် အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်မာနွယ်(LL.B, D.B.L) **ဒေါ်နန်းစုမြတ်နိုးထွန်း(LL.B)**
(စဉ်-၁၄၂၆) **(စဉ်-၁၇၅၉၀)**
တရားလွတ်တော်ရှေ့နေများ
Legal Chance Office: အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၅၇၇၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ကျောက်မြောင်းမြို့ပတ်လမ်း၊ တိုက်အမှတ်-(၁)၊ ဒုတိယထပ်(၃) လွှာ၊ (ခြေရင်းဘက်ခြမ်း)၊ အကျယ်အဝန်း(၁၆ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်ထားရှိသူ ဦးစန်းမြင့်[၁၂/ရကန(နိုင်)၀၂၀၇၈၃]၊ ဒေါ်ရတနာမြင့်[၁၂/ရကန(နိုင်)၀၀၃၅၄၅]တို့က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက် အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်မာနွယ်(LL.B, D.B.L) **ဒေါ်နန်းစုမြတ်နိုးထွန်း(LL.B)**
(စဉ်-၁၄၂၆) **(စဉ်-၁၇၅၉၀)**
တရားလွတ်တော်ရှေ့နေများ
Legal Chance Office: အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၅၇၇၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ မေတ္တာညွှန့်အိမ်ရာ၊ တိုက်အမှတ်[၁/A]၊ အခန်းအမှတ်(၂၀၁)၊ အကျယ်အဝန်း ပေ(၁၉x၄၅)ရှိ တိုက်ခန်းကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီရိစ[၁/မရက(နိုင်)၁၃၅၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မင်းသန်း [၁/၁၈မ(နိုင်)၀၁၅၅၅]နှင့် ဒေါ်သီရိစ်[၁/ရက(နိုင်)၁၃၅၅၅]တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်မင်းသန်းနှင့် ဒေါ်သန္တာစိုးသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ဖြိုးလတ် (LL.B) **ဦးမောင်အောင်(LL.M)**
တရားလွတ်တော်ရှေ့နေ(စဉ်-၁၂၀၀၅) **တရားလွတ်တော်ရှေ့နေ(စဉ်-၁၇၈၆၈)**
အမှတ်(၁၀၆)၊ ပထမထပ်၊ မြင်တောင်သာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၇၀၀၅၂၁၈၅၊ ၀၉-၄၅၃၃၀၇၁၅

"ဂရန်ပျောက်ဆုံးကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့၊ အမှတ်(၃) ရပ်ကွက်၊ အမှတ်(၅၀)နေ (၁၁) ဦးကော်ခိုက်ရှန်း၏သား ဦးကော်ကျင်းစွန်(ခ) ဦးအောင်စိုး[၁၃/လကန(နိုင်)၀၀၁၇၃၃]ကိုင်ဆောင်သူ အမည်ပေါက် ပိုင်ဆိုင်သည့် ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ဖုန်းလင်ချိန်နယ်မြေ၊ အကွက်အမှတ်(၆)၊ အမှတ်(၅၀)၊ မြေဧရိယာ(၀.၅၂၂)ဧကရှိ(၁၀)နှစ်ဂရန်မြေအများအစားမြေကွက်၏ ဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အဆိုပါဂရန်မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်ထံမှ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်း၊ ရောင်းချ၊ အမည်ပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ဆုမြတ်အောင် တရားလွတ်တော်ရှေ့နေ(စဉ်-၈၄၅၇)
LL.B, D.B.L, D.I.L, D.IP.L, D.IR, Dip in Global English, PGDCWE,
DL–DIP (101,102,302,317) Switzerland,
အမှတ်-၁၃၂၅၊ ရွှေပြည်သာ(၆)လမ်း၊ (၃)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၅၅၃၃

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မြင့် [၁၂/ဥကမ(နိုင်)၀၃၁စ၇၂]အမှတ်(၈၆)၊ မြရတနာ(၉)လမ်း၊ (ခ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးအောင်ကျော်မြင့်မှ ဒေါ်တင်တင်မော် [၁၂/ကခက(နိုင်)၀၅၅၅ဖ၆] တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်၍ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဦးကံညွှန့်၊ ဦးအောင်စိုးအမည်နှင့် မြေဌားဂရန်ရရှိထားသော အမှတ်(၁၁၉)၊ ကနောင်လမ်း၊ (၁)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ရှိ ပေ(၃၀) x ပေ(၅၀) မြေကွက်အနက်မှ (၁၅)ပေx ပေ(၅၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေအိမ်နှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ (၃၁-၁၀-၂၀၂၂)ရက် အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ဒေါ်မေမေလွင်ထံသို့ ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ကျော်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သူဇာလွင် (LL.B) တရားလွတ်တော်ရှေ့နေ(စဉ်-၁၂၉၆၄)
အမှတ်(၁၅၃)၊ မြရတနာ(ခ)လမ်း၊ (ခ) ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေမေလွင် [၁၀/ပမန(နိုင်)၀၀၅၉၆၉]အုတ်ဖိုကျေးရွာ၊ ကညင်ကောက်ကြီးကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်မေမေလွင်မှ ဦးထွန်းချို [၇/ပတန(နိုင်)၀၀၄ဖ၀၅] တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်၍ စီမံခန့်ခွဲပိုင်ခွင့်ရှိသော (၁) ဦးခင်မောင်လွင်(၂) ဦးမောင်မောင်လေး၊ (၃) ဦးကျော်ဝင်းထွန်း (၄) ဦးဘိုလတ် (၅) ဦးသန်းဝင်း(၆) ဦးစော်မိုင်းဦးအမည်နှင့် နှစ် (၆၀) မြေဌားဂရန် ရရှိထားသော ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ မြေကွက် အမှတ်-၁/၁၅ ၆၁/A၊ အမှတ် (၇၂၂/ဂ)ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၃) ထပ်တိုက်အဆောက်အဦး၏ မြေညီထပ်အခန်း (၁)ရှိ ဦးခင်မောင်လွင်ပိုင်ဆိုင်သော အကျယ်အဝန်း အလျား (၂၀ပေ)x အနဲ (၄၇)ပေ ပေါ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ (၁၂-၁၁-၂၀၂၂) ရက် အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ဒေါ်မေမေလွင်ထံသို့ ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မေမေလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သူဇာလွင် (LL.B) တရားလွတ်တော်ရှေ့နေ (စဉ်-၁၂၉၆၄)
အမှတ်(၁၅၃)၊ မြရတနာ(ခ)လမ်း၊ (ခ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/က)၊ ရေကူးလမ်း၊ မြေကွက်အမှတ်(၄၄၉)၊ မြေအမျိုးအစား-ပါမစ်မြေ၊ အကျယ်အဝန်း(၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၁၀x၆၀)ပေ (ထောင့်ကွက်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ဦးဖြင့်လှိုင်[၁၂/ကမတ(နိုင်)၀၁၃၄၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သင်းပမအောင်
LL.B, LL.M, D.B.L, WIPO(Switzerland)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၅၉၆၇)
The Light House (Legal Service & Consultancy Group)
အမှတ်(၉၂၀/ခ)၊ ပင်းယလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ Ph–09–880888317, 09–692214348

မဖြူစင်သော်အားအမွေပြတ်စွန့်လွှတ်ကြောင်း
အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ မြို့ပြကွက်သစ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေဘရာဇာလမ်း၊ ခြံအမှတ် (၁စ၃)နေ ဦးကျော်ကျော်ဦး [၁၂/သလန(နိုင်)၁၀၀၃၁၁]နှင့် ဒေါ်ခင်သန္တာ [၁၂/သလန(နိုင်)၁၀၃၁၂၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်ဦးနှင့် ဒေါ်ခင်သန္တာတို့၏ သမီးဖြစ်သူ ဖြူစင်သော်သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိဘများ ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူနေထိုင်ခြင်း၊ မိဘများခွင့်မလွှတ်နိုင်သော ကိစ္စရပ်များအား ပြုမူဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်း၏ပြုမူဆောင်ရွက်သည့် ကိစ္စအဝဝကို ဖခင် ဦးကျော်ကျော်ဦးနှင့် မိခင် ဒေါ်ခင်သန္တာတို့ အနေဖြင့် အသိအမှတ်မပြုကြောင်း၊ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ **လွှဲအပ်ညွှန်ကြားချက်အရ**
ဦးကျော်ကျော်ဦး၊ ဒေါ်ခင်သန္တာ **ဒေါ်ဝါဝါဝင်းစိန် (LL.B,D.I.L)**
(တရားလွတ်တော်တော်ရှေ့နေ– စဉ်-၈၂၆၃)
နတ်စင်တစ်ရာဘုရားရှေ့လမ်း၊ အောင်သုခမြေရိပ်သာအနီး၊
မြို့ပြကွက်သစ်ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့။
Ph–09–421021809,09–799421566

ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၂၁ခုနှစ်အတွက် **အမျိုးသားစာပေဆု**တွင် စိုးတင့်(ဇရာဝတီ)၏ ဖိုးထောင်ဇာတ်လမ်းစုံစာအုပ်ဖြင့် စာပဒေသာဆုရရှိသော တေဇ(၆)မှ သူငယ်ချင်း **စိုးတင့်**အား ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

တေဇ(၆)မှသူငယ်ချင်း
ရန်အောင်၊ မောင်မှုံ၊ မျိုးသိန်း၊ ဝဏ္ဏစိုးအောင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနုံ့သာစံပြကျေးရွာ(ဘားလားကျေးရွာသစ်)၊ ကွင်းအမှတ်-(၄၉၅)-အေ)၊ မြေကွက်အမှတ်-၅၄၂၊ (အလျားx အနံ)(၁၀၀x၁၂၀)ပေခန့်ရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မြေအမည်ပေါက်ဖြစ်သူ ဦးမြနိုင်ထမ်မှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဦးရွှေဝင်း[၁၂/ကမရ(နိုင်)၀၁ခဖ၃၃၃] (ဘ) ဦးခင်ရွှေထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှစိုးနိုင်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်ချို(LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၉ခ၁၃)
အမှတ်-၂၄၆၊ ၅-လမ်း၊ ၁/က ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၅၂၄၄၇

ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊ပုဇွန်တောင်မြို့နယ်၊(၃)ရပ်ကွက်၊အောက်ပုဇွန်တောင်လမ်းမကြီး၊တိုက်အမှတ်(၃၄၅)၊ အကျယ်အဝန်း (၃၀' × ၆၀')ခန့်ရှိမြေညီထပ်တိုက်ခန်းရေမီးစုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ PETER SALAI THU(ခ)ဦးလှအေး (၁၂/သယက(ဇည်)၀၀၁၀၇၉)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါကခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်ထံသိုဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့် အညီ ဆက်လက် အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)
LL.B, LL.M, D.B.L
တရားလွတ်တော်ရှေ့နေ
အမှတ်(G-1)၊အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၉-၅၁ခ၆၀၄၅၅၊

"ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစံလင်း[၁၂/အစန(နိုင်)၀၀၃ဖ၉၉]၊ ဦးမင်းမင်းလတ်[၁၂/အစန(နိုင်)၀၀၃၂၉၅]၊ ဦးမောင်မောင်ကျော်ဝင်း[၁၂/

သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ကထိန် သက်နိုးများ၀ယ်ယူလှူဒါန်းကြပါစို့။

၁ အမှတ်–၁၁၈၊ ရေတာရှည်လမ်းဟောင်း ဗဟန်းမြို့နယ်။ ဖုန်း–၀၉ ၅၁၅၀၁၆၄၄ ၀၉ ၄၃၀၁၉၇၇၈

၂ အမှတ်–၁၅၆ ၊ ရွှေဝုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ ဖုန်း–၀၉ ၄၂၀၈၀၁၉၆၀၊ ၀၉ ၇၇၉၉၇၁၁၄၉၄

၃ အမှတ်–၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ ဖုန်း– ၀၉ ၄၅၀ ၉၃၄၄၉

၄ အမှတ်–၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ ဖုန်း–၀၉ ၄၄၃၀၁၆၀၃ ၂ ၀၉ ၄၂၁၁၄၈၅၉၆

၅ အမှတ်–၁၂၅၊ သံရေးအရှေ့၊ လမ်းမတော်လမ်း၊ လမ်းတော်မြို့နယ်။ ဖုန်း–၀၉ ၅၁၅၄၁၆၄

၆ တိုက်–အေ၊ အခန်း(၁)၊ ပူးမားအိမ်ရာ၊ အင်းစိန်ရေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ ဖုန်း–၀၉ ၄၃၀၁၉၇၇၈

၇ အမှတ်–ဘီ ၁၆–ဘီ ၊ ဒဏ်ကုန်းလက်ကားရေးကြီး၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်၊ အင်းစိန်မြို့နယ်။ ဖုန်း–၀၉ ၄၅၅၄၄၉၆၈၄၁၁ ၀၉ ၄၅၅၄၄၉၆၈၄၁၂

၈ ရန်ကုန်–မန္တလေး ကားလမ်း၊ ဆင်ရတနာ–မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနားမြို့။ ဖုန်း–၀၆၇ ၈၀ ၂၂၅၉၇

၉ အမှတ်– ၂/၆၃၊ နေပြည်တော်လမ်းမကြီး၊ (ယခင်ပျဉ်းမနား–တောင်ညိုလမ်း)၊ ဆင်ရတနာအနီး၊ ယောက်သွားအင်းရပ်၊ နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇ ၈၀ ၂၄၇၇၇၃၊ ၀၉ ၂၅၀၀၉၅၂၂၃

နှယ်ကိုယ်စားလှယ်ယူလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။

သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ / လက်ကား ဝယ်ယူရရှိနိုင်ပါသည်။

အကြီးစားပွဲရုံ ၊ လူနေဆိုင်ခန်း ၊ လုံးချင်းအိမ်ရာအဆောက်အဦး များ တန်ဆောင်တိုင် အထူး ပရိုမိုးရှင်း (၁၅.၁၀.၂၀၂၂ မှ ၃၁.၁၂.၂၀၂၂)ထိ

စီးပွားရေး ငွေကြေး ရင်းနှီးမြှုပ်နှံလိုသူများ အမြန်ဆက်သွယ်ပါ။

အင်းစိန်မြို့နယ် ၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်ရှိ တည်ငင်းကုန်း ခေတ်မီ အဆင့်မြင့်လက်ကားရေးသစ်ကြီး၌ တည်ဆောက်လျက်ရှိသော ပေ ၄၀ × ပေ ၆၀ မြေပေါ်ရှိ နှစ်ခန်းတွဲ ၊ လေထပ်ခွဲတိုက်များနှင့် နှစ်ခန်းတွဲ ၊ သုံးထပ်ခွဲတိုက်များကို လုံးချင်းသော်လည်းကောင်း၊ တစ်ခြမ်းချင်းသော်လည်းကောင်း၊ တစ်ခန်းချင်းစီသော်လည်းကောင်း အထူးသက်သာသော ဈေးနှုန်းဖြင့် အမြန်ရောင်းချပေးနေပါပြီ။ (နာမည် အမည်ပေါက်ရမည်။)

ဆက်သွယ်ရန်ဖုန်း–၀၉ ၅၀၀၀၆ရ၃ ၊ ၀၉ ၅၀၁၅၆၄ရ ၊
၀၉ ၅၁၅၁၅ရ၆၊ ၀၉ ၄ ၂ ၈ ၆ ၂ ၄ ၃ ၃ ၆ ၃

မူလရောင်းဈေးထက် (၁၀)ရာခိုင်နှုန်းအထူးလျော့ဈေး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈၁)၊မြေကွက်အမှတ်(၆–က/၁ အေ–၂)၊ ဇရီယာ(၀.၁၅)ဧက၊မြေကွက်တည်နေရာအမှတ်(၅၃၁/ဘီ)မာလာဒမြိုင်ရိပ်သာလမ်း၊ (၈)ရပ်ကွက်၊ကမာရွတ်မြို့နယ်၊အမည်ပေါက်ဦးထက်ညီ(၁၂/ကမရ(နိုင်)၀၄၁၄၃၄)၊ မြေအရိုးအစား - မြေပိုင်မြေ(မစိုက်ယိုး)အားအမည်ပေါက်ထံမှသြဇာတြေးလျှင်ဦး၊ ကင်ဘာရာမြို့ရှိမြန်မာနိုင်ငံသံရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၁၇/၂၀၂၂ (၂၈–၂–၂၀၂၂)ဖြင့်ရရှိသူဒေါ်ဆုလာဘ်ထွန်း(၁၂/ကမရ(နိုင်)၀၆၀၀၁၆)မှ၂၀၁၁ခုနှစ် ထုတ်ယူထားသည့်ဘဏ်ချေးငြေပုံမှာအမည်ပေါက်–ဦးထက်ညီ၏လက်ဝယ်အသိမ်း လွှန်၍ပျောက်ဆုံးသွားပြီးယူနှိုက်တက်အမရာဇာဏ်လီမိတက်မှချေးငွေရယူထားမှုနှင့် ပတ်သက်၍ဦးထက်ညီမှာဇာဏ်သို့ပေးဆပ်ရမည့်ချေးငွေ(အတိုး)အရင်းများကို(၁၇–၅–၂၀၁၈)နေ့တွင်မြေကြေးကွာပေးဆပ်ပြီးဖြစ်ကြောင်းဌာနသို့မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ဘဏ်မှတားဖြစ်စာပေပို့ထားသည့်အပေါ်ပြန်လည်ပယ်ဖျက်ပေးရန်(၉–၆–၂၀၂၂) နေ့တွင်ဌာနသို့တင်ပြခဲ့ပြီးဖြစ်ကြောင်းနှင့်အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဒဂုံမြို့နယ်တရားရုံး၏၁၅–၆–၂၀၂၂ရက်စွဲပါကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်–၆/ ၁၈၃၂/၂၀၂၂၊ကိုယ်စားလှယ်လွှဲစာမရပ်သိမ်းကြောင်းတရားရုံး၊ကျမ်းကျိန်လွှာ–၃/ ၂၆၆၇/၂၀၂၂(၂၃–၃–၂၀၂၂)၊အမည်ပေါက်စာရွယ်၊နိုင်ငံသားစိစစ်ရေးကတ်ပြား တို့ကိုတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပိုက်ကူးလျှောက်ထားလာရာတရား ဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

